မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၁၇၂)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၂၁ ရက်၊ စနေနေ့။

အနုဝဋ္ဋကမ္မ မင်္ဂလာ

အပြစ်ကင်းသောအမှုကို ပြုလုပ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်သမ္မတဦးသိန်းစိန် Solar Impulse-2 မန္တလေးမြို့တွင်ဆင်းသက်မှု ကြည့်ရှု

နေပြည်တော် မတ် ၂၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွန်း၊ ဒေါက်တာသန်းအောင်၊ ဦးငွေအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr.Christoph Burgener၊ လေယာဉ်မှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ယာယီခန်းမတွင် လေယာဉ်မှူးများ၏ လေယာဉ်အား စွန့်ဦးတီထွင်နိုင်ခဲ့မှုများနှင့် သမိုင်းကြောင်း မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား လေယာဉ်မှူးများက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 လေယာဉ်မှူးများအား

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Solar Impulse-2 လေယာဉ်မှူးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

ပြည်သူ့ပခုံး ပြည်လက်ရုံး ဆောင်းပါး-စာမျက်နှာ » ၆

(၇)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် စတုတ္ထနေ့ဆွေးနွေး စာမျက်နှာ » ၇

အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့ (IPI) ၏ ညီလာခံနှင့် မြန်မာနိုင်ငံ စာမျက်နှာ » ၁၁

Solar Impulse -2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဆိုင်ရာ သတင်းစာရှင်းလင်း

မန္တလေး မတ် ၂၀

Solar Impulse -2 နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ဆိုင်ရာသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းရှိ ယာယီစခန်း၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ Solar Impulse -2 လေယာဉ်မှူးများ၊ သတင်းမီဒီယာများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Solar Impulse မန်နေဂျင်းဒါရိုက်တာ မစ္စတာဂရက် ဂိုရီဘလတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ်တိုဘာဂျန်နာတို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၅ ❄

မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စက်မှုဇုန်များတိုးတက်ရမည်

မြန်မာနိုင်ငံတစ်နံတစ်လျားတွင် အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ ပြည်တွင်းသုံးစွဲမှုဖြည့်ဆည်းပေးနိုင်ရန်လည်းကောင်း၊ ပြည်ပဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရန်သော်လည်းကောင်း ထူထောင်ထားရှိပါသည်။ နိုင်ငံတော်က အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

သို့သော်လည်း စက်မှုဇုန်များသည် ငွေကြေးအရင်းအနှီးအရသော်လည်းကောင်း၊ နည်းပညာလိုအပ်ချက်အရသော်လည်းကောင်း ထိရောက်စွာအကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ အဆိုးရွားဆုံးမှာ စက်မှုဇုန်မြေကွက်များရယူထားသော်လည်း လုပ်ငန်းများမစတင်နိုင်ခြင်းဖြစ်ပါသည်။ လုပ်ငန်းများ စတင်ဖော်ဆောင်ရန် နှေးကွေးနေခြင်းကြောင့် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးတွင် အဟန့်အတားများဖြစ်ပေါ်နေပါသည်။ စက်မှုဇုန်များ အရည်အသွေးမီပစ္စည်းများ အပြိုင်အဆိုင် ထုတ်လုပ်ကြခြင်းဖြင့် စီးပွားရေးတိုးတက်လာမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန် ၂၄ ခုတွင် မြေကွက်ဖော်ထုတ်ထားရှိမှုမှာ မြေကွက် ပေါင်း ၁၀၃၀၁ ကွက်ရှိပြီး စက်မှုလက်မှုလုပ်ငန်းရှင်များအား နေရာချထားပေးကြောင်း သိရပါသည်။ ယင်းမြေကွက်များအနက် စက်ရုံ၊ အလုပ်ရုံတည်ထောင်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည့် မြေကွက်ပေါင်း ၃၆၉၃ ကွက်၊ လုပ်ငန်းထူထောင်ဆဲနှင့် တည်ဆောက်ဆဲမြေကွက်ပေါင်း ၂၉၇၀ ကွက်နှင့် ဂိုဒေါင်သိုလှောင်ရုံအဖြစ် အသုံးပြုလျက်ရှိသည့် မြေကွက် ၁၂၈၉ ကွက်ခန့်ဖြစ်ပြီး လုပ်ငန်းစတင်နိုင်ခြင်းမရှိသော မြေကွက်လွတ် ၂၃၃၉ ကွက်ရှိကြောင်း သိရပါသည်။

ဤအချက်ကိုသုံးသပ်ကြည့်မည်ဆိုလျှင် စက်ရုံအလုပ်ရုံများ ထူထောင်ပြီး လုပ်ငန်းလည်ပတ်နိုင်ခြင်းမရှိသော မြေကွက်မှာ သုံးပုံနှစ်ပုံခန့်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ စက်မှုဇုန်များထူထောင်ရန် ထိရောက်သော အစီအမံများဖြင့် လုပ်ဆောင်သွားရန်လိုအပ်နေသည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် စီမံခန့်ခွဲမှု ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးအတွက် စတင်တည်ဆောက်အကောင်အထည်ဖော်ရမည့်ကာလကို သုံးလ သို့မဟုတ် လေးလသတ်မှတ်ပြီး သက်ဆိုင်ရာလုပ်ငန်းရှင်များကို ခေါ်ယူတွေ့ဆုံအသိပေးညှိနှိုင်း၍ လုပ်ငန်းအဆိုပြုချက်တင်ပြစေခြင်း၊ တည်ဆောက်မည့်လုပ်ငန်းပမာဏအပေါ်မူတည်၍ လုပ်ငန်းရှင်၏အဆိုပြုချက်နှင့် စီမံကိန်းကာလကို စီမံခန့်ခွဲမှုကော်မတီမှ စိစစ်အတည်ပြု၍ စဉ်ဆက်မပြတ်လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုရှိ၊ မရှိ ကြီးကြပ်စိစစ်ခြင်း၊ အဆိုပြုစီမံကိန်းများကို တင်ပြပါစီမံကိန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိပါက မြေကွက်လပ်များကို သတ်မှတ်ရက်လွန်ကြေး၊ ဒဏ်ကြေးများ ပေးသွင်းစေခြင်းမှစ၍ မြေကွက်ကို ပြန်လည်အပ်နှံစေခြင်းအထိ အဆင့်ဆင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ရရှိထားသောအခွင့်အလမ်းများ မဆုံးရအောင် လုပ်ငန်းများ စတင်ရမည်ဖြစ်သကဲ့သို့ စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ တိုးတက်အောင် အပြိုင်အဆိုင်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

ပထမပြန်စာအောင် ဆုနှင်းသဘင်အခမ်းအနားကျင်းပ

ပဲခူး မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီးတွင် မတ် ၁၉ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် ပထမပြန်စာအောင် ဆုနှင်းသဘင်အခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပဲခူးမြို့ မစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာအမှူးပြုသည့် ပဲခူးမြို့ပေါ်ရှိ စာသင်တိုက် ၂၂ တိုက်မှ ဆရာတော်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၁၄ ခုနှစ် ပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့သော သံဃာတော်များအား စာအောင်ဆုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ပဲခူးမြို့ပေါ်ရှိ စာသင်တိုက် ၂၂ တိုက်မှ ပထမကြီးတန်းမှ သံဃာ ၂၄ ပါး၊ ပထမလတ်တန်းမှ သံဃာ ၃၆ ပါး၊ ပထမငယ်တန်းမှ သံဃာ ၈၃ ပါးတို့ အောင်မြင်ခဲ့ကြကြောင်းသိရှိရသည်။ **သန့်စင်(ပဲခူး)**

ထင်သာမြင်သာပြုပြင်စရာ

ဒေါနတောင်ကျော်လမ်းအမြန်ဆုံးပြုပြင်ပေးစေလို

နေပြည်တော် မတ် ၂၀

ကရင်ပြည်နယ် မြဝတီမြို့သည် မြန်မာနိုင်ငံ၏ ထွက်ကုန်၊ သွင်းကုန်များ စီးဆင်းရာ မြို့တစ်မြို့ဖြစ်သည်။

မြဝတီမြို့မှကော့ကရိတ်-ဘားအံမြို့သို့လည်းကောင်း၊ ဘားအံမြို့မှ ကော့ကရိတ်-မြဝတီသို့လည်းကောင်း လိုင်းကားလေးများ၊ ကားကြီးများ၊ အိမ်စီးကားလေးများနှင့် ကုန်တင်ကားကြီးများသည် မြဝတီနှင့် ကော့ကရိတ်ကို ပိုင်းခြားထားသော ဒေါနတောင်တန်းကြီးပေါ်မှ တောင်ကျော်ကားလမ်းကို အဓိကအားထားကြရသည်။ အဆိုပါ တောင်ကျော်ကားလမ်းသည် အတက်တစ်ရက်၊ အဆင်းတစ်ရက် သတ်မှတ်ထားကြောင်း သိရသည်။

"အတက်အဆင်း တစ်ရက်စီ သတ်မှတ်ထားပေမယ့် တချို့က စည်းကမ်းမရှိကြဘူး။ တက်ချင်သလိုတက်၊ ဆင်းချင်သလိုဆင်းနေကြတော့ တောင်ပေါ်မှာ မျက်နှာချင်းဆိုင်ပြီး ရှောင်ရရှားရနဲ့ မလွယ်ဘူး။ ကားလမ်းတွေပိတ်ကုန်ပါတယ်" ဟု ခရီးသွားတစ်ဦးကပြောပြသည်။

"တောင်ပေါ်မှာ ကားလမ်းတွေက ပျက်နေပြီ။ ချိုင့်တွေကများပြီး လမ်းတွေကဆိုးလိုက်တာ။ ကားလမ်းပိတ်တာနဲ့ မြေပြန့်မှာလို တခြားလမ်းက ရှောင်မောင်းလို့ မရတော့ဘူး။ ရပ်ထားရတာ ကားပေါ်ပါတဲ့ ကလေးတွေရဲ့ ငိုသံ၊ ရယ်သံ၊ ခရီးသွားတွေရဲ့ ညည်းတွားသံ၊ ရေမရှိ၊ စားစရာမရှိနဲ့ ကြုံဖူးမှသိရတာ၊ ခုနေ ဒီလမ်းကို ပြုပြင်ပေးမယ့် အလှူရှင်တွေရှိရင် ကောင်းမယ်ဗျာ" ဟု ခရီးသွားသူများကိုယ်စား ကားမောင်းသူ တစ်ဦးကဆိုသည်။

မြဝတီခရိုင် အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ကော့ကရိတ်နှင့် ဘားအံမှ တာဝန်ရှိသူများသည် မိမိတို့၏မြို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့နေ့ညည ကြိုးပမ်း ဆောင်ရွက်နေသည်ကို ဒေသခံပြည်သူများက သိရှိသော်လည်း ထင်သာမြင်သာ ပြုပြင်စရာအဖြစ် ဒေါနတောင်တန်းပေါ်က ကားလမ်းကို ညအခါပြုပြင်၍ နေ့အခါ ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် မိုးမကျမီ ကောင်းမွန်နိုင်ရေး ပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။

မောင်မောင်သန်း(ကော့မှူး)



ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၃-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၆၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၂၇၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၆၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၆
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၇၂-၁၀၇၅
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၈၀၀၀-၁၈၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၈၀၀၀-၃၃၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၃၇
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၃၇၅
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၁၅၀-၁၅၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၈၀-၁၅၁၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀-၆၈၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၉၀၀-၃၀၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၀၀၀-၆၂၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

ရေအရင်းအမြစ်များအား မျှတစွာသုံးစွဲရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရန် အားလုံးပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၂၀

၂၀၁၅ ခုနှစ် ကမ္ဘာ့ရေနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသား ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း ၂၀၁၅ ခုနှစ် ကမ္ဘာ့ရေနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဦးစွာ ဒုတိယသမ္မတက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် လူသားများသည် ဘေးကင်းသော သောက်သုံးရေ၊ ကောင်းမွန်သော မိလ္လာသန့်ရှင်းမှု စနစ်များနှင့် အလှမ်းဝေးကွာဆဲဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ရေစီမံခန့်ခွဲမှုဆိုင်ရာ လူထုအသိ မြှင့်တင်နိုင်ရေးရှေးရှုကာ ကမ္ဘာ့ကုလသမဂ္ဂမှ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ရေနေ့အခမ်းအနားများအား ကျင်းပခဲ့ကြပါကြောင်း၊ တိုးတက်လျက်ရှိသော လူဦးရေအတွက် ရရှိနိုင်သည့် ရေအရင်းအမြစ်များအား တန်ဖိုးထားမြတ်နိုးစေရန်၊ ရေနှင့်ပတ်သက်သော ဘေးဒုက္ခ ခံစားနေရသူများအား ကုစားမှုများပေးနိုင်ရန်၊ ပြိုင်ဆိုင်မှုဖြစ်စေပြီး ရေရှည်တည်တံ့ခိုင်မြဲမှုအား ထိပါးစေမည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ အနာဂတ်စိန်ခေါ်မှုများအတွက် ပြင်ဆင်ရန် သတိပေးနေသည့်နေ့လည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ကြွယ်ဝသော်လည်း ရေနှင့်ပတ်သက်သော စိန်ခေါ်မှုများရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ မိုးရွာသွန်းမှု ပျံ့ပျံ့နှံ့နှံ့မရှိခြင်းနှင့် မြစ်ဝှမ်းဒေသများ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် ရေကြီးသည့်ဒေသများရှိသလို မိုးခေါင်သည့် ဒေသများလည်းရှိနေပါကြောင်း၊ မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေးမြို့များတွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကြောင့် ကြီးမားသည့်ပြဿနာများ တွေ့ကြုံနေရပြီး လုံခြုံဘေးကင်းသော သောက်သုံးရေဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်နေပါကြောင်း၊ မိမိတို့နိုင်ငံ ရေသုံးစွဲမှု၏ ၉၀ ရာခိုင်နှုန်းဖြစ်သော ဆည်မြောင်း ရေသွင်းစိုက်ပျိုးမှုအား ထိရောက်အကျိုးရှိစွာ အသုံးပြုခြင်းသည် ကျေးလက်ဒေသတွင် နေထိုင်သည့် နိုင်ငံ့လူဦးရေအများစု၏ အသက်မွေးဝမ်းကျောင်းအတွက် အရေးပါလျက် ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၇၅ ရာခိုင်နှုန်းသည်လည်း ရေအရင်းအမြစ်များမှ ထုတ်ယူသုံးစွဲနေခြင်းဖြစ်ရာ ရေဝေရေလဲဒေသများ ထိန်းသိမ်းမှုအပါအဝင် ရေအရင်းအမြစ်များ ထိန်းသိမ်းရန်အတွက် အကန့်အသတ်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ စင်စစ်အားဖြင့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုအတွက် ကွဲပြားခြားနားသည့်စိန်ခေါ်မှုများအား ရင်ဆိုင်တွေ့ကြုံ ခံစားနေရသည့် မိမိတို့အတွက် ရေဆိုင်ရာ အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် နေ့တိုင်းသည် **“ရေနေ့များ”** ဖြစ်နေပါကြောင်း။

မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များ ထိန်းသိမ်းရန်နှင့် စနစ်တကျ စီမံခန့်ခွဲရန်အတွက် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအား ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ပထမဆုံး အမျိုးသားအဆင့် ရေမူဝါဒအား ထုတ်ပြန်နိုင်ခဲ့ပြီး ရေမူဝါဒ၏ မျှော်မှန်းချက်အမြင်မှာ **“မြန်မာနိုင်ငံသည် လာမည့်(၁၀)နှစ်အတွင်း ကောင်းစွာဖွံ့ဖြိုးတိုးတက်သည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုအား အပြည့်အဝ ဆောင်ရွက်ခြင်းဖြင့် ရေကိုထိရောက်စွာ အသုံးချနိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ရေး”** ပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် နိုင်ငံသို့ ပြောကြားခဲ့သည့် မိန့်ခွန်း၌ လုံခြုံဘေးကင်းသည့် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် လုံလောက်သော စိုက်ပျိုးရေရရှိရေးအား နိုင်ငံတော်က အဓိကဆောင်ရွက်ရမည့် နယ်ပယ်(၇)ခုအနက် တစ်ခုအဖြစ် ဖော်ပြခဲ့ပါကြောင်း၊ အဆိုပါရည်မှန်းချက် အောင်မြင်ရေးအတွက် မိမိတို့အနေဖြင့် အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး နိုင်ငံအနှံ့အပြားရှိ ထိခိုက်နစ်နာလွယ်သော လူအများထံသို့ သွားရောက်ကာ လိုအပ်ချက်များအား ကူညီဖြေရှင်းပေးခဲ့ပါကြောင်း၊ အထူးလုပ်ငန်းအဖွဲ့များ အနေဖြင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများအား တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ရေနှင့်ပတ်သက်သည့် ပြဿနာများအား အစိုးရအဖွဲ့ကိုယ်စား ပူးပေါင်းဖြေရှင်းပေးခဲ့ပါကြောင်း၊ လူထုအားဝန်ဆောင်မှုပေးရာတွင် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် ဆောင်ရွက်ပြီး ရေအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် နှစ်လိုဖွယ်ချဉ်းကပ်မှုဖြစ်ခဲ့ပါကြောင်း။

လူထုလိုအပ်ချက်များအား ဖြည့်ဆည်းပေးရာတွင် အဓိက ဆောင်ရွက်ပေးရမည့် ကိစ္စရပ်ကြီး(၃)ခု အထင်အရှား တွေ့ရှိရပါကြောင်း၊ ပထမကိစ္စရပ်အနေဖြင့် လက်ရှိဆည်မြောင်းစနစ်များအား တိုးချဲ့ရန်နှင့် အဆင့်မြှင့်တင်ရန်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိ လယ်သမားများအတွက် အဓိက ဖိအားပေးနေသော စိန်ခေါ်မှုပင်ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ထိရောက်သော ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု ဆောင်ရွက်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်မြဲမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပါကြောင်း။

ဒုတိယကိစ္စရပ်အနေဖြင့် မြစ်ဝှမ်းဒေသ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းဖြစ်ပြီး ပါဝင်ပတ်သက်သူအားလုံးလက်ခံနိုင်သော မူဝါဒများနှင့် နည်းဗျူဟာများ ချမှတ်ရန် ဖြစ်ပါကြောင်း၊ မကြာသေးမီ နှစ်များအတွင်း နိုင်ငံအနှံ့အပြားတွင် ရေကြီးမှုများ ရင်ဆိုင်ခဲ့ရပြီး မြန်မာနိုင်ငံ မြစ်ဝှမ်းဒေသများ၏ ဇလဗေဒ ကြံ့ကြံ့ခံနိုင်မှု ပျက်စီးယိုယွင်းစေမှုများအား ရပ်တန့်ပစ်ရန်နှင့် မြစ်ညာနှင့် မြစ်ကြေရှိ ရေသုံးစွဲသူများအကြား ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် မျှော်မှန်းပါကြောင်း၊ မြစ်ကြောင်းအတွင်း ရေကြောင်းပြောင်းလဲသွားမှုများအား ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများအကြား ပူးပေါင်းညှိနှိုင်း ဖြေရှင်းသွားရမည်ဖြစ်ပါကြောင်း၊ မြစ်တစ်စင်း၏ ဂေဟစနစ် သက်ဝင်လုပ်ဆောင်ပုံအား လူထုအသိအမြင် နည်းပါးနေဆဲဖြစ်၍ ရေစီမံခန့်ခွဲမှုတွင် လူထုပါဝင်ပူးပေါင်းမှုအတွက် ပညာပေးမှုအစီအစဉ်များ လိုအပ်ပါကြောင်း၊ ရေသွင်းစိုက်ပျိုးမှု၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ စက်မှုလုပ်ငန်းနှင့် အိမ်သုံးရေ အသုံးချမှုတို့အကြားတွင် ယှဉ်ပြိုင်မှုများနှင့် ပဋိပက္ခမှုများသည် အလျင်အမြန် ကြီးထွားလာသော ပြဿနာများဖြစ်ပြီး ကဏ္ဍများအကြား ပေါင်းစပ်ညှိနှိုင်းစီမံသွားရန် လိုအပ်ပါကြောင်း။

တတိယကိစ္စရပ်အနေဖြင့် မြို့ပြအခြေခံအဆောက်အအုံများဖြစ်သော ရေပေးဝေမှုစနစ်၊ မိလ္လာစနစ်၊ ရေနုတ်မြောင်းစနစ်နှင့် မြို့တွင်းစွန့်ပစ်ရေ စီမံခန့်ခွဲမှုများအား တိုးတက်ကောင်းမွန်စေရန် အရေးတကြီးလိုအပ်လျက်ရှိပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ လူနေထူထပ်သောဧရိယာများတွင် ကျေးလက်ဒေသမှ ရွှေ့ပြောင်းအခြေချသူ များပြားလာမှုကြောင့် လက်ရှိအခြေအနေ၌ပင် လက်ခံနိုင်သော အဆင့်အတန်းထက် နိမ့်ကျလျက်ရှိသည့် မြို့ပြဒေသ ရေဆိုင်ရာဝန်ဆောင်မှုများအား ထိခိုက်လာစေပါကြောင်း၊ နိုင်ငံရှိ မြို့နေလူဦးရေအများစုသည် သန့်ရှင်းသော သောက်သုံးရေကို လုံလောက်စွာရရှိခြင်း မရှိပါကြောင်း။

အဆိုပါ ရေနှင့်ဆက်နွှယ်သည့် စိန်ခေါ်မှုများအား တုံ့ပြန်ဖြေရှင်းပြီး ဝန်ကြီးဌာနအသီးသီးက ပြည်သူလူထု၏ နေ့စဉ်ဘဝများအတွက် ထူးခြားကောင်းမွန်သည့် ဝန်ဆောင်မှုများအားပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံများမှ တစ်ဆင့် အနာဂတ်အတွက် အဖြေကောင်းကို ရှာဖွေလျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် အမျိုးသားအဆင့် ရေမူဝါဒကို လက်တွေ့အကောင်အထည်ဖော်သွားရမည်ဖြစ်ပါကြောင်း၊ ရေသုံးစွဲသူများအကြား မျှတသော ရေရရှိမှု သေချာစေရန်၊ လူဦးရေအများစုအား အကျိုးဖြစ်ထွန်းစေရန်နှင့် ရေရှည်တည်တံ့စေရေးအတွက် ရေအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဆိုသည့်အချက်အား လက်တွေ့အကောင်အထည်ဖော်ရာတွင် ဥပဒေကြောင်းအရ ထိန်းကြောင်းသွားနိုင်ရန်အတွက် လိုအပ်သည့် ရေဥပဒေကိုလည်း အများပါဝင်ချဉ်းကပ်မှုဖြင့် ရေးဆွဲလျက်ရှိပါကြောင်း။

ရေအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် ရေရှည်စီမံကိန်းများ ဆောင်ရွက်ရာတွင် အားလုံး ပါဝင်ဆောင်ရွက်နိုင်ပြီး လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင်ဖန်တီးရန် လိုအပ်ပါကြောင်း၊ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုအား တစ်ရက်တည်း (သို့မဟုတ်) တစ်ပွဲတိုး ချဉ်းကပ်မှုနှင့် အောင်မြင်အောင် မဆောင်ရွက်နိုင်ကြောင်းကို သတိပြုရမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းပါဝင်မှု လုပ်ငန်းစဉ်ဖြင့်သာ တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ ဘက်စုံ ရေအရင်းအမြစ်မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရန် ဖွဲ့စည်းမှုဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုသည် အခရာကျပါကြောင်း၊ အဖွဲ့အစည်းများပြီး အခွင့်အာဏာနှင့် စွမ်းဆောင်ရည် မပြည့်ဝခြင်းသည် ချက်ချင်းလက်ငင်း ဖြေရှင်းရမည့် အမွေဆိုးများဖြစ်ပါကြောင်း၊ အထူးလုပ်ငန်းအဖွဲ့များ၏ အတွေ့အကြုံများအား အခြေခံကာ ရေဆိုင်ရာ မူဝါဒ လက်သုံးကိရိယာများ စီမံခန့်ခွဲနိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းထားသော အဖွဲ့အစည်းတစ်ရပ် ထူထောင်ပေးရမည်ဖြစ်ပါကြောင်း။

ရေသည် မိမိတို့အားလုံးအား အတူတကွစုစည်းပေးသည့် ကုန်စည်တစ်ခုဖြစ်ပါကြောင်း၊ ဘာသာစကားများ ကွဲပြားစေကာမူ ရေသည် ကျွန်တော်တို့အားလုံးအတွက် တစ်သံတည်းထွက်ပါကြောင်း၊ ရေမရှိပါက အသက်ရှင်သန်မှုလည်း မရှိနိုင်ပါကြောင်း၊ ရေသည် မိမိတို့အားလုံး၏ မြို့ရွာများ၊ နိုင်ငံသားများနှင့် နိုင်ငံများ၏ လူမှုစီးပွားနယ်ပယ်အားလုံးတွင် မရှိမဖြစ်ဆက်ကြောင်းဖြစ်သည့်အတွက် ရေအရင်းအမြစ်များအား မျှတစွာသုံးစွဲရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရန် မိမိတို့အားလုံး ပူးပေါင်းပြီး အတူတကွ အလုပ်လုပ်ကြရန် လိုအပ်ပါကြောင်း၊ ကောင်းမွန်သော ရေအနာဂတ်အတွက် လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များအားလုံးအနေဖြင့် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်း ဖိတ်ခေါ်လိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်အဖွဲ့ ရေအထူးပြု အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဂရက်ဂ်ဘရောဒါက “Dynamics of River Basin Management” ခေါင်းစဉ်ဖြင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း၊ ပရော်ဖက်ဆာ ဒေါက်တာ တော်ကီဂွန်နဲ့ရ် ကလော်စန်က “Linking Myanmar and the post-2015 Development Agenda-a New Era for Water resources development and management” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန် သံအမတ်ကြီး မစ္စတာ ဂျိုအန်ဘိုအားက “ From Vision to Action and From Action to Vision” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက “ Process of Myanmar Water Sector Reform and Progresses” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နယ်သာလန်နိုင်ငံ သံအမတ်ကြီးက ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်ထံသို့ “Myanmar IWRM strategic study Report” အား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားရှိသည့် ပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင် အစီအစဉ်များအတိုင်း ဆွေးနွေးခြင်း၊ သရုပ်ပြတင်ဆက်ခြင်းနှင့် မေးခွန်းနှင့်ဖြေကြားခြင်းဆိုင်ရာများကို ကဏ္ဍအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအဖွဲ့အစည်း (JITI) မှ အမေရိကန်ဒေါ်လာ ၂၅၀၄၀၀ တန်ဖိုးရှိတဲ့ အင်ဂျင်သစ်နဲ့ ဆက်စပ်ပစ္စည်းတွေ ပံ့ပိုးပေးမှု၊ ချွတ်ယွင်းနေတဲ့ စက်ပစ္စည်းတွေကို မွမ်းမံပြင်ဆင်ပေးမှု၊ စက်မှုပိုင်းဆိုင်ရာ ပြင်ဆင်မွမ်းမံပြင်ဆင်ခြင်း၊ တပ်ဆင်ခြင်းအပြင် နည်းပညာ အကူအညီပေးမှုတွေကြောင့် RBE-2543 ကို ခရီးသည်ပို့ဆောင်ရေးအတွက် အခုလိုပြန်လည်ပြေးဆွဲ အသုံးပြုနိုင်တာဖြစ်ပါတယ်” ဟု ဖွင့်ပွဲ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြောသည်။

JITI မှ အဆင့်မြှင့်တင် ပြုပြင်မွမ်းမံထားသော RBE-2543 ရထားသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများအတွက် လှော်ကား-ကွန်ပျူတာတက္ကသိုလ်-အင်းစိန်လမ်းပိုင်းတွင် အားဖြည့်ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ထိရောက်အကျိုးပြုစွာ ပြေးဆွဲပေးနိုင်မည့် RBE-2543 ရထားစတင်ပြေးဆွဲခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. Tateshi Higuchi , JITI ဥက္ကဋ္ဌ Mr. Makoto Washizu နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအဖွဲ့အစည်း(JITI) ဥက္ကဋ္ဌ Mr. Makoto Washizu မှ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းထံသို့ RBE-2543 နှင့်ပတ်သက်သည့် လျှုဒါန်းမည့်ပစ္စည်းစာရင်းများအား လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ JITI ဥက္ကဋ္ဌနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းတို့က RBE- 2543 ရထားစတင်ပြေးဆွဲမှုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဂျပန်နိုင်ငံ JITI အနေဖြင့် မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဂျပန်ယန်းငွေ ၅၃၂၇၀၀၀ တန်ဖိုးရှိသည့် ဂျပန်နိုင်ငံရထားလုပ်ငန်း၏ လက်သုံးသံလမ်းထိန်းသိမ်းပြုပြင်မှုလုပ်ငန်းသုံး ပစ္စည်းကိရိယာလေးမျိုး၊ အရေအတွက် ၃၁ ခုတို့အား ပထမအကြိမ် လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး ၂၀၁၄ ခုနှစ် မေ ၅ ရက်တွင် မြန်မာ့မီးရထားမှ လက်တွေ့အသုံးပြုနိုင်သည့် ဂျပန်ယန်းငွေ ရှစ်သန်းတန်ဖိုးရှိသည့် အလိုအလျောက် ရထားအချိန်စာရင်း ရေးဆွဲနိုင်သော Software ၁၃ ခု၊ ကွန်ပျူတာနှစ်စုံ၊ Cannon အမျိုးအစား Laser Printer နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းခဲ့သည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးကအတွက် တရားဝင် ဖွံ့ဖြိုးရေးအကူအညီများအဖြစ် ချေးငွေများ၊ နည်းပညာများ လွှဲပြောင်းပေးလျက်ရှိပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအဖွဲ့အစည်း JITI ကလည်း ရထားပို့ဆောင်ရေးကဏ္ဍအတွက် အကူအညီများပေးလျက်ရှိသည်။ **(မြန်မာ့အလင်း)**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အစိုးရအနေဖြင့် တိုးမြှင့်ပေးနိုင်သည့်လစာနှုန်းကိုသာ ဘတ်ဂျက်တွင် လျာထားတွက်ချက်တင်ပြထားခြင်းဖြစ်

နေပြည်တော် မတ် ၂၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း တင်သွင်းသည့် **''၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဥပဒေပြုရေးနှင့် အခွန်အခများ ကောက်ခံရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်စေခြင်းဖြင့် အာဏာခွဲဝေခြင်း(Power Sharing)၊ သယံဇာတခွဲဝေခြင်း (Resource Sharing)၊ အခွန်အခခွဲဝေခြင်း (Tax Sharing) တို့ ပီပီပြင်ပြင်ပေါ်ပေါက်လာစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးရှိ ဥပဒေ၊ နည်းဥပဒေများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ လက်တွေ့အသုံးချဆောင်ရွက်နိုင်ရေး လိုအပ်သည့် ဥပဒေနှင့်နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း''** အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုရှင်က အဆိုတင်သွင်းရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကပေးအပ်ထားသည့် အခွင့်အရေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များက ထိထိရောက်ရောက် အသုံးချပြီး မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည် ဖြစ်သော်လည်း ယခုလေးနှစ်တာ ကာလကျော်လွန်လာသည်အထိ အပြည့်အဝအသုံးချဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရ မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို အာဏာခွဲဝေခြင်း၊ သယံဇာတခွဲဝေခြင်း၊ အခွန်အခခွဲဝေခြင်းတို့အား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ လုပ်ပိုင်ခွင့်ကို ခွဲဝေပေးမည်ဆိုပါက ယခုထက် ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ အကျိုးပိုမိုခံစားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအနေဖြင့် အခြေခံဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ရရှိအသုံးချနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ရှုထောင့်မျိုးစုံမှ ဆွေးနွေးကြပြီး လွှတ်တော်နာယကပြောကြားရာတွင် ယခုအဆိုကို ကြိုဆိုပါကြောင်း၊ ထောက်ခံပါကြောင်း၊ အဆိုအတိုင်း ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ကြမည်ဆိုလျှင် ယနေ့ မိမိတို့လိုချင်နေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ ပြည်ထောင်စုလွှတ်တော်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရန် စဉ်းစားသည့်နေရာတွင် ယခုတင်သွင်းသည့် အဆိုကိုအလေးထားဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဆိုနှင့်ပတ်သက်၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁)(၂)(၃)(၅)ပါ ပြဋ္ဌာန်းချက်များအပြင် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုရေးဆွဲပြီး နိုင်ငံတော်၏ မူဝါဒကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့တိုင်းဒေသကြီးနှင့် ပြည်နယ်များဘက်မှ တောင်းဆိုသည့် (Power Sharing, Resource Sharing, Tax Sharing)တို့နှင့် ပတ်သက်၍ အကြံပြုညှိနှိုင်းတောင်းဆိုတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဥပဒေဟောင်းများကို ဖျက်သိမ်းပြီး အသစ်ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်ရန် (သို့မဟုတ်) မရှိသေးသည့်ဥပဒေဖြစ်ပါက ဥပဒေအသစ်ရေးဆွဲ၍ ထည့်သွင်းပေးရန်၊ ရှိပြီးသားဥပဒေတွင် ဖြည့်စွက်ချက် Amendment ဖြင့် ထည့်ရန်၊ နည်းဥပဒေရေးဆွဲရာတွင် ထည့်သွင်းသွားရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများကသာ ဆက်လက်တာဝန်ယူရန် ဖြစ်ပါက ပြည်ထောင်စုမှသာ ဆက်လက်ဆောင်ရွက်ရန် ဖြစ်ကြောင်းဖော်ပြရန်မှုအားဖြင့် ညှိနှိုင်းဆုံးဖြတ်ထားရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁)နှင့် (၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်များသို့ ကဏ္ဍအလိုက် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ် ဇယား (၁)နှင့် (၂) လေ့လာသုံးသပ်ရေးကော်မတီကို စနစ်တကျတာဝန်ပေးအပ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်ဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအကြား Power Sharing, Resource Sharing, Tax Sharing ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များခွဲဝေအပ်နှင်းရေးနှင့် ပတ်သက်၍ တည်ဆဲဥပဒေများတွင် ပြင်ဆင်ချက်များ ထည့်သွင်း၍ ဆောင်ရွက်ခြင်း၊ ဥပဒေမရှိသေးပါကလည်း အသစ်ပြဋ္ဌာန်းရေးဆွဲဆောင်ရွက်ခြင်း၊ နည်းဥပဒေများတွင် ရေးဆွဲထည့်သွင်းခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်ကို ကော်မတီအနေဖြင့် ဆက်လက်ကြီးကြပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းတင်သွင်းသည့် **''ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းထားသည့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းအတည်ပြုနိုင်ရန် တိုးမြှင့်ပြင်ဆင်ပေးမည့် လစာနှုန်းထားများ လျာထားချက် စာရင်းကို ၂၃-၃-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပေးပို့နိုင်ရေး ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း''** အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုရှင်က အဆိုတင်သွင်းရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးရေးကို ပြည်ထောင်စုအစိုးရအဖွဲ့က လျာထားရေးဆွဲထားပြီးဖြစ်သည်ဟု သိရှိရပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ရာထူးအဆင့်အလိုက် လစာနှုန်းထားများ တိုးမြှင့်ပေးမည့် လျာထားချက်စာရင်းကို သိရှိမှသာ ဥပဒေကြမ်း ပူးပေါင်းကော်မတီအနေဖြင့် လွှတ်တော်သို့ အဆိုပြုတင်ပြနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဝန်ထမ်းအင်အား လစာစရိတ်များနှင့်ပတ်သက်၍ တင်ပြရမည်ဆိုပါက ကာကွယ်ရေးအပါအဝင် မြို့ပြဝန်ထမ်းဦးရေသည် (၁)သန်း (၄)သိန်းခန့်ရှိပါကြောင်း၊ ပြည်ထောင်စု၏တစ်နှစ်စာ လစာကုန်ကျစရိတ်ကို တွက်မည်ဆိုပါက (၂ ဒသမ ၁)ထရီလီယံခန့်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအပါအဝင် နိုင်ငံတော်တစ်ခုလုံးအနေဖြင့်ဆိုပါက စုစုပေါင်းလစာစရိတ်သည် (၂ ဒသမ ၃) ထရီလီယံကျော်ဖြစ်ပါကြောင်း၊ တစ်လကုန်ကျစရိတ်ဖြင့်တွက်ပါက ဝန်ထမ်းများအတွက် နိုင်ငံတော်မှကျခံနေရသည့် အသုံးစရိတ်သည် (၂၀၀)ဘီလီယံကျော်ခန့်ရှိသည်ကို တင်ပြလိုပါကြောင်း၊ ပင်စင်စားအင်အားအနေဖြင့် ကြည့်မည်ဆိုပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်စာရင်းအရကြည့်လျှင် ရှစ်သိန်းကျော်ရှိသည့်အတွက် ပင်စင်အတွက် တစ်နှစ်ကုန်ကျစရိတ်သည် ဘီလီယံ (၅၀၀)ကျော် သုံးစွဲကုန်ကျရပါကြောင်း၊ ပင်စင်စားများအတွက် တစ်လအသုံးစရိတ်ငွေ ၄၅ ဘီလီယံခန့် ကုန်ကျပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများနှင့် ပင်စင်စားများအားလုံးအတွက် တစ်လလျှင် (၂၃၇) ဘီလီယံကျော်ခန့် အသုံးစရိတ်သုံးစွဲနေပြီး တစ်နှစ်အတွက်ဆိုလျှင် ထရီလီယံပေါင်း (၂ ဒသမ ၄)ခန့်သုံးစွဲနေရပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးသည် သိသိသာသာတိုးတက်မှုမရှိသေးပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးအနေဖြင့် လစာနှုန်းတိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာမည့် ဘေးထွက်ကျိုးသက်ရောက်မှုများ ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များမှာ ထိလွယ်ရှလွယ်သည့်အတွက် အချိန်ကိုက် အချိန်အခါသင့်ဆောင်ရွက်သင့်ကြောင်း၊ မလိုလားအပ်သည့် နောက်ဆက်တွဲအကျိုးဆက်များကို ရှောင်ရှားနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

တိုးမြှင့်လစာစရိတ်နှုန်းထားများသည် ပြည်ထောင်စုလွှတ်တော်က ပေးပို့သည့်အဆိုရ ပြည်ထောင်စုအစိုးရအနေဖြင့် တိုးမြှင့်ပေးနိုင်သည့်နှုန်းထားကိုသာ ဘတ်ဂျက်တွင် လျာထားတွက်ချက်တင်ပြထားခြင်းဖြစ်ပါကြောင်း၊ ၎င်းလျာထားချက်ပါရှိသည့် ဘတ်ဂျက်ဥပဒေကို လွှတ်တော်က အတည်ပြုသည့်အချိန်သင့်တော်သည့်ကာလတွင် အစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဆုံးဖြတ်သတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ယင်းအဆိုကို အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူဆုံးဖြတ်

နေပြည်တော် မတ် ၂၀

အမျိုးသားလွှတ်တော် ၃၁ ရက်မြောက်နေ့အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အဆောက်အအုံအစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးတို့က ဖတ်ကြားတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်သည် အမျိုးသားပညာရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁/ ၂၀၁၄ ဖြင့် ၃၀-၉-၂၀၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ သို့ရာတွင် ယင်းဥပဒေကို ပြင်ဆင်ပေးရန်အတွက် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ(ကျောင်းသားအဖွဲ့)က တောင်းဆိုပြီးနောက် (၄)ပွင့်ဆိုင်အစည်းအဝေးသဘောတူညီချက်အရ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပညာရေးဝန်ကြီးဌာနက ၁၇-၂-၂၀၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါကြောင်း၊ ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်ကပေးပို့ရာ ၂၀-၂-၂၀၁၅ ရက်တွင် လက်ခံရရှိပါကြောင်း၊ အဆိုပါဥပဒေကြမ်းကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် ဥပဒေကြမ်းကော်မတီနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များကို ၂၀-၂ -၂၀၁၅ ရက်တွင် လိုအပ်သည်များ လမ်းညွှန်မှုပြုခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန် အမျိုးသားလွှတ်တော်၏ ကြေညာချက်အမှတ် (၁/၂၀၁၅)ကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

ဤအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကြားနာသည့်အစီအစဉ်တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုးနှင့်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ တက်ရောက်

စာမျက်နှာ ၅ ကော်လံ ၁ သို့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရည် ဖတ်ကြားတင်သွင်းစဉ်။(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း လားရှိုးတက္ကသိုလ်၌ပါမောက္ခချုပ်နှင့် ဆရာ ဆရာမ များအား တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❖ *ကျောက်ဖုံးမှ*

သင်တန်းသား သင်တန်းသူများအား လက်ခံသင်ကြားပေးနေမှု၊ လေ့ကျင့်ရေး အလယ်တန်းကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်တည်ဆောက်နေမှု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ထားရှိသည့် လေးခန်းတွဲဝန်ထမ်းအိမ်ရာ၊ ကျောင်းအုပ်ကြီးနေအိမ်၊ လက်တွေ့စာသင်ဆောင်၊ အမျိုးသားအမျိုးသမီးနှစ် နှစ်ထပ်အိပ်ဆောင်တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ပညာရေးလေ့ကျင့်ရေး ကောလိပ်များမှ ဆရာ ဆရာမများအား နှစ်စဉ်မွေးထုတ်ပေးနေမှု၊ သင်ကြားရေးလိုအပ်ချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ နေ့စားဆရာ ဆရာမများအား ခန့်ထားပေးနိုင်မှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက မြန်မာနိုင်ငံပညာရေးကဏ္ဍတွင် ကျောင်းသားဦးရေနှင့် ဆရာအချိုးမှာ လုံလောက်မှုမရှိသေးပါကြောင်း၊ အထူးသဖြင့် နယ်မြို့များတွင် အပြည့်အဝ မရရှိကြပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ လိုအပ်ချက်ဖြစ်သည့် အဆောက်အအုံ၊ သင်ထောက်ကူပစ္စည်း၊ ဆရာ ဆရာမ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် အင်္ဂလိပ်ဘာသာရပ်ကျွမ်းကျင်မှုရှိစေရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ ပြည်ပခရီးစဉ်တွင် ဆောင်ရွက်ခဲ့မှုကြောင့် ဗြိတိသျှကောင်စီ၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အင်္ဂလိပ်ဘာသာရပ်သင် ဆရာ ဆရာမများအား စေလွှတ်၍ သင်ကြားပေးခဲ့ပါကြောင်း၊ အဆောက်အအုံအသစ်များ တည်ဆောက်ရာတွင် လိုအပ်သည့် အရည်အသွေးပြည့်မီစေရန်အတွက် သုံးစွဲသည့်ပစ္စည်းများကို တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများက တပည့်များကို အရည်အသွေးထက်မြက်စေရန် သင်ကြားပေးရန် လိုအပ်သကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့၏ အရည်အသွေးကိုတိုးတက်စေရန် ကြိုးစားနေရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းဝင်းအတွင်း အလျား ပေ ၉၀၊ အနံ ပေ ၃၀ RC တစ်ထပ်ဆောင်နှင့် အလျား ပေ ၂၀၀၊ အနံ ပေ၃၀ RCC နှစ်ထပ်စာသင်ဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် လားရှိုးတက္ကသိုလ်သို့ ရောက်ရှိပြီး သုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအားတွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းကြောင်း၊ တည်နေရာ အကျယ်အဝန်း၊ သုံးထပ်စာသင်ဆောင်၊ ပါမောက္ခချုပ်အိမ်၊ ဝန်ထမ်းအိမ်ရာလေးခန်းတွဲ လေးထပ်သုံးလုံးတည်ဆောက်နေမှု၊ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း အိပ်ဆောင်နှင့် နားနေဆောင်၊ ကျောင်းသားအိပ်ဆောင်(၂)ရေရရှိရေးအတွက် ဘဏ္ဍာငွေရရှိမှုအခြေအနေ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက တက္ကသိုလ်တစ်ခု၏ ဂုဏ်ပုဒ်သည် ယင်းတက္ကသိုလ်၏ အရည်အသွေးပင်ဖြစ်ပြီး မွေးထုတ်လိုက်သည့် ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြင့်မားပြီး အခြားတက္ကသိုလ်များနှင့် ယှဉ်ပြိုင်နိုင်မှသာ အဆိုပါတက္ကသိုလ်၏ပုံရိပ်မှာ မြင့်တက်နေမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဖြစ်အောင်ဆိုလျှင် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၏ အရည်အသွေးကြိုးစားမှုနှင့် ခေတ်မီ သင်ထောက်ကူပစ္စည်းများ ပြည့်စုံရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ၏ ပင်ကိုဉာဏ်ရည် ဉာဏ်သွေး ကြိုးစားအားထုတ်မှုသင်ယူရသည့် အခြေအနေအဆင်ပြေမှုရှိစေရန် ဝန်းကျင်ကောင်းလိုအပ်ပြီး နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆွေးနွေးနိုင်စေရန်နှင့် သုတေသနနှင့်ဖွံ့ဖြိုးရေးကိစ္စရပ်များ တိုးတက်လာစေရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အနေဖြင့်လည်း ဖြည့်ဆည်းပေးရန်ရှိသည်များကို ဖြည့်ဆည်းပေးရန်နှင့် ဘဏ္ဍာရေးသုံးစွဲရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ အသုံးပြုရန် လိုအပ်ပါကြောင်း၊ တည်ဆောက်ရေးကိစ္စနှင့် အခြားလိုအပ်ချက်များအပေါ် အသုံးပြုသည့်အခါတွင်လည်း အရည်အသွေးမနိမ့်ကျစေရန်နှင့် အလေအလွင့်မဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဝန်ကြီးဌာန၏ဘတ်ဂျက်ကို နှစ်စဉ်တိုးမြှင့်ပေးလျက်ရှိပြီး ယခုဆိုလျှင် ဝန်ကြီးဌာန ၃၀ ကျော်တွင် ဦးစားပေးအဆင့်(၅)တွင် ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ တက္ကသိုလ်ပညာရေးအရည်အသွေး မြင့်မားလာအောင်၊ နိုင်ငံတကာအဆင့်ထိ မြင့်မားလာအောင် ဘဏ္ဍာရေးမလုံလောက်မှု ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းလမ်းများအတိုင်း ပညာရေးဥပဒေနှင့်အညီ တက္ကသိုလ်နှင့် ကောလိပ်များကို သီးခြားရပ်တည်သွားနိုင်ရန်နှင့် စီမံခန့်ခွဲသွားနိုင်စေရန် မူများချမှတ်နေပြီးဖြစ်ပါကြောင်း၊ မိမိတက္ကသိုလ်အလိုက် လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိပါက တက္ကသိုလ်တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင်ရှိလာပြီး ရေရှည်ပို၍ တိုးတက်လာမည် ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းနိုင်ငံ၏ပညာရေး အတက်အကျပေါ်တွင် မူတည်ပါကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေသည့် တိုင်းပြည်များသည် အစစအရာရာ ဖွံ့ဖြိုးတိုးတက်ပါကြောင်း၊ သို့ဖြစ်၍ ပညာရေးကဏ္ဍတွင် ပါဝင်နေကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ အရည်အသွေး လုပ်ဆောင်မှုသည် တိုင်းပြည်၏အနာဂတ်ကို ဖော်ဆောင်နေသည့်အတွက် ယခုထက်ပိုမိုကြိုးစားဆောင်ရွက် သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် လားရှိုးမြို့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်နယ်အတွင်း ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဘဏ္ဍာရေးနှစ်အလိုက် နယ်စပ်ဒေသနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးက “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်မြို့တွင် သီလရှင်ကျောင်း တည်ဆောက်နေမှုနှင့် သာသနာရေးဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ရှမ်းပြည်နယ်အတွင်း အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပေးနေမှုနှင့် ကျောင်းဥပတိရုပ် ကောင်းမွန်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး မြို့ရေပေးဝေရေးအတွက် ရေရှည်ကောင်းမွန်အောင် စနစ်တကျစီမံဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်သူလူထု၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် လျှပ်စစ်မီး၊ ရေရရှိရေး ဆောင်ရွက်ပေးရာတွင် အရည်အသွေးပြည့်မီစေရန် လိုအပ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရန်လည်း လိုအပ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

ကြားနာခဲ့ကြပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာမှုအစီအစဉ် ကျင်းပသည့် ၅-၃-၂၀၁၅ ရက်မှ ၁၇-၃-၂၀၁၅ ရက်ထိ ဆွေးနွေးချက်များအပေါ် မီဒီယာများ၏ မေးမြန်းချက်များကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါကြောင်း၊ ထို့ပြင်ကြားနာမှု အစီအစဉ်တွင် ပြောကြားသော ဆွေးနွေးချက်များကို ပြည်သူများသိရှိနိုင်ရန် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ပေးပါကြောင်း၊ ကြားနာမှု အစီအစဉ်များကိုလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝေဖန်ပိုင်းခြားသုံးသပ်အကြံပြုဆွေးနွေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမကြီး၌ အစည်းအဝေးပြီးဆုံးချိန်များတွင် ပြသခဲ့ပါကြောင်း။

အထက်ပါ ကြားနာမှုအစီအစဉ်သို့ တက်ရောက်အကြံပေးဆွေးနွေးသည့်အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအပြင် အများပြည်သူက စာဖြင့်လည်းကောင်း၊ Fax/Email တို့ဖြင့်လည်းကောင်းပေးပို့သည့် အကြံပြုစာ (၃၈၇၉)စောင်ကို လက်ခံရရှိခဲ့ပြီး ယင်းအကြံပြုချက်များ အပေါ်တွင်လည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် အလေးအနက်ထား ထည့်သွင်းစဉ်းစားသုံးသပ်ခဲ့ပါကြောင်း၊ ထိုသို့ကြားနာမှုအစီအစဉ်တွင် တင်ပြခဲ့သော ဆွေးနွေးအကြံပြုချက်များ၊ အမျိုးသားလွှတ်တော်ရုံးသို့ သီးခြားပေးပို့သော အကြံပြုချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ ထည့်သွင်းစဉ်းစားဆွေးနွေးသုံးသပ်ခဲ့ကြပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များက မြန်မာနိုင်ငံသားအားလုံးအပေါ် ယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် တန်ဖိုးထားမှုများကို အစွန့်ရှည်အောင် ထိန်းသိမ်းနိုင်စွမ်းရှိစေမည့် နိုင်ငံသူနိုင်ငံသားအားလုံး ပညာရေးတွင် တန်းတူရည်တူတိုးတက်ခံစားရရှိစေမည့် အခွင့်အလမ်းပွင့်သည့်ပညာရေးစနစ်တစ်ခုကို ဦးတည်၍ ပြည်သူများ၏အကျိုးဖြစ်ထွန်းစေခြင်းငှာ အမှန်တကယ်လိုက်နာကျင့်သုံးနိုင်သည့် ဥပဒေဖြစ်စေရန်အတွက် ဤအစီရင်ခံစာကို ပြုစုတင်ပြအပ်ပါကြောင်း။

ဆက်လက်၍ လေ့လာတွေ့ရှိချက်များနှင့် ကော်မတီ၏သဘောထားမှတ်ချက်များကို တင်ပြရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်နှင့်အတူ ဤဥပဒေကြမ်းကြားနာမှုအစီအစဉ်တွင် တက်ရောက်ဆွေးနွေးခဲ့သည့် ဒီမိုကရေစီလှုပ်ရှားမှုဦးဆောင်ကော်မတီဝင်ကျောင်းသားကိုယ်စားလှယ်ကိုးဦး၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER)မှ ပုဂ္ဂိုလ် ၂၀ ဦး၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၃၄ ဦး၊ ကျောင်းသားလှုပ်ရှားမှု စစ်ကြောင်းများကို ကူညီပံ့ပိုးပေးခဲ့ကြသော ပြည်သူ/အဖွဲ့အစည်းများမှလေးဦး၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်လေးဦးနှင့် အကြံပြုစာပေးပို့ခဲ့ကြသော ပြည်သူများမှ ၁၅ ဦးတို့၏ အကြံပြုဆွေးနွေးချက်များ၊ ပြည်သူတို့ထံမှ အကြံပြုစာများကို စိစစ်သုံးသပ်ခဲ့ကြပါကြောင်း၊ ထိုသို့သုံးသပ်ရာ၌ ဘက်စုံထောင့်စုံမှ သုံးသပ်သည့်အပြင် ဒီမိုကရေစီပညာရေး လှုပ်ရှားမှုဦးဆောင်ကော်မတီဝင်ကျောင်းသားကိုယ်စားလှယ်များ၏ လေးပွင့်ဆိုင်အစည်းအဝေး၌ တင်ပြအတည်ပြုထားသည့် တောင်းဆိုချက် (၁၁)ချက်၊ ပြင်ဆင်သည့်ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲတစ်ခုချင်းအပေါ် ၎င်းကျောင်းသား ကိုယ်စားလှယ်များ၏ တင်ပြချက်များကို အဓိကအခြေခံ၍ စဉ်းစားကာ လက်ခံသင့်သည့် ပြဋ္ဌာန်းချက် (၁၃)ချက်၊ ဥပဒေရေးထုံးနှင့်အညီ ပြုပြင်ရေးသားသင့်သည့် ပြဋ္ဌာန်းချက် (၂၅)ချက်၊ စကားရပ်အစားထိုးပြင်ဆင်ရေးသားသင့်သည့် ပြဋ္ဌာန်းချက်(၂၄)ချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သည့် ပြဋ္ဌာန်းချက်(၁၉)ချက်စသည်ဖြင့် ကဏ္ဍခွဲခြားရရှိခဲ့ပါကြောင်း။

အဆိုပါ ခွဲခြားရရှိသည့်အတိုင်း ပြင်ဆင်ဖြည့်စွက်ချက်များ ဆောင်ရွက်ပြီး ပြင်ဆင်သည့်ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန် တင်ပြချက်အပြည့်အစုံကို ဤအစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်၏ အနာဂတ်ပညာရေးအဆင့်မြင့်မားရေးအတွက် အမျိုးသားရေးအမြင်ဖြင့် ရှုမြင်သုံးသပ်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဆိုပြုတင်သွင်းခဲ့သည့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥပဒေပြုရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း စသည်ဖြင့် ဖတ်ကြားတင်သွင်းခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပမှု လာရောက်လေ့လာ

နေပြည်တော် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၁၃၁ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ မိသားစုဝင် လေးဦး စုစုပေါင်း ၁၃၅ ဦးတို့သည် အစည်းအဝေးကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။

ပြည်ထောင်စုလွှတ်တော် ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာရန် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ၊ နိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းဝင်များ နေ့စဉ်လာရောက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်မှ မတ် ၂၀ ရက်အထိ စုစုပေါင်း ၈၈၄၂ ဦးရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာဖြေဆိုသူ ၄၈၆၆၀ ဦးရှိ

နေပြည်တော် မတ် ၂၀

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသားကျောင်းသူများက ယနေ့နံနက် ၉ နာရီတွင် သမိုင်းဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် သမိုင်းဘာသာရပ်ဖြေဆိုရန် စာရင်းရှိ ၅၂၈၂၇ ဦးအနက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၄၈၆၆၀ ရှိ၍ ဖြေဆိုရန်ပျက်ကွက်သူ ၄၀၆၅ ဦးရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့ပခုံး ပြည့်လက်ရုံး

ချစ်နိုင်(စိတ်ပညာ)

"စစ်တိုက်ရခြင်းသည် လက်နက်များဖြင့် တိုက်ခိုက်ကြရခြင်းဖြစ်၏။ သို့ရာတွင် အနိုင်အရှုံးကို တကယ်အဆုံးအဖြတ်ပေးနိုင်သည်ကား လူသားသာလျှင်ဖြစ်ပေသည်။"

ဗိုလ်ချုပ်ကြီး ဂျော့စီပက်တန်

ငြိမ်းချမ်းရေး

လူသည် ငြိမ်းချမ်းရေးကို ယေဘုယျအားဖြင့် လိုလားပါသည်။ မည်သူမဆို ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေးသာနေလိုကြပေသည်။ သို့သော် ကမ္ဘာပေါ်မှာ ကိုယ့်လူမျိုးတစ်စုတည်းသာ နေသည် မဟုတ်။ ကိုယ့်နိုင်ငံတစ်ခုတည်း ရှိနေခြင်းမဟုတ်။ နိုင်ငံတစ်နိုင်ငံထဲမှာပင် လူမျိုးပေါင်းများစွာ ရှိကြသည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်းအရွယ်အစား အမျိုးမျိုးနှင့် အရေအတွက် နှစ်ရာကျော်ရှိကြသည်။

စစ်ဆိုသည့်အရာကလည်း ဖြစ်တတ်သည်။ မိမိအလိုဆန္ဒမပါဘဲလည်း ဖြစ်တတ်၏။

စစ်၏သဘောသဘာဝကို အကြမ်းမျှဆိုရလျှင် နှစ်မျိုးနှစ်စားရှိပါသည်။

(၁) **မတရားစစ်ကျူးကျော်စစ်။** ဥပမာပြရလျှင် စက်မှုဖွံ့ဖြိုးပြီး ရေတပ်အင်အားကြီးမားကာ ဈေးပေါပေါနှင့်ရနေသော ကုန်ကြမ်းအမျိုးမျိုးကို အလကား အခမဲ့ရယူလိုသော လောဘဇောဖြင့် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ကျွန်းသစ်၊ ရေနံ၊ ဆန်စပါး၊ သဘာဝသယံဇာတ ကြွယ်ဝသော မြန်မာနိုင်ငံ (စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ပညာရေး၊ စစ်ရေး စသည့်အဘက်ဘက်ကခေတ်နောက်ကျနေသော အခြေအနေ)ကို ၁၈၂၄ တွင်တစ်ကြိမ် (၂ နှစ်ကြာ)၊ ၁၈၅၄ တွင်တစ်ကြိမ် (၈ လကြာ)နှင့် နောက်ဆုံး နေပြည်တော်ရတနာပုံကို သိမ်းယူကာ ဘုရင် နှင့် မိဖုရားကို ဖမ်းဆီးခေါ်ဆောင်သည့်စစ်ပွဲ (၃ လကြာ)အထိ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့၏။

၁၈၂၄ မှ ၁၉၀၀ ပြည့်ကာလအထိ လက်နက်အင်အား မမျှသည့်ကြားက မြန်မာတစ်မျိုးသားလုံးသည် နယ်ချဲ့ကုလားဖြူ ကျူးကျော်သူတို့အား အညံ့မခံ အလံမလှဲ ခုခံတွန်းလှန် တိုက်ခိုက်ခဲ့ကြ၏။

ခေတ်ဟောင်း

စိုက်ပျိုးရေးခေတ်၊ လှေခေတ်၊ လှည်းခေတ်တွင်သာ ကျန်ရစ်ကာ ခေတ်နောက်ကျနေခဲ့သော အခြေအနေ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်အောက်မှ စက်မှုခေတ်၊ နိုင်ငံတကာကုန်သွယ်ရောင်းဝယ်ခေတ်၊ စက်ရုံ အလုပ်ရုံနှင့် ထုတ်ကုန်များစွာ တင်ပို့နိုင်ပြီး ကုန်ကြမ်းများစွာ ရှာဖွေနေရသော "အရင်းရှင်နယ်ချဲ့စနစ်" အဆင့်မြင့်နေပြီဖြစ်သည့် အင်္ဂလိပ်ကို မယှဉ်နိုင်၊ မတားဆီးနိုင်ခဲ့။

ကုန်ထုတ်လုပ်မှုနှင့် ကုန်လုပ်ဆက်ဆံရေးစနစ်က ခေတ်တစ်ခေတ်ခြား၍ ဥရောပသည် တိုးတက်ထွန်းကားသွားခဲ့ပြီ။ ကုန်ထုတ်လုပ်မှုပညာနှင့် အုပ်ချုပ်မှုပညာတို့တွင် အဆင့်ချင်းမယှဉ်သာအောင် ကွာခြားနေခဲ့ပြီ။ မြင်သာအောင်ယှဉ်ရလျှင် မြန်မာနှင့် အင်္ဂလိပ် စစ်ပွဲသုံးကြိမ်သည် "ကလေးနှင့်လူကြီးလက်ဝှေ့ထိုးပွဲ"ပေတည်း။

သွေးသံရဲရဲနှင့် မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ လဲကျအရှုံးပေးခဲ့ရပေသည်။ ရေချိုးထားသကဲ့သို့ သွေးတွေ စိုရွှဲနစ်ကာ ကျွန်ဖြစ်ခဲ့ရသည့်ဘဝကို အိပ်မက်ထဲမှာပင် ယောင်ယမ်းပြီး ငိုယိုမိအောင် အသည်းနာသူကား ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် မောင်အောင်ဆန်း၊ တော်လှန်ရေးခေါင်းဆောင် မင်းကြီး ရွှေလရောင်၏ မြေး။ နောင်အခါ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဦးဆောင်ထူထောင်သူ အမျိုးသားခေါင်းဆောင်၊ တပ်မတော်၏ ဖခင်ဖြစ်လာသူ။ ဖခင်အသည်း နာထိုက်ပါပေသည်။

တရားသောစစ်

(၂) ဆယ့်ကိုးရာစုတစ်ခေတ်လုံး သူ့ကျွန်ဘဝမကျရစေရေး ပြည်သူအများ အသက်သွေးပေါင်းများစွာ ပေးဆပ်၍ ခုခံကာကွယ်ကြခြင်း၊ တွန်းလှန်တိုက်ခိုက်ခဲ့ကြခြင်းကို "တရားသောစစ်"ဟု ခေါ်ပါ၏။ ကိုယ့်ဘိုးဘွား ပိုင်မြေ၊ ကိုယ့်ရေမြေ၊ ကိုယ့်ဝေဟင်ပိုင်နက်တို့ကို ရှေးရှေးသော မြန်မာတိုင်းရင်းသားတို့လည်း နှစ်ပေါင်းများစွာ ကာကွယ်ခုခံခဲ့ကြသည်။ မြောက်ဘက်က အင်အားကြီးမားသော စစ်သည်များကို မိမိတို့တိုင်းရင်းသားတွေက ဝန်ကြီး မဟာသီဟသူရ၊ ဗိုလ်ချုပ် ဗလမင်းထင်၊ ဗိုလ်ချုပ်တိမ်ကြားမင်းခေါင် စသည့် စစ်ခေါင်းဆောင်များ ဦးစီးကာ ဗန်းမော်၊ နမ်းခမ်း၊ ကျိုင်းတုံ စစ်မျက်နှာအားလုံးပင် အောင်မြင်စွာ တွန်းလှန်တိုက်ထုတ်ပစ်လိုက်နိုင်ခဲ့၏။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်လက်ထက် လေးကြိမ်စလုံး ကျူးကျော်သူများ အံ့ဩထိတ်လန့်သွားအောင် အတုံးအရုံး ကျဆုံးစေပြီး ဆုတ်ခွာသွားအောင် ချေမှုန်းနိုင်ခဲ့၏။

စင်စစ်မူ မြန်မာလူမျိုးသည် စစ်သားများဖြစ်ကြ၍ စစ်သားတိုင်း မြန်မာတိုင်းရင်းသားပေတည်း။

လူဦးရေ ကြီးမားများပြားလှသည့် နိုင်ငံကြီး နှစ်နိုင်ငံကြားမှာ ရှင်သန်ခဲ့ရသည်။ ကာကွယ်ရေးစွမ်းအား အမြဲသတိထားခဲ့ရသည်။

ပင်လယ်ဘက်မှ ကျူးကျော်လာသော ဒတ်ချ်၊ ပေါ်တူဂီ၊ စပိန်၊ အင်္ဂလိပ်စသည့် နယ်ချဲ့များကိုလည်း ဟိုင်းကြီးကျွန်းတိုက်ပွဲ၊ သံလျင်တိုက်ပွဲစသည်တို့ဖြင့် မြန်မာမင်း ဦးအောင်ဇေယျသည် ဟန့်တားရှင်းလင်းနိုင်ခဲ့သဖြင့် အရှေ့တောင်အာရှနိုင်ငံအများအပြား ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်တို့၏လက်အောက်သို့ ကျရောက်ခဲ့သော်လည်း မြန်မာကား ကိုယ့်ရေမြေ ကိုယ့်နိုင်ငံမှာ ကိုယ့်အရှင်ကိုယ့်သခင်နှင့်နေနိုင်၏။ ရှင်သန်၏။

ပြည်သူ့စစ်

စင်စစ် မိမိထက် လူသူအင်အား၊ စစ်လက်နက်နှင့်ဆင်တပ် မြင်းတပ် အင်အား၊ နယ်မြေအကျယ်အဝန်းများစွာသာလွန်ကြသော အိမ်နီးချင်း နိုင်ငံကြီးများ၏ကြားမှာ မြန်မာလူမျိုးက နှစ်ပေါင်းရှည်ကြာ ခိုင်မာရှင်သန်သော တိုင်းပြည်ကို ထူထောင်ရပ်တည်နိုင်ခြင်း၏ အကြောင်းရင်းကား ပြည်သူသည် တပ်မတော်၊ တပ်မတော်သည် ပြည်သူ၊ စစ်တိုက်စွမ်းရည် စစ်ပညာ အလွန်တရာ ထူးခြားထူးချွန်သည့် လူမျိုးဖြစ်၍သာတည်း။

နှစ်ပေါင်းထောင်ချီကာ ဤမျှကျယ်ဝန်းသော ရေမြေတောတောင်ကို ရေခဲတောင်မှ ပင်လယ်ကျွန်းပေါင်းများစွာအထိ စိုးမိုးပိုင်သ တန်ခိုးထက်ခဲ့ရခြင်းကား "ပြည်သူ့စစ်မဟာဗျူဟာ"ကို သမိုင်းစဉ်တစ်လျှောက်လုံး မြန်မာတိုင်းရင်းသားတို့ ကျင့်သုံးခဲ့ကြခြင်းကြောင့် ဖြစ်ပါ၏။ ပျားကဲ့သို့ စည်းလုံး၏။ ပျားကဲ့သို့ စည်းကမ်းရှိ၏။ ပျားကဲ့သို့ အဆိပ်ပြင်း၏။ ပျားကဲ့သို့ ဇာတိမာန်ဖြင့် ညီညွတ်ခဲ့၏။ စစ်သံကြားလျှင်၊ ရွှေဓားပိုက်ကာ၊ အိုးစားဘက်ကိုလိုက်လို့ရှာသည်။ စစ်တိုက်ရဲ၏။

တမ်းတပ်မတော်ဟူ၍ မရှိ၊ အမြဲတမ်းလည်း စစ်ကဖြစ်နေခြင်းမရှိ၊ စစ်သားဟူ၍ သီးခြားမထားနိုင်။ ပြည်သူအားလုံးက စစ်သား၊ ကျေးရွာတိုင်းရှိ ရွာဦးဘုန်းကြီးကျောင်း၌ ကာလသားတိုင်း စစ်ပညာသင်ကြ၏။ ကျိုးသူ၊ ကန်းသူ၊ ခြေမသန်၊ လက်မသန်၊ ဉာဏ်ရည် ကျပ်မပြည့်သူ၊ ရူးသွပ်သူမှအပ လက်ဝှေ့အတတ်၊ ဆင်စီး၊ မြင်းစီး၊ လှေလှော် အတတ်တို့ကို မြန်မာလူငယ်တိုင်း သင်ကြ၏။ တတ်ကြ၏။

ဘိုးဘွားအမွေ

ရှေးမြန်မာများက ဓားခုတ်လှံထိုး၊ ဆင်စီး၊ မြင်းစီး၊ ဘာကြောင့် လူငယ်တိုင်းသင်ကြားတတ်မြောက်ကြရပါသနည်း။ လူတိုင်း ပြည်သူတိုင်းက စစ်သားပင်တည်း။

ဘိုးဘွားများ အမွေပေးထားရစ်ခဲ့သော မြေကြီးက တောတောင်ရေမြေ၊ မြစ်ချောင်းတွေနှင့် အကျယ်ကြီး။ အလျားတစ်မိုင်×အနံတစ်မိုင်၊ အကျယ်အဝန်း တစ်စတုရန်းမိုင်မှာမှ လူဦးရေ သုံးလေးယောက်နှုန်းသာ။ မြောက်ဘက်ဆို အာသံ၊ မဏိပူရ၊ ကသည်းဒေသ (ယခု အိန္ဒိယပိုင်)လည်း ရှေးက မြန်မာပိုင်၏။ အရှေ့မြောက်ဘက် ဆစ်ဆောင်ပန္နားဆိုသည်ကလည်း (ယခုတရုတ်ပိုင်) ရှေးက မြန်မာ့ပိုင်နက်ထဲမှာဖြစ်၏။

မြန်မာဘုရင် အနော်ရထာ၊ ဘုရင့်နောင်တို့၏ လက်ရေးနှင့် အုတ်ခွက် အမှတ်အသား၊ နယ်မြေပိုင်စိုးမှု သြဇာအာဏာ သမိုင်းခြေရာများကို ယနေ့ ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှားဒေသများမှာပင် တူးဖော်တွေ့ရှိခဲ့ကြပြီးဖြစ်၏။ တရုတ်သမိုင်းကျမ်းများတွင် အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီးတစ်ခွင်လုံး မြန်မာဘုရင့်အာဏာအောက်၌ ရှိခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့၏။ မြန်မာ၏ သမိုင်းအစဉ်အလာ။

ဤသမိုင်းရာဇဝင်ကို သိမြင်ခဲ့သော နိုင်ငံရေးသုခမိန် ဗိုလ်ချုပ်အောင်ဆန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်ကပင် "အရှေ့တောင်အာရှနိုင်ငံများအသင်း"ဖွဲ့စည်းထူထောင်ကာ ကမ္ဘာပေါ်မှာ မိမိတို့ကစစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး သြဇာကြီးမားစွာ တည်ဆောက်နိုင်ရမည်ကို မဟာဗျူဟာအရ မျှော်မှန်းချမှတ်ခဲ့သည် မဟုတ်လော။

> **၁၈၂၄ မှ ၁၉၀၀ ပြည့်ကာလအထိ လက်နက်အင်အား မမျှသည့်ကြားက မြန်မာတစ်မျိုးသားလုံးသည် နယ်ချဲ့ကုလားဖြူ ကျူးကျော်သူတို့အား အညံ့မခံ အလံမလှဲ ခုခံတွန်းလှန် တိုက်ခိုက်ခဲ့ကြ၏။ မြန်မာတို့ကား သနားစရာလည်းကောင်း၍ လေးစားဂုဏ်ပြုစရာလည်း ကောင်းပေ၏။**

ရှေးရှေးသော မြန်မာဘိုးဘေးတို့၏ ကျေးဇူးတရားကား အလွန်ပင်ကြီးမားလှကြောင်း ဆင်ခြင်ကြည့်က သိရပါမည်။ မြန်မာ့နယ်နိမိတ်ပိုင်နက်သည် အင်္ဂလန်ကျွန်းထက်လည်း နှစ်ဆကျယ်၏။ ဂျပန်နိုင်ငံ ကျွန်းကြီး လေးကျွန်းပိုင်ဆိုင်မှု မြေဧရိယာထက်လည်း နှစ်ပြန်ကျယ်၏။ (သို့ရာတွင် သိပ္ပံနှင့် စက်မှုပညာ ခေတ်နောက်ကျ ကျန်ရစ်ခဲ့သဖြင့် အင်္ဂလိပ်၏ ကျူးကျော် သိမ်းပိုက်ခြင်းရော၊ ဂျပန်ဖက်ဆစ်၏ ကျူးကျော်သိမ်းပိုက်ခြင်းကိုပါ မြန်မာတို့ခံခဲ့ရဖူး၏။) သင်ခန်းစာယူစရာအမှန်။

ပုဂံခေတ်၊ တောင်ငူခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် စည်းလုံးညီညွတ်သောအချိန်မှာ အင်အားကောင်း၏။ အင်ဒိုချိုင်းနားကျွန်းဆွယ်နှင့် အရှေ့တောင်အာရှတစ်ခွင်လုံးက လေးစားခန့်ညားရ၏။

ဘုန်းတန်ခိုးနည်းသော မင်းပြိုင်များခေတ်တွင် အချင်းချင်း စစ်ခင်းကာ ပြည်သူအများ ဆင်းရဲငတ်မွတ်ကြရ၏။ စစ်၏အနိဋ္ဌာရုံဖြင့် သေကျေပျက်စီး ကြရသည်မှာ ပြည်သူများသာ မြေစာပင်။

ဆယ့်ကိုးရာစုအထိ မြန်မာတို့သည် လခစား အမြဲ

အိမ်နီးနားချင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံထက် မြန်မာက ငါးဆပို၍ကျယ်ဝန်း၏။ ရေပြင်ပိုင်နက်ကိုပင် သူပိုင်ပါသည်၊ ငါပိုင်ပါသည် အငြင်းပွားလာရသဖြင့် နိုင်ငံတကာ ခုံရုံးမှတင်၍ စစ်ဆေးကာ မြန်မာပိုင်ကြောင်း အခိုင်အမာ ဆုံးဖြတ်ခံခဲ့ရ၏။

မကြာမီက နိုင်ငံတကာသတင်း တစ်ပုဒ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တပ်မတော်သည် ခေတ်မီစစ်ရေယာဉ်ကြီးများ၊ ခေတ်မီလက်နက်များ (ပြည်ပနိုင်ငံကြီးတစ်ခု၏ အထောက်အပံ့ အကူအညီဖြင့်) ရေပြင်မြေပြင်၊ ကမ်းတက်စစ်ဆင်ရေးကို တပ်မများအဆင့် လေ့ကျင့်နေခဲ့ကြောင်း ဓာတ်ပုံများနှင့်တကွ တွေ့မြင်လိုက်ရ၏။

မြန်မာပြည်သူအချို့ကမူ ကာကွယ်ရေးဝန်ကြီးဌာန ဘတ်ဂျက်အသုံးစရိတ်ကို အတတ်နိုင်ဆုံး လျှော့ချသုံးစွဲရန် (ပြည်ပမှ ညွှန်ကြားသင်ပြပေးခဲ့ကြသည့်အတိုင်း) ဆန္ဒရှိကြကြောင်း ဂျာနယ်အချို့မှာ နှပ်ကြောင်းပေး၍ ရေးသားလာကြ၏။ (ခက်တာပဲ)

လက်နက်များ၊ ခဲယမ်းများသည် စားလည်းမစားရပါ။ ထားသဖြင့် ပွားလည်းပွားများမလာပါ။ သို့ရာတွင် နိုင်ငံချင်းယှဉ်ကြရပြီဆိုလျှင် ဆယ့်ကိုးရာစုကာလကဲ့သို့ ဓားနှင့် လှံနှင့် ထိုးကွင်းမင်ကြောင်နှင့် ဟန်ရေးပြရုံမျှနှင့် မပြီးပြတ်နိုင်ပါ။ လူလူချင်း ယှဉ်ပြိုင်ခြင်း မှန်သော်လည်း လက်နက်စွမ်းရည် ထိရောက်မှုချင်းကလည်း ညှို့ဖျင်းနေ၍ မရပါ။ သတ္တိချင်း ယှဉ်ကြရုံမျှဖြင့် မပြီးပါ။ နည်းပညာ အတတ်ပညာမှာလည်း သူတကာထက် သာကြရပါမည်။ ခေတ်မီရပါမည်။ ခေတ်မီလေယာဉ်တစ်စင်း၊ ခေတ်မီစစ် သင်္ဘောတစ်စင်း၏ တန်ဖိုးကလည်း မည်မျှရှိမည် ထင်ပါသနည်း။ သိအောင်လေ့လာကြည့်ပါ။

၂၀၁၃-၂၀၁၄ ခုနှစ်ကာလ၌ အိမ်နီးချင်း ငါးနိုင်ငံ၏ တစ်နိုင်ငံချင်း စစ်အသုံးစရိတ် ကာကွယ်ရေးဘတ်ဂျက်သည် မည်မျှရှိကြပါသနည်း။ သိကြရပါမည်။

ဤအချက်အလက်၊ အကြောင်းအရာ၊ အခြေအနေများကို ကောင်းစွာလေ့လာ သိမြင်ခြင်းမရှိဘဲ အသုံးစရိတ် လျှော့ချဖြတ်တောက်ပါဟု အသိဉာဏ် အဆင်ခြင်နည်းစွာ အဆိုတင်ပါက မိမိနိုင်ငံ မိမိလူမျိုးကို အညွန့်ချိုးသလို သာဖြစ်ပါလိမ့်မည်။ ရှေ့နောက်ဝဲယာ သုံးသပ်ဆင်ခြင်ပြီးမှ တင်ပြသင့်ပါ၏။

ရှေးခေတ်ပုဂံပြည်ကြီး စည်ပင်ဝပြောပုံကို မြင်ယောင် ကြည့်လိုက်ပါ။ အမျိုးသားစာဆို ဆရာဇော်ဂျီ (၁၉၀၇-၁၉၉၀)၏ မြန်မာများ ဓားထက်ခဲ့ပုံ ကဗျာလက်ာပုဂံသီချင်းကို ကြားယောင်ကြည့်ပါ -

ရှေးခေတ်ပုဂံပြည်

မောင်တို့ကြားကုန်လော့၊
မယ်တို့ကြားကုန်လော့၊
ရှေးဖျား ပုဂံပြေမှာဖြင့်
မြန်မာတတွေမှာ ရတနာရွှေငွေအပေါင်းငဲ့ပြင်
မင်းကောင်းနော်ရထာတဲ့
မော်စရာ ဟိုတစ်ခေတ်ကိုဖြင့်
ဉာဏ်သစ်ကာ တရှင်ရှင်နဲ့
ဘဝင်မှာ အမြင်မှန်းကာပ့ါ
တမ်းတ၍ ကြည်ညိုပါ။

သြော်. . . ပြေမြန်မာခေတ်ထူး
ရာဇဝင်မှာ စာတင်လို့ကျူးခဲ့ကြ
ငထွေရူး လုံးလက်ဖယ်
ညောင်ဦးနယ် ကိုရွှေဖိုး
ရွှေထီးလောင်း မင်းကျန်စစ်
ထီမထင်အောင် ပြည်ခွင်ကို ချစ်ခဲ့ကြ
ရဲစစ်တပ်ခြံအရံ၊ မြန်မာနယ့်တရိုး
ရန်ထိုထိုကို၊ ရန်လိုလျှင် ချိုးခဲ့၍
မြို့ရိုးမြင့် ပြေပုဂံ၊ ရဲစစ်တပ်အပြန်မှာ. . .။

အောင်လံတွေ ရောင်ပြန်မြူးကာပ့ါ
တပ်ဦးမှာ တချီချီနဲ့
အောင်ရွှေစည် အောင်သံညှင်းလိုက်တော့
ပြည်တွင်းမှာ ညံဆူဆူနဲ့
ကျန်ရစ်သူ ပုဂံသားတို့မှာလ
အားတက်ကြမှာ။

"လာစမ်းဟဲ့ မေ့သား
အမယ်မင်း ထွားလိုက်တာ
စစ်သားကြီးလုံးလုံး၊ ဗိုလ်မှူးကြီးရှုံးလောက်ရဲ့
ပခုံးနဲ့လက်ပြင်၊ ကြောခြင်က သံချောင်း
တစ်နှစ်တွင်းမှာ၊ ချက်ချင်းပဲပြောင်းရော့
ကောင်းလိုက်ပေ့ မေ့သား
ဤဇမ္ဗူတလူ ရှားလောက်ရဲ့
မယ်ဘွားမှာလေ
ပန်းသပြေနှင့် ညောင်ရေသွန်းလောင်း
ပြည်ကြီးရှင် အနိုင်ရလို့
ငါ့သားလှပြန်လာကြောင်းကို
နေ့တိုင်းပဲ တောင်းရတယ်။"

"အမယ် မမ၊
သားလှတွက်တာ၊ နောင်များဖြင့် ပူပါနဲ့
ပုဂံမှာမွေး၊ ပုဂံသွေးမို့
အလေးမမူ၊ အသက်ပင်လှူခဲ့ပေ့ါ
ပြည်သူသက်စွန့်၊ လက်ရုံးအင်သည်တအားနဲ့
ဘယ်တိုင်းခြား ဝံ့မတုန်း"တဲ့။

ယာလက်ရုံးငဲ့ပြင်
နှလုံးမှာ ဖြူစင်ကြယ်နဲ့
လူတွင်ကျယ် ပုဂံသားတွေတို့
ကိုယ့်အားကို ကိုယ်ယုံ ကိုးကာပ့ါ
ကိုယ့်မျိုးဂုဏ် တစ်မာန်တက်ပေလိမ့်
ဓားထက်တဲ့ပုဂံမှာ
မြန်မာတို့ ခေတ်ဟောင်း။

. . . .

စာမျက်နှာ ၇ သို့

ပြည်တွင်းသတင်း

(၇)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် စတုတ္ထနေ့ဆွေးနွေး

ရန်ကုန် မတ် ၂၀

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) အတွက် (၇) ကြိမ်မြောက် အစည်းအဝေးစတုတ္ထနေ့ကို မတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) တွင် အခန်း (၇) ခန်းရှိသည့်အနက် အခန်း (၅) အထိဆွေးနွေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ် ချုပ်ဆိုပြီးပါက စာချုပ်ပါ အချက်များကို တာဝန်ယူ၊ တာဝန်ခံပြီး အကောင်အထည်ဖော်မည့် ယန္တရားတစ်ခု ဖန်တီးနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့ ဆွေးနွေးရာတွင် အသေးစိတ် အချိန်ယူဆွေးနွေးခဲ့ရပြီး အရေးအကြီးဆုံး အစိတ်အပိုင်း တစ်ခုအား နှစ်ဖက်သဘောတူ ဆွေးနွေးနိုင်ခဲ့ ကြောင်း ဆွေးနွေးပွဲအပြီးကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲမှ သိရသည်။

ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်းက "သတင်းကောင်းကတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် ချုပ်ဆိုလို့ရှိရင် ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတဲ့ ယန္တရား ဖန်တီးမှုကို ကျွန်တော်တို့အနေနဲ့ သဘောတူနိုင်ပြီဖြစ်ပါတယ်။ ဒါက အင်မတန်မှ အရေးကြီးတဲ့အချက် သဘောတူနိုင်တဲ့အတွက် အင်မတန် အောင်မြင်တဲ့အချက်လို့ ကျွန်တော် ပြောချင်ပါတယ်"ဟု ဆွေးနွေးပွဲအပြီးတွင် မီဒီယာများအား ပြောကြားသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ် ချုပ်ဆိုပြီးပါက ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖွဲ့စည်းသွားမည်ဖြစ်သည်။ ပူးတွဲစောင့်ကြည့်ရေးကော်မတီအား ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကော်မတီ အပါအဝင် လိုအပ်ပါက လုပ်ငန်းအထောက်အကူပြုကော်မတီနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုကော်မတီများကို ဖွဲ့စည်းသွားမည်ဖြစ်သည်။ ယင်းသို့ ကော်မတီများ ဖွဲ့စည်းရခြင်းမှာ NCA စာချုပ် ချုပ်ဆိုပြီးပါက ပိုမိုခိုင်မာစေရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် အစီအစဉ်ချမှတ်ထားခြင်း ဖြစ်သည်ဟု ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်းက ပြောကြားသည်။

(၇) ကြိမ်မြောက် UPWC နှင့် NCCT တို့၏ တွေ့ဆုံဆွေးနွေးပွဲ စတုတ္ထနေ့အထိ နှစ်ဖက်သဘောတူညီမှုများရရှိခဲ့သည်။ မတ် ၂၁ ရက်နေ့တွင် ယနေ့ဆွေးနွေးပွဲ၌ ဆွေးနွေးဆဲဖြစ်သည့် Road Map (လမ်းပြမြေပုံ) နှင့် အခန်း(၅)တွင်ကျန်ရှိသည့် အပိုဒ်ခွဲငယ်နှစ်ချက်၊ အခန်း(၆)နှင့်အခန်း (၇) တို့ကို ပဉ္စမရက်မြောက်နေ့အဖြစ် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၃၈)ခုမြောက် ကော့သောင်းဘဏ်ခွဲဖွင့်

နေပြည်တော် မတ် ၂၀

၂၀၁၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာစီပွားရေးကော်ပိုရေးရှင်း၊ အင်းဝဘဏ်လီမိတက်၏ (၃၈)ခုမြောက် ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘဏ်ခွဲတည်ရှိရာ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် မြနန္ဒာလမ်း အမှတ် (၂၀၅/၉)တွင် ကျင်းပရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်ဌေးနှင့် တပ်မတော် အရာရှိကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လွင်၊ ကော့သောင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကော့သောင်းခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမြသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ကော့သောင်းဘဏ်ခွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အင်းဝဘဏ်လီမိတက် အမှတ်တံဆိပ်နှင့် ကော့သောင်းဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဘဏ်ခွဲအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယခုဖွင့်လှစ်သော ကော့သောင်းဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၃၈)ခုမြောက် ဘဏ်ခွဲဖြစ်ပြီး အဆိုပါ ဘဏ်ခွဲမှတစ်ဆင့် ဘဏ်လုပ်ငန်းကိစ္စအဝဝကို မြန်မာပြည်အနှံ့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် မိတ်ဖက်ဘဏ်ခွဲများဖြစ်သော မြဝတီဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အရှေ့တိုင်း ဘဏ်များနှင့်လည်း ငွေပို့၊ ငွေလွှဲလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ကြောင်းနှင့် ကမ်းရိုးတန်းဒေသရှိ ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဘဏ်ခွဲကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

တပ်မတော်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် မတ် ၂၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စစ်တုရင်ကော်မတီက ကြီးမှူးကျင်းပသော နှစ်(၇၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ (အလွတ်တန်း) စစ်တုရင်ပြိုင်ပွဲကို မတ် ၂၅ရက်မှ ဧပြီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မတ် ၂၅ရက် နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ (ဝ၂၁)

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာ မည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

စာမျက်နှာ ၆ မှ

လယ်တွင်းသား ပြည်တော်သား
အသည်သား မင်းမှုထမ်း
တစိတ်ဝမ်း တလက်ညီ
ပြည်ရေးကို ပြိုင်တူချီကြတော့
ပြည်တော်မြတ်ပဲ့တင်သံ၊
ဘဝဂ်က ပြန်ပါရော့။

. . . .

ပြည်လုံးညီညာတော့
ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့ ဝင်းခဲ့သတဲ့
သည်မင်း သည်ပြည်ထောင်ဖြင့်
မလေးမောင် ချစ်မငြီးနိုင်ဘူ့
ရွှေစည်းခုံ ခြေတော်ရင်းဆီက
ခေတ်ဟောင်းစံ ပုဂံသီချင်းကိုဖြင့်
ညှင်းဆိုခဲ့ကြောင်း။ ။

ဆရာဇော်ဂျီ(၁၉၀၇-၁၉၉၀)
၁၉၃၆၊ မေလ၊ ဂန္တလောက။

ပြည်သူတွေညီညာ ညီညွတ်ခဲ့ကြသဖြင့် မြန်မာပြည်ကြီး စည်ပင်ဖွံ့ဖြိုးခဲ့၏။ တိုးတက်ခဲ့၏။ လက်ညှိုးထိုး၍ မလွဲနိုင်သော ကောင်းမှုကုသိုလ်စေတီပုထိုးများကို ယနေ့ခေတ် နိုင်ငံခြားသားများ အံ့အားသင့်ချီးကျူးရလောက် ထူးချွန်ခဲ့၏။

အချုပ်အခြာအာဏာဆိုသည်မှာ လူငယ်များက အသက်ပေး၍ ကာကွယ်ကြရပါသည်။ လွတ်လပ်ရေးဆုံးရှုံးသွားခဲ့ရပြီဆိုလျှင်လည်း ကျားမ မရွေး၊ အသက်အရွယ်မရွေး၊ ဘာသာလူမျိုးမရွေး၊ အသက်သွေးတွေပေးပြီး စွန့်လွှတ်တိုက်ခိုက်ရပြန်ပါ၏။ ပြည်သူ့ကြားက ပြည်သူ့ သားလေး ရန်သူထောင်ထားသောဗုံးကို တိုက်မိပြီး ကျဆုံးသွားရပုံကို စာဖတ်သူ အနီးကပ်ရှုမြင်ကြည့်လိုက်ပါ။ စာဆိုကဝိပညာရှိ ဆရာကြီးမင်းသုဝဏ် မည်သို့ဖွဲ့ဆိုခဲ့ပါလိမ့်။

သူ့မှာတမ်း

သူတို့အဆုတ်
ထားခဲ့မြုပ်သည့်
ဗုံးငုတ်တိုက်မှား
မောင်ပြောက်ကျားကို
ရွာသားရွာသူ
မေးကြမြူသည်
အူအူယမ်းငွေ့ ထတုန်းတည်း။
"အမောင်ပြောက်ကျား
ချစ်သူအားကို
ဘာများမှာခဲ့လိုသနည်း"
"ငယ်ကကြင်မြတ်
မိသက်မှတ်ကို
ခွင့်လွှတ်ခဲ့ကြောင်း ပြောပါလေ"
"အမောင်ပြောက်ကျား
မိဘအားကို
ဘာများမှာခဲ့လိုသနည်း"
"မွေးသည့်မိခင်
မွေးဖခင်ကို
ဦးတင်ခဲ့ကြောင်း ပြောပါလေ"
"အမောင်ပြောက်ကျား
တိုင်းပြည်အားကို
ဘာများမှာခဲ့လိုသနည်း"
"ခရီးမတ်တတ်
လမ်းခုလတ်တွင်
ကိုယ်လွှတ်ရှောင်ခွာ
ခွဲရပါ၍
အားနာခဲ့ကြောင်း ပြောပါလေ. . . "
ယမ်းငွေ့အူအူ၊ တလူလူနှင့်
မေးမြူကြတုန်း၊ အနောက်ကုန်းတွင်
နေလုံးကွယ်လေပြီတကား။

မင်းသုဝဏ် (၁၉၀၉-၂၀၀၄)

သာမန်ပြောက်ကျား ရဲဘော်လေးတစ်ဦး၏ ဘဝနိဂုံးပိုင်းဖြစ်စဉ်တစ်ခုကို ဖွဲ့ဆိုထားသော ကဗျာဇာတ်လမ်းတိုလေးပါ။ စကားသံများ၊ မြင်ကွင်းများက နှလုံးသားကို တုန်ခါစေခဲ့ပါ၏။ အသက်ပေါင်းများစွာ စတေးခဲ့ကြရသည့် လွတ်လပ်ရေး။

နိဂုံး

တာဝန်သိသော ပြည်သူများ၊ တာဝန်ကျေသော လူကြီးလူငယ် ယောက်ျားမိန်းမဟူသမျှ၏ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တွန်းလှန်တိုက်ခိုက်ခဲ့ကြရသော မတ်လ ၂၇ ရက် တော်လှန်ရေးကို ဂုဏ်ပြုကြလျက် "တပ်မတော်နေ့" ဟု သတ်မှတ်ခဲ့ကြ၏။

စစ်ကိုလိုလား၍ ပြည်သူ့တပ်မတော်က စစ်ပညာကို လေ့ကျင့်နေကြခြင်းမဟုတ်။ ငြိမ်းချမ်းရေးကို ကာကွယ်ရန် ပြင်ဆင်နေခြင်းသာဖြစ်၏။ သူတစ်ပါးကို ကျူးကျော်သိမ်းပိုက်ရန် အင်အားဖြည့်တင်းရခြင်းမဟုတ်။ ပြည်သူကို လုံခြုံစွာ ကာကွယ်ရန် အသင့်ပြင်ထားရခြင်းဖြစ်၏။

တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **"ငါတို့ တပ်မတော်သည် ပြည်သူများမှ ဖြစ်ပေါ်လာ၍ ပြည်သူများ၏ လွတ်လပ်ရေးနှင့် ပြည်သူတို့၏ အကျိုးကို စောင့်ရှောက်ကာကွယ်ရန်ဖြစ်သည်။ ထို့ကြောင့် ငါတို့တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည်"** ဟု ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)ခေတ်က မိန့်ကြားခဲ့ပေသည်။ ပြည်သူတို့၏ ရင်နှစ်သည်းချာ သားသမီးများဖြစ်ကြသည့် တပ်မတော်သည် ယခုအခါ ၂၇-၃-၂၀၁၅မှာ "နှစ်ပေါင်း ၇၀ ပြည့် တပ်မတော်နေ့"ကို ကျင်းပတော့မည်။ တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာရပါစေဟု တောင်းဆု ခြွေကြပါသည်။

နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကဗျာ

ဂုဏ်ယူကျေနပ်လိုက်ပါ အမေ

- ❒ အလှူဒါန၊ ပြုကြသူငှာ
  လူတကာကို
  မြန်မာပီပီ၊ အားကျသည်၌. . .။
- ❒ လက်ဝယ်လှူရန်၊ အဖိုးတန်သည့်
  အိမ်ခြံအသပြာ၊ မရှိပါလည်း
  ကြီးစွာ"**ချင်**"ခြင်း၊ သားရင်တွင်းဝယ်
  ချင်းနင်းဝင်ရောက် ခဲ့သည်နောက်. . .။
- ❒ စိတ်မှာခိုင်ကျည်၊ **အာဇာနည်**သို့
  ဆံချည်မရွံ့၊ နောက်မတွန့်ဘဲ
  စွန့်လွှတ်စွန့်ရဲ၊ သတ္တိခဲ ဟော့
  စစ်ထဲ သားဝင်လိုက်ပါပြီ။
- ❒ ဒို့ညီနောင်ထု၊ တည်ထောင်ပြုသည့်
  ပြည်ထောင်စုကြီး၊ ရှေ့ခရီးဝယ်
  ကြည်း ရေ လေထု၊ ဝန်းရံပြု၍
  ပြည်သူ့အိုးအိမ်၊ ပြည့်စည်းစိမ်ကို
  မသိမ် မညှိုး၊ ဂုဏ်ထည်ဖြိုးအောင်
  ကြိုးပမ်းရွက်ဆောင် သွားပါအံ့။
- ❒ ဩော်. . ဘဝနှင့်ချီ၊ အရင်းတည်၍
  တိုင်းပြည်အတွက်၊ အသက်ကိုပေး
  အသွေးကို လှူ သားလို လူကို
  ဂုဏ်ယူကျေနပ်လိုက်ပါ အမေ။
  အမြတ်ဆုံးအလှူမို့ ပီတိဝေ။ ။

နှစ် (၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

မျိုးမြတ်မြတ်မြင့်မောင်

ပြည်တွင်းသတင်း

✱ ရှေ့ဖုံးမှ

ဂုဏ်ပြုသစ်သီးခြင်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းတို့ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား လေယာဉ်မှူးများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးတို့သည် လေယာဉ်မှူးနှစ်ဦးနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခေတ္တရပ်နားနေသည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 ကို ကြည့်ရှုပြီး လေယာဉ်မှူးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များအား Solar Impulse-2 လေယာဉ်မှူးများက လေယာဉ်ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို ဆွစ်ဇာလန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်က စတင်ပြုလုပ်ခဲ့သည်။ ၂၀၁၄ ဇွန် ၂ ရက်တွင် ပထမဆုံးပျံသန်းမှုကို Payerne ရှိ ပုဂ္ဂလိကလေယာဉ်ကွင်းတွင် စမ်းသပ်ပျံသန်းခဲ့သည်။ အဆိုပါ လေယာဉ်သည် အလေးချိန်ပေါင် ၅၁၀၀ (တန်အားဖြင့် ၂ ဒသမ ၃တန်) အလေးချိန်ရှိသည်။ လေယာဉ်၏ တောင်ပံသည် ၇၂ မီတာ ရှည်လျားပြီး အပိုင်းသုံးပိုင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ထို့ပြင် တောင်ပံများတွင် ဆိုလာဆဲလ်ပေါင်း ၁၇၀၀၀ ပါရှိပြီး တစ်နာရီကီလိုမီတာ ၇၀ နှင့် အမြင့် ၁၂၀၀၀ မီတာအထိ ပျံသန်းနိုင်ကြောင်း သိရသည်။

Solar Impulse-2 လေယာဉ်၏ ကမ္ဘာပတ်ခရီးစဉ်ကို ယခုနှစ် မတ် ၉ ရက် ညနေပိုင်းကစတင်ခဲ့ရာ လေယာဉ်မှူး Andre Borshberg က အာရပ်စော်ဘွားများနိုင်ငံ(UAE) Abu Dhabi လေဆိပ်မှ အိုမန်နိုင်ငံ Muscat မြို့သို့ ပျံသန်းချိန် ၁၃ နာရီ ၁ မိနစ်ဖြင့် လည်းကောင်း၊ မတ် ၁၀ ရက်တွင် လေယာဉ်မှူး Bertrand Piccard က အိုမန်နိုင်ငံ Muscat မြို့မှ အိန္ဒိယနိုင်ငံ Ahmedabad မြို့သို့ ပျံသန်းချိန် ၁၅ နာရီ မိနစ် ၂၀ ဖြင့်လည်းကောင်း၊ လေယာဉ်မှူး Andre Borshberg က အိန္ဒိယနိုင်ငံ Ahmedabad မြို့မှ Varanasi မြို့သို့ လည်းကောင်း၊ မောင်းနှင်ပျံသန်းခဲ့ပြီး မတ် ၁၉ ရက်တွင် လေယာဉ်မှူး Bertrand Piccard က Varanasi မြို့မှ မြန်မာနိုင်ငံ မန္တလေးမြို့သို့ ပျံသန်းချိန် ၁၅ နာရီကျော်ဖြင့် လည်းကောင်း မောင်းနှင်ပျံသန်းခဲ့သည်။

အဆိုပါ Solar impulse-2 သည် မြန်မာနိုင်ငံရှိ မန္တလေး၊ တရုတ်နိုင်ငံရှိ Chongqing နှင့် Nanjing၊ အမေရိကန်နိုင်ငံရှိ ဟာဝိုင်ရီနှင့် Phoenix၊ အမေရိကန်အလယ်ပိုင်း နယူးယောက်၊ ဥရောပတောင်ပိုင်း သို့မဟုတ် အာဖရိကမြောက်ပိုင်းသို့ ကမ္ဘာတစ်ပတ် အဆင့်ဆင့်ဖြတ်သန်းမောင်းနှင်မည်ဖြစ်ပြီး ဩဂုတ်လတွင် Abu Dhabiသို့ ခရီးဆုံးပျံသန်းဝင်ရောက်မည် ဖြစ်သည်။

ထိုသို့ ကမ္ဘာတစ်ပတ် ဖြတ်သန်းပျံသန်းပြီး ရပ်နားရာဒေသများတွင် Solar Impulse-2 တီထွင်ခဲ့သည့် ဆွစ်ဇာလန်နိုင်ငံ၏ ဆန်းသစ်တီထွင်မှု အတွေ့အကြုံနှင့် နည်းပညာများကို ပြန်လည်မျှဝေသွားမည်ဟု သိရသည်။ ထိုသို့ မြန်မာနိုင်ငံ မန္တလေးမြို့တွင် သုံးရက်ကြာ ရောက်ရှိရပ်နားပြီး မီဒီယာတွေ့ဆုံပွဲများနှင့် ဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်သည်။

Solar Impulse-2 ခရီးစဉ်တွင် မြန်မာနိုင်ငံသို့ ခရီးတစ်ထောက်နားဖြစ်ခဲ့ခြင်းမှာ ၂၀၁၄ ခုနှစ် စက်တင်ဘာလက သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဆွစ်ဇာလန်နိုင်ငံခရီးစဉ်တွင် ဆွစ်ဇာလန် နိုင်ငံသမ္မတက ခရီးတစ်ထောက်ရပ်နားရန် ကမ်းလှမ်းခဲ့သောကြောင့်ဟု သိရှိရသည်။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော နေရောင်ခြည်စွမ်းအင်သုံး Solar Impulse-2 ၏ ပျံသန်းမှုကုန်ကျစရိတ်သည် CHF-400000 ကုန်ကျမည်ဟု ခန့်မှန်းထားပြီး ၂၀၁၄ခုနှစ်က ပျံသန်းခဲ့သည့် Solar Impulse-1 သည် CHF-500000 ကုန်ကျခဲ့သည့်အတွက် ပျံသန်းမှုကုန်ကျစရိတ်သက်သာကြောင်း သိရှိရသည်။

ထို့ကြောင့် တီထွင်ကြံဆပြီး ဖြစ်မြောက် အောင်မြင်စေရန် ဆောင်ရွက်ခြင်းသည် လူသားတို့၏ စွမ်းရည်ဖြစ်ပါကြောင်း၊ သဘာဝစွမ်းအင်ဖြင့် ဝေဟင်၌ ပျံသန်းနိုင်သည်ကို သက်သေပြလိုက်သည့် ဆွစ်ဇာလန်နိုင်ငံမှ Solar Impulse-2 သည် သဘာဝအလျောက်ရရှိသည့် နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုထားပြီး သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုတစ်စုံတစ်ရာ မရှိကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ နေ့လယ်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Solar Impulse-2 လေယာဉ်မှူးများအား လက်ဆောင်ပန်းချီကားပေးအပ်စဉ်။ (သတင်းစဉ်)

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ရပ်နားစဉ် လာရောက်လေ့လာသူများပြား သတင်းစာများ အခမဲ့ဖြန့်ဝေပေး၍အကျိုးရှိ

မန္တလေး မတ် ၂၀

နေရောင်ခြည်စွမ်းအင် တစ်မျိုးတည်းကိုသာ အသုံးပြုပြီး ကမ္ဘာတစ်ပတ်ပျံသန်းမည့် Solar Impulse -2 လေယာဉ်သည် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရောက်ရှိရပ်နားစဉ်အတွင်း နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ လာရောက်လေ့လာလျက်ရှိကြသည်။

ထိုသို့လေ့လာစဉ် "Solar Impulse -2 လေယာဉ် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိ" သတင်းပါ မြန်မာ့အလင်း၊ ကြေးမုံနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ သတင်းစာများကို အခမဲ့ ဖြန့်ဝေပေးခဲ့ရာ လာရောက်လေ့လာသူများအတွက် အကျိုးရှိသကဲ့သို့ လေယာဉ်ပျံသန်းမှု အစီအစဉ် အထောက်အကူပြုအဖွဲ့မှ ဆွစ်ဇာလန်နိုင်ငံသူ တစ်ဦးကလည်း ယခုကဲ့သို့ လေယာဉ်နှင့် ပတ်သက်သည့်သတင်းကို အလေးထားဖော်ပြပေးသည့်အတွက် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်းနှင့် ပျံသန်းမှုခရီးစဉ်မှတ်တမ်းအဖြစ် ယူဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **အေးမြ(မန်းကိုယ်ပွား)**

ဆိုလာလေယာဉ် လေ့လာမှုမှတစ်ဆင့် ဆန်းသစ်သော တီထွင်ကြံဆမှုနှင့် စိတ်ကူးစိတ်သန်းများရရှိမည်ဟု ယုံကြည်

မန္တလေး မတ် ၂၀

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် (တံတားဦး)၌ ခရီးတစ်ထောက်ခိုနားနေသော ကမ္ဘာပတ် နေရောင်ခြည်စွမ်းအင်သုံး Solar Impulse -2 လေယာဉ်ကို လေကြောင်းနှင့် အာကာသတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာလျက်ရှိသည်။

အဆိုပါ လေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းကာ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေးအတွက် စီစဉ်ပေးထားကြောင်း သိရသည်။ ထိုသို့ ကျောင်းများ၊ တက္ကသိုလ်များမှ လာရောက် လေ့လာရာတွင် လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်၊ ကင်းထောက်လူငယ် မောင်မယ် ၆၀ ကျော်နှင့် အခြားသော ကျောင်းများနှင့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူ ပြည်သူအများအပြား စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။ **(အောက်ပုံ)**

Mobile hangar အတွင်း၌ ထားရှိသော နေရောင်ခြည်စွမ်းအင်သုံး Solar Impulse -2 လေယာဉ်အား ကျောင်းသား ကျောင်းသူများ ၁၀ ယောက် တစ်အုပ်စု စနစ်ဖြင့် ဆိုလာလေယာဉ်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ အပြီးမှ စတင်ကာ စနစ်တကျ ကြည့်ရှုစေခဲ့ပြီး ညနေပိုင်းတွင် စိတ်ဝင်စားသည့် ပြည်သူများအား ဝင်ရောက်လေ့လာကြည့်ရှုခွင့်ပြုခဲ့သည်။ လေယာဉ်မှူးများ အနေဖြင့်လည်း အဆိုပါ လေယာဉ်အား အာရှတိုက်သို့ ပထမဆုံးအကြိမ် စတင်ပျံသန်းချိန်တွင် မြန်မာနိုင်ငံ၏ နွေးထွေးစွာကြိုဆိုမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကြောင့် ကျေနပ်ဝမ်းသာမှုအပြည့်အဝ ပေးစွမ်းနိုင်သည်ဟု မှတ်ယူကြမည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွက်လည်း ကမ္ဘာတစ်ပတ်ဆိုလာလေယာဉ် ဆင်းသက်သည့် အရှေ့တောင်အာရှနိုင်ငံများအနက် တစ်ခုတည်းသော နိုင်ငံဖြစ်ခြင်းကြောင့် ဂုဏ်ယူဖွယ်ရာဖြစ်သည့်အပြင် ရေရှည်တည်တံ့မည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ပေးစွမ်းနိုင်မည့် စွမ်းအင်နည်းပညာ၏ အရေးပါပုံကို ကောင်းစွာနားလည်သဘောပေါက်လာကြမည်ဖြစ်သည်။ ထို့အပြင် ဆိုလာလေယာဉ်သည် အနုစိတ်တည်ဆောက်ခြင်းနည်းပညာ၊ တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်ခြင်း၊ မတူညီသော နည်းပညာများ ပေါင်းစပ်မှုတို့နှင့်အတူ ကျွမ်းကျင်မှုများ၊ စိတ်ကူးစိတ်သန်းများဖြင့် ပုံဖော်ထားခြင်းကြောင့် ဆိုလာလေယာဉ်ကို လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများအနေဖြင့် ဆိုလာလေယာဉ်မှတစ်ဆင့် ဆန်းသစ်သောတီထွင်ကြံဆမှု စိတ်ကူးစိတ်သန်းများ မလွဲမသွေရရှိမည်ဟု ယုံကြည်မိပါသည်။ **မင်းမင်းဇော်**
နိုင်လင်းကြည်၊ ကျော်ထိုက်စိုး

ပြည်တွင်းသတင်း

❄ *ရှေ့ဖုံးမှ*

ထို့နောက် Solar Impulse -2 နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် ကမ္ဘာတစ်ပတ် ပတ်နိုင်ရန် စီစဉ်မှုများနှင့်ဆိုလာလေယာဉ်စီမံကိန်း ဆောင်ရွက်မှုများကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းသည်။

ဆက်လက်၍ Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်၏ လေယာဉ်မှူးများဖြစ်ကြသည့် ဘတ်ထရန်ပက်ကဒ်နှင့် အန်ဒရီဘော့ချ်ဘတ်ဂ်တို့က Solar Impulse -2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် တီထွင်ဖန်တီးမှု သမိုင်းတစ်ခေတ်ဆန်းသည့် ဖြစ်ရပ်ဖြစ်ပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသည် သာယာဝပြောမှုနှင့် ငြိမ်းချမ်းခြင်းတို့၏အရင်းအမြစ်တစ်ရပ်ဖြစ်ပါကြောင်း၊ တူညီသည့် စွန့်ဦးတီထွင်မှု၊ စိတ်အားထက်သန်မှုဖြစ်စဉ်တွင် ပါဝင်ရသည့်အတွက် များစွာကြည်နူးဝမ်းမြောက်မိပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာများအား ထိထိရောက်ရောက် အသုံးချခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများမှ ပိုင်းခြားခွဲထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ ဆိုလာနည်းပညာသည် နောင်လာမည့် မျိုးဆက်သစ်များ၏ လူမှုဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ကမ္ဘာတစ်ပတ် ပျံသန်းနိုင်ရေး ပံ့ပိုးကူညီကြသည့်ကုမ္ပဏီများကိုယ်စား ရှင်ဒလာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ မစ္စတာ စတီဗင်ဖော်စတာ၊ အက်ဖ်အမ်အိုင်ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဆာ့ချ်ပန်(ခ) ဦးသိမ်းဝေတို့က Solar Impulse -2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ကမ္ဘာတစ်ပတ် ပျံသန်းနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်၏ လေယာဉ်မှူးများဖြစ်ကြသည့် ဘတ်ထရန်ပက်ကဒ်နှင့် အန်ဒရီဘော့ချ်ဘတ်ဂ်တို့က ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆက်လက်၍ Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို လာရောက်လေ့လာကြသည့် ကင်းထောက်မောင်မယ်များ၊ နည်းပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ဆွစ်ဇာလန်နိုင်ငံ ABB ကုမ္ပဏီ၊ မြန်မာနိုင်ငံ ဌာနေအုပ်ချုပ်မှုဒါရိုက်တာ မစ္စတာ ချိုင်ရော့ပီရာဝါနာရတ်က ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

Solar Impulse-2 လေယာဉ်မှူးများ မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားစဉ်။ (သတင်းစဉ်)

မျှဝေလိုသူများနှင့် လေ့လာသူများ၏ ရင်တွင်းပီတိစကားသံများ

အမေး/အရေး
မင်းမင်းဇော်၊ နိုင်လင်းကြည်
ဓာတ်ပုံ-ကျော်ထိုက်စိုး

နေရောင်ခြည် စွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် မတ် ၁၉ ရက် ညပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အောင်မြင်စွာဆင်းသက်ရောက်ရှိခဲ့ပြီဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အဆင့်မြင့်နည်းပညာတို့ပေါင်းစပ်၍ မဖြစ်နိုင်ဟုယူဆခဲ့သည်ကို ဖြစ်နိုင်သည်ဟု သက်သေပြနိုင်သည့်အတွက် ကမ္ဘာတစ်ရပ်လုံး အထူးစိတ်ဝင်စားခဲ့ကြသည်။ အဆင့်မြင့်နည်းပညာအား လေ့လာလိုသူများပြားခဲ့သည်။ နည်းပညာသစ်တီထွင်ဆန်းသစ်သူများကလည်း ပြန်လည်မျှဝေပေးလိုကြသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း လွယ်လင့်တကူလေ့လာနိုင်ရန် စနစ်တကျစီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့ကြောင့် နည်းပညာ ပြန်လည်မျှဝေပေးလိုသူများနှင့် လေ့လာသူများ၏ ရင်တွင်းစကားသံများအား ပြန်လည်မျှဝေပေးလိုက်ရပါသည်။

မစ္စတာ အာနီလူချန်

မစ္စတာ ခရစ္စတိုဘာဂျန်နာ

ဒေါ်မြမြဝိုင်း

မစ္စတာ အာနီလူချန်
ဒါရိုက်တာ အက်ဖ်အမ်အိုင်ကုမ္ပဏီ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအုပ်စု

စိတ်အားထက်သန်တက်ကြွမှုကိုဖြစ်စေတယ်ဆိုတဲ့ စကားလုံးတွေကို ကျွန်တော်အနှစ်သက်ဆုံးဖြစ်ပါတယ်။ စိတ်အားထက်သန်မှုတွေ၊ ဆန်းသစ်တီထွင်မှုတွေရယ် ပေါင်းစပ်လိုက်ရင် မဖြစ်နိုင်ဘူးဆိုတဲ့အရာတွေဟာ နောက်ဆုံးမှာ တော့ဖြစ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကြိုတင်ပြင်ဆင်မှုတွေ၊ ပူးပေါင်းကူညီ ဆောင်ရွက်ပေးမှုတွေက ကျွန်တော်တို့အဖွဲ့ဝင်တွေအတွက် အားရကျေနပ်စရာပါပဲ။

မစ္စတာ ခရစ္စတိုဘာဂျန်နာ
မြန်မာနိုင်ငံဆိုင်ရာ
ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး

နေရောင်ခြည် စွမ်းအင်သုံးလေယာဉ်ဆိုတဲ့ စိတ်ကူးရဲ့အစဟာ ဆွစ်ဇာလန်နိုင်ငံက စတင်တာပါ။ ကျွန်တော်တို့ လေယာဉ်မှူးတွေဟာ လေယာဉ်ချည်းပဲ သယ်လာတာ မဟုတ်ပါဘူး။ စွန့်ဦးတီထွင်လိုစိတ်တွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတွေးအမြင်တွေနဲ့ သဘာဝပတ်ဝန်းကျင်ကို မျိုးစေ့ချပေးမယ်ဆိုတာတွေပါ သယ်ဆောင်လာခဲ့တာပါ။ စိတ်ကူးစိတ်သန်းတွေ၊ စွမ်းအင်ကဏ္ဍတွေမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ မျှော်လင့်ချက်အိပ်မက်တွေကိုပါ သယ်လာခဲ့တာဖြစ်ပါတယ်။ ပြင်ဆင်ကြိုဆိုမှုတွေအတွက် အားလုံးက ဝမ်းသာပီတိဖြစ်နေကြတယ်။

ဒေါ်မြမြဝိုင်း အလယ်တန်းပြဆရာမ
အမှတ်(၈)အခြေခံပညာအလယ်တန်းကျောင်း မဟာအောင်မြေမြို့နယ်
မန္တလေး

ဒီနေရောင်ခြည် စွမ်းအင်သုံးလေယာဉ်ဟာ အရှေ့တောင်အာရှနိုင်ငံတွေထဲကမှ ကျွန်မတို့တိုင်းပြည်မှာ ဆင်းတယ်ဆိုတာ ဂုဏ်ယူစရာပါ။ နောင်လာမယ့် မျိုးဆက်သစ်တွေအနေနဲ့ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုနိုင်ရင်ဆိုတဲ့အတွေးတွေကနေ စက်မှုလုပ်ငန်းတွေအထိ ကလေးတွေအတွက် ပိုမိုဗဟုသုတရပြီး အမြင်တွေပွင့်လင်းစေပါတယ်။ အခုနေရောင်ခြည်စွမ်းအင်အသုံးပြုတဲ့ လေယာဉ်ကို ကလေးတွေ ကိုယ်တွေ့မြင်တွေ့ရပြီလေ။ နောင်ကို ကျွန်မတို့နိုင်ငံအတွက် မျှော်မှန်းနိုင်တာပေါ့။

ခွန်မောင်ဆွေ
နည်းပြ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်

အခုဒီကို လာလေ့လာဖြစ်တာက လေကြောင်းတက္ကသိုလ်နဲ့ သက်ဆိုင်တဲ့ နည်းပညာတွေကို စိတ်ဝင်စားလို့ လာရောက်လေ့လာခြင်းပဲဖြစ်ပါတယ်။ နည်းပညာအသစ်အဆန်းတွေနဲ့ ပတ်သက်တဲ့ဗဟုသုတတွေရရှိပါတယ်။ နည်းပညာသစ်တွေက အလွန်စိတ်လှုပ်ရှားစရာကောင်းပါတယ်။ အခုကျောင်းသား ၁၀၀ ကျော်နဲ့ လာရောက်လေ့လာခြင်းဖြစ်ပါတယ်။

မောင်စွမ်းထက်ယဉ်ထွေး
ကင်းထောက်လူငယ် ဆဋ္ဌမတန်း
အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း မန္တလေးမြို့

ဒီနေရောင်ခြည် စွမ်းအင်သုံးလေယာဉ်ကို လေ့လာရတာ သားအတွက် အထူးအဆန်းဖြစ်တယ်။ အံ့ဩတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အခြားလောင်စာဆီတွေ မပါလို့ပါပဲ။ သားလေယာဉ်စီးချင်တယ်။ သားစာကြိုးစားမယ်။ အခုလာရောက်လေ့လာတဲ့ သားအပါအဝင် ကင်းထောက်လူငယ်မောင်မယ် တွေ ၆၀ ကျော်ပါဝင်ပါတယ်။

မနှင်းစက်မိုးဦး
ကင်းထောက်လူငယ် သတ္တမတန်း
အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း မန္တလေးမြို့

ဒီဆိုလာလေယာဉ်ကို လေ့လာရတာ ပညာရပ်ဆိုင်ရာဗဟုသုတတွေရတယ်။ နေရောင်ခြည်ကိုပဲသုံးတယ်ဆိုတာကတော့ အံ့ဩစရာပါပဲ။ သမီးတို့လည်း တီထွင်မှုတွေလုပ်နိုင်အောင် ကြိုးစားမယ်။

ခွန်မောင်ဆွေ

မောင်စွမ်းထက်ယဉ်ထွေး

မနှင်းစက်မိုးဦး

ပြည်တွင်းသတင်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ အရင်းအနှီးဖြစ်ပါတယ်

ဒေါက်တာကံဇော်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ပနိုင်ငံများမှ ချေးငွေအထောက်အပံ့ရယူမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တွေ့ဆုံမေးမြန်းပြောကြားချက်များကို ဖော်ပြအပ်ပါသည်။

ဒေါက်တာကံဇော် ပြည်ထောင်စုဝန်ကြီး

အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေနဲ့တစ်ပိုင်းက နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်းဖြစ်တဲ့ နှစ်စဉ် အမျိုးသားစီမံကိန်း၊ ငါးနှစ်ကာလတို စီမံကိန်းများ၊ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကာလရှည် အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းလို့ခေါ်တဲ့ နှစ်(၂၀)၊ နှစ်(၃၀) စီမံကိန်းများနဲ့ မျှော်မှန်းချက်များကို စီမံကိန်းရေးဆွဲခြင်း၊ ကြီးကြပ်ခြင်းနဲ့ အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်နေပြီး နောက်တစ်ပိုင်းကတော့ နိုင်ငံတကာနဲ့ ဆက်ဆံဆောင်ရွက်တဲ့အခါမှာ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေနဲ့လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေနဲ့လည်းကောင်း နိုင်ငံတကာနဲ့ နိုင်ငံခြားဆက်စပ် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှု၊ ရင်းနှီးမြှုပ်နှံမှုတို့အတွက် အခွင့်အလမ်းတွေ ဖန်တီးပေးတဲ့ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်(ပါမစ်)တွေ ထုတ်ပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအစရှိသည့် ဥပဒေများနှင့်အညီ ခွင့်ပြုပေးခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။

နောက်တစ်ခါ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများကို ဖန်တီးပေးခြင်း၊ ပါမစ်တွေထုတ်ပေးခြင်း စတဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘက်စုံထောင့်စုံကနေပြီးတော့ ဆောင်ရွက်ပေးနေတဲ့ ဝန်ကြီးဌာနတစ်ခု ဖြစ်ပါတယ်။

နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုလို့ပြောတဲ့အခါမှာ အဓိကအားဖြင့် ယနေ့ထိအောင် နိုင်ငံတိုင်းမှာ အဓိကညွှန်ကိန်းတစ်ခုဖြစ်တဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးခေါ်တဲ့(GDP)ကို တိုင်းတာနေကြတာရှိပါတယ်။ GDPကို တွက်ချက်တဲ့အခါမှာ အဓိကအားဖြင့် အရင်းနဲ့ ကုန်ထွက်အချိုး ဆိုတာကို အခြေခံပါတယ်။ ဒါကြောင့် အရင်းနဲ့ ကုန်ထွက်အချိုးမှာ အရင်းအနှီးများများရင်းနိုင်ရင် ကုန်ထွက်များများရပါမယ်။ ဒါကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဆောင်ရွက်နေမှုဖြစ်ပါတယ်။

အခြေခံအဆောက်အအုံတွေ နည်းနေသေးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ လမ်း၊ တံတား၊ လျှပ်စစ်၊ တယ်လီဖုန်း၊ ရေ စတာတွေလိုအပ်ပါတယ်။ နောက်တစ်ခါ ရထား၊ ကား၊ သင်္ဘော၊ လေယာဉ်အစရှိတာတွေ၊ ဖွံ့ဖြိုးမှုအားကောင်းဖို့ စက်ရုံတွေ လိုအပ်ပါတယ်။ စက်ရုံတွေအပြည့်အဝလည်ပတ်လာတဲ့အချိန်မှာ အရင်းနည်းနည်းနဲ့ ကုန်ထွက်များလာပါတယ်။

ပထမပိုင်းမှာတော့ အရင်းများများထည့်မှ ကုန်ထွက်များများရနိုင်မယ်။ ဒါကြောင့်မို့လို့ ဖွံ့ဖြိုးမှုမှာ အဆင့်နှစ်ဆင့်ရှိပါတယ်။ ကနဦးအဆင့်မှာတော့ အရင်းများများထည့်ရမယ်။ နည်းပညာသိပ်မကောင်းသေးတဲ့အတွက် အရင်းများများထည့်ရတာဖြစ်တယ်။ အဲ့ဒီတော့မှ ကုန်ထွက်များများရမယ်။ နောက်ပိုင်းမှာတော့ နည်းပညာတွေလည်း အားကောင်းလာပြီး လူတွေလည်း ကျွမ်းကျင်လာပြီဆိုရင် တစ်ဦးကျ ထုတ်လုပ်မှုတွေမှာလည်း အားကောင်းလာပြီး အရင်းထည့်မှုနည်းလာပြီး ကုန်ထွက်များများ ရလာပါမယ်။

များများထုတ်လေ၊ ဈေးတွေကျလာလေဖြစ်ပါတယ်။ ဒီအချိန်ကို ကျွန်တော်တို့ ရောက်နိုင်ဖို့အတွက် အချိန်ကာလတစ်ခု စောင့်ရမှာဖြစ်ပါတယ်။ အခုလက်ရှိကာလကတော့ အရင်းများများထည့်မှ ကုန်ထွက်များများ ထွက်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံဟာ အခုအချိန်အထိ အရင်းအနှီးဟာ အဓိကလိုအပ်တဲ့အခြေအနေမှာ ရှိပါတယ်။

ဒုတိယလိုအပ်တာကတော့ နည်းပညာဖြစ်ပါတယ်။ နည်းပညာတိုးတက်ဖို့အတွက်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းတွေ၊ နည်းပညာသင်တန်းတွေ ဖွင့်လှစ်ဆောင်ရွက်နေပါတယ်။

လက်ရှိအားဖြင့်တော့ နိုင်ငံတကာကနေ အရင်းအနှီးတွေ စီးဝင်မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေက အရင်းအနှီးစီးဝင်နေတာဖြစ်ပါတယ်။ ချေးငွေတွေကလည်း အရင်းအနှီးစီးဝင်နေတာဖြစ်ပါတယ်။ ဒီလို အရင်းအနှီးစီးဝင်လာတဲ့အကျိုးကျေးဇူးကို ကြည့်မယ်ဆိုရင် တစ်အချက်က ကိုယ့်နိုင်ငံထဲကို အရင်းအနှီးစီးဝင်လာပြီဆိုရင် ဒီအရင်းအနှီးတွေက ကိုယ့်နိုင်ငံထဲမှာ ဒီအတိုင်းနေပါ့မလား၊ ဒီအရင်းအနှီးတွေကို ဘာလုပ်မလဲဆိုတော့ နိုင်ငံတွင်းမှာရှိတဲ့ သူတို့တည်ဆောက်ရေးအတွက်ဖြစ်စေ၊ လုပ်ငန်းလုပ်ဖို့အတွက်ဖြစ်စေ နိုင်ငံတွင်းမှာ ဝယ်လို့ရတဲ့ပစ္စည်းတွေအားလုံးကိုဝယ်မှာဖြစ်တော့ နိုင်ငံတွင်းမှာ ထုတ်လုပ်တဲ့ကုန်စည်တွေရဲ့ ဝယ်လိုအားတွေ တက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတွင်း ထုတ်လုပ်တဲ့သူတွေအတွက်လည်း အကျိုးကျေးဇူးတွေ ဖြစ်လာပါတယ်။ နိုင်ငံတွင်းမှာရှိနေတဲ့ ပစ္စည်းတွေကို စုစည်းပြီး နိုင်ငံခြားက လိုအပ်တဲ့ ငွေအရင်းတွေကို ထည့်သွင်းလိုက်တဲ့အခါမှာ တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ရပါမယ်။ တည်ဆောက်ရေးလုပ်ငန်းတွေလုပ်ရင် အရင်ဆုံးတည်ဆောက်ရေးလုပ်သားတွေ အလုပ်ရမယ်။

နောက်တစ်ခါ စက်ရုံလည်ပတ်ပြီဆိုရင် စက်ရုံလုပ်သားတွေ အလုပ်ရမယ်။ အရင်းအနှီးစီးဝင်လာတဲ့အခါမှာ ရမယ့်အခြေအနေတွေက အလုပ်ကြမ်းသမားတွေ၊ ကျွမ်းကျင်မှုနည်းပါးတဲ့ လုပ်သားတွေအထိ အလုပ်ရလာမှာဖြစ်ပါတယ်။ နောက် စက်ရုံလည်ပတ်ပြီဆိုရင်လည်း အလုပ်ကို ကျွမ်းကျင်တဲ့ လုပ်သားတွေ၊ တစ်ဝက်တစ်ပျက်ကျွမ်းကျင်တဲ့ အမျိုးသမီးအလုပ်သမတွေ၊ အမျိုးသားအလုပ်သမားတွေ အစရှိသဖြင့် အလုပ်ရလာမယ်။

နောက်တစ်ခုက ဈေးကွက်တွေပွင့်လင်းလာမယ်။ ထွက်လာတဲ့ကုန်စည်ကို ပြည်တွင်းမှာလည်း ပြန်ရောင်းမှာဖြစ်တဲ့အတွက် ဈေးသက်သက်သာသာနဲ့ ဈေးကွက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်

ထဲမှာ ပြည်သူတွေ ပိုမိုရွေးချယ်နိုင်မယ့် ဖက်ရှင်တွေ၊ ဒီဇိုင်းတွေ ပိုများလာတော့မှာဖြစ်ပါတယ်။ အခုချိန်မှာ နိုင်ငံခြားကတင်သွင်းပြီးတော့ ဝယ်နေရတာတွေ၊ ဈေးကြီးလို့ မဝယ်နိုင်တာတွေဟာ ပြည်တွင်းဈေးကွက်မှာ ရောက်လာမှာဖြစ်တဲ့အတွက် ပြည်သူတွေအတွက် ရွေးချယ်ပိုင်ခွင့်များလာမှာ ဖြစ်ပါတယ်။

ပြည်တွင်းထုတ်ကုန်တွေက ဈေးကွက်တွေ ပိုရလာပါမယ်။ နိုင်ငံမှာ အလုပ်အကိုင်တွေ အများကြီးတိုးတက်လာမယ်။ နောက် အဲဒီထုတ်ကုန်တွေကို ပြည်တွင်းမှာ ပြန်ရောင်းမှာဖြစ်တဲ့အတွက် ပြည်တွင်းဈေးကွက်မှာလည်း ပြည်သူတွေ ဝယ်ယူစားသုံးနိုင်ဖို့အတွက် ရွေးချယ်စရာတွေ ဈေးသက်သာတဲ့ကုန်စည်တွေ ပိုပြီးတော့တိုးလာမယ်။

ဒီအခြေအနေတွေဟာ တကယ့်ကို အရင်းအနှီးစီးဝင်မှုနဲ့ ပေါ်လာတဲ့ ရရှိလာတဲ့အကျိုးအဆက်တွေ၊ ပြင်ပအကျိုးအဆက်တွေဖြစ်ပါတယ်။ ပြည်တွင်းမှာ ထွက်တာတွေကလည်း ယှဉ်ပြိုင်မှုတွေ ပေါ်များလာမယ်။

ထုပ်ပိုးတဲ့ပုံစံတွေကအစ တိုးတက်ပြောင်းလဲလာမှုတွေက ပြည်သူတွေရဲ့ စိတ်ကျေနပ်မှုကို ပေးနိုင်တယ်လို့ ပြောကြားလိုပါတယ်။ ဒါတွေကတော့ ရရှိလာတဲ့ အကျိုးရလဒ်တွေ ဖြစ်ပါတယ်။

ချေးငွေစီမံကိန်းတွေနဲ့ပတ်သက်လို့ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ချေးငွေစီမံကိန်းတစ်ခုဖြစ်လာပြီဆိုရင် သက်ဆိုင်ရာ ချေးမယ့်နိုင်ငံ (သို့မဟုတ်) အဖွဲ့အစည်း၊ ကမ္ဘာ့ဘဏ်၊ အာရှ ဖွံ့ဖြိုးရေးဘဏ် စတာတွေနဲ့ ချေးယူလိုတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ကို ကျွန်တော်တို့ဝန်ကြီးဌာနက နှစ်နိုင်ငံ အဖွဲ့အစည်းကြားမှာ ညှိနှိုင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ချေးငွေညှိနှိုင်းပေးခြင်း ဖြစ်ပါတယ်။

အဲဒီလို ညှိနှိုင်းပေးတဲ့အခါမှာ ချေးငွေမှာပါဝင်တဲ့ လိုအပ်တဲ့အခြေအနေတွေ ကန့်သတ်ချက်တွေအပေါ်မှာ နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီးတော့ သဘောတူညီမှုရမှ နိုင်ငံခြား အကူအညီအထောက်အပံ့ စီမံခန့်ခွဲမှု ဗဟိုကော်မတီတင်ပြရပါတယ် ။ ဗဟိုကော်မတီရဲ့ခွင့်ပြုချက်နဲ့အညီ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောတူညီမှုနဲ့ ချေးငွေစာချုပ်ချုပ်ဆိုဖို့အတွက် တင်ပြပါတယ်။

ဒီစာချုပ်ချုပ်ဆိုဖို့အတွက် ချေးငွေဖြစ်တဲ့ စာချုပ်ချုပ်ဆိုမှုကို လွှတ်တော်ရဲ့ အတည်ပြုချက် ယူရပါတယ်။ အချို့ကိစ္စတွေမှာ အလျင်အမြန် လုပ်ရတာဖြစ်တဲ့အတွက် ကြိုတင်ခွင့်ပြုချက်တွေတောင်းပြီးတော့ ချေးငွေလက်မှတ်ထိုးဖို့ ဆောင်ရွက်ရပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ကိုယ်စား လက်မှတ်ထိုးရတဲ့လုပ်ငန်းတွေ ရှိပါတယ်။ အချို့လုပ်ငန်းတွေမှာကျတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ သက်ဆိုင်ရာချေးတဲ့အဖွဲ့အစည်းတွေ လက်မှတ်ရေးထိုးရတာ ရှိပါတယ်။

ဒီလိုလက်မှတ်ရေးထိုးတဲ့အခါမှာ ဒီလုပ်ငန်းတွေ တကယ်ကို ထိရောက်အောင်မြင်လာဖို့ ချေးငွေအကူအညီတွေကို ဘယ်လိုသုံးစွဲနေတယ်၊ သုံးစွဲမှုတွေကို ထိရောက်အောင် သို့မဟုတ် ထင်သာမြင်သာအောင် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံခြားရဲ့ အကူအညီ အထောက်အပံ့နဲ့ AID Management Information System (AIMS) အကူအညီ အထောက်အပံ့၊ စာရင်းဇယားများဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို ဆောင်ရွက်ပြီးနေပြီဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်တာဖြစ်တဲ့အတွက် နိုင်ငံတကာအဆင့်မီပါတယ်။ နိုင်ငံခြားအကူအညီ အထောက်အပံ့တွေနဲ့ ပတ်သက်ပြီးတော့ အကူအညီအထောက်အပံ့ပေးတဲ့အဖွဲ့အစည်းက သူ့ရဲ့ အကူအညီအထောက်အပံ့ကို ဘယ်တိုင်းဒေသ၊ ဘယ်ပြည်နယ်၊ ဘယ်မြို့နယ်၊ ဘယ်ဒေသမှာ ဘယ်လောက်သုံးစွဲမလဲ။ လူဦးရေ ဘယ်လောက်ကိုအကျိုးသက်ရောက်မှုလုပ်မလဲ၊ ဒီဟာကို သူ့ရဲ့ Code Number နဲ့ ဖွင့်လိုက်ရင် ဒါတွေဟာ သိရှိနိုင်မှာဖြစ်ပါတယ်။

သို့သော် သူက အကူအညီအထောက်အပံ့နဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ကူညီထောက်ပံ့ပေးတဲ့ အဖွဲ့အစည်းတွေကသာလျှင် သူ့ရဲ့ကူညီထောက်ပံ့ငွေကို Online ပေါ်မှာ သူတို့ပေးထားတဲ့ Password နဲ့ ဖွင့်ပြီး ကြည့်နိုင်ပါတယ်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံးကိုတော့ နှစ်စဉ်ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်မှာ ကျန်တဲ့လူတွေကို အသိပေးမှာဖြစ်ပြီးတော့ အမြဲတမ်း Web ပေါ်မှာ သိနိုင်ဖို့ရာ ခုနကပြောတဲ့ Password နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းက မိမိရဲ့လုပ်ငန်းတွေ ဘယ်ကိုရောက်နေပြီ၊ ဘယ်အဆင့်ရောက်နေပြီ၊ ဘယ်လောက်ထိအောင် အကျိုးသက်ရောက်နေပြီ၊ ဘယ်အချိန်မှာ ဘယ်အကူအညီအထောက်အပံ့တွေ ထပ်ထည့်ရမလဲ၊ ဘယ်အချိန်မှာတော့ အကူအညီအထောက်အပံ့တွေ ဘယ်နေရာကို ရွှေ့မယ်ဆိုတာတွေကို သိနိုင်ပါတယ်။ ထိုနည်းတူစွာ သက်ဆိုင်ရာ ချေးငွေတွေနဲ့ပတ်သက်ပြီး သိရှိနိုင်ဖို့အတွက် ကူညီထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက်စနစ်ကို ကျွန်တော်တို့ ဆောင်ရွက်ဖို့ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးကြပ်မှုအဖွဲ့တွေနဲ့ စနစ်တကျဆောင်ရွက်နေတာဖြစ်တယ်။ တစ်ဖက်ကလည်း ဒါတွေအားလုံးဟာ တကယ်တော့ ချေးငွေရော၊ အကူအညီ အထောက်အပံ့ရော၊ နိုင်ငံ့ဘဏ္ဍာငွေတွေဟာ ပြည်သူ့ဘဏ္ဍာများ ဖြစ်တဲ့အတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် Public Finance Management System (PFM) နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးကြပ်မှုအဖွဲ့၊ ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေ အားလုံးနဲ့စံကိုက်ဖြစ်အောင် ဆောင်ရွက်နေတာက ကျွန်တော်တို့ဝန်ကြီးဌာနအပါအဝင် အဓိကကတော့ ဘဏ္ဍာရေးဝန်ကြီးဌာနဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ စာရင်းစစ်ချုပ်ရုံးလည်း ပါပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းတွေပါဝင်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်လည်းပါတယ်။ အဲ့ဒါတွေနဲ့ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုကို ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် ပြည်သူ့ဘဏ္ဍာ ဘယ်အချိန်မှာ၊ ဘယ်နေရာမှာ ဘယ်လိုသုံးမယ်ဆိုတာကို အတိအကျ ဖော်ပြနိုင်လာပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့ အဲ့ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံဟာ PFM ဆိုတဲ့ Public Finance Management System နဲ့ စနစ်တကျဆောင်ရွက်နေပြီး နိုင်ငံတကာအဆင့်နဲ့အညီ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံကို အာဆီယံမှာ အများနဲ့ ပခုံးချင်းယှဉ်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် အဆင့်ဆင့် ကြိုးစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လက်ရှိလည်း ဆက်လက်ဆောင်ရွက်ဖို့ ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသားစီမံကိန်းထဲက နှစ်ရှည်စီမံကိန်းများ၊ ငါးနှစ်ကာလတိုစီမံကိန်း၊ နှစ်(၂၀) နှစ်ရှည်စီမံကိန်းတွေကို ချမှတ်ပြီးတော့ စနစ်တကျ ဆောင်ရွက်နေပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဖွံ့ဖြိုးမှုအတွက် လိုအပ်တဲ့ တည်ဆောက်ရေး လုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ အခြေခံအဆောက်အအုံတွေ၊ လူမှုရေး အဆောက်အအုံတွေ၊အပေါ်ထပ်အဆောက်အအုံတွေကို စနစ်တကျ၊ နည်းလမ်းတကျ ပြည်သူတွေရဲ့ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ပြည်သူဗဟိုပြု အစီအစဉ်တွေ စီစဉ်ဆောင်ရွက်ဖို့ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ အရှိန်အဟုန်ရလာတာကို ပြည်သူအားလုံး လက်တွေ့ခံစားမြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာပဲကြည့်ကြည့်၊ တယ်လီဖုန်းဆက်သွယ်ရေးမှာပဲကြည့်ကြည့်၊ လျှပ်စစ်ရရှိမှုမှာပဲ ကြည့်ကြည့်၊ တခြားဘက်စုံ ဖွံ့ဖြိုးမှုတွေမှာပဲ ကြည့်ကြည့်၊ ဈေးကွက်ဖွံ့ဖြိုးမှုတွေမှာပဲ ကြည့်ကြည့်၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ အလုပ်အကိုင်ရရှိလာတာမှာပဲ ကြည့်ကြည့် နေရာတိုင်းမှာ၊ ဘက်စုံထောင့်စုံမှာ၊ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံတွေအနေနဲ့လည်း ဒီလိုဖွံ့ဖြိုးတိုးတက်လာတာကိုကြည့်ပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ရရှိလာတာကို အားရစွာနဲ့ ပါဝင်ဆောင်ရွက်လာကြတာကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကမ္ဘာ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေက မြန်မာနိုင်ငံကို ဘယ်လိုဝင်ရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံရမလဲ၊ မြန်မာနိုင်ငံရဲ့ အရှိန်အဟုန်ကောင်းတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ်မှာ ဘယ်လိုလာပြီးတော့ အလုပ်အကိုင်တွေ လုပ်ဖို့လုပ်မလဲ၊ ဘယ်လို ကုန်ပစ္စည်းတွေလာထုတ်မလဲဆိုတာ စဉ်းစားပြီးတော့မှ နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ ကိန်းဂဏန်းတွေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ဆောင်ရွက်ချက်တွေကို အချိန်အခါအလျောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း ထုတ်ပြန်နေတာ ဖြစ်သလို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနရဲ့ ကြေညာချက်၊ ထုတ်ပြန်ချက်တွေမှာလည်း မြင်တွေ့ကြပြီးသား ဖြစ်ပါတယ်။

အရင်းအနှီးစီးဝင်မှုနဲ့ပတ်သက်လို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ အရင်းအနှီးဖြစ်ပါတယ်။ အရင်းအနှီးကို ကျွန်တော်တို့ နေရာပေါင်းစုံက ရရှိနိုင်ပါတယ်။

နေရာပေါင်းစုံက ရရှိနိုင်တယ်ဆိုတာ ပြည်တွင်းက ရရှိနိုင်သလို ပြည်တွင်းရရှိမှုနဲ့ မလုံလောက်တော့ဘူးဆိုရင် ပြည်ပကနေပြီးတော့ ရရှိဖို့အတွက် ဆောင်ရွက်ကြတာဖြစ်ပါတယ်။ အရင်းအနှီးစီးဝင်မှု(သို့မဟုတ်) အရင်းအနှီးတည်ဆောက်မှု (Capital Formation) ကနေ ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်တဲ့ စုစုပေါင်းပြည်တွင်းထုတ်ကုန်(GDP) ကို ထုတ်လုပ်ပေးနိုင်ဖို့အတွက် အရင်းအနှီးဟာ မရှိမဖြစ်လိုအပ်တဲ့ အဓိကအရာဖြစ်ပါတယ်။ ဒါကြောင့် ဒီအရင်းအနှီးလိုအပ်ချက်ကို ရှာဖွေတဲ့အခါမှာ နိုင်ငံတော်မှာဆိုရင် ပြည်တွင်းစုဆောင်းမှု ဘယ်လောက်ရှိသလဲ။ စုဆောင်းတယ်ဆိုတာ ပြည်သူတွေရဲ့ စုဆောင်းမှုပေါ့။ ဒါဘဏ်တွေမှာလည်း တွေ့နိုင်ပါတယ်။ နောက် ပုဂ္ဂလိကကဏ္ဍစုဆောင်းမှုတွေမှာလည်း တွေ့နိုင်ပါတယ်။ အဲဒီစုဆောင်းမှုတွေကို ဒီအတိုင်း စုဆောင်းမှုအတိုင်းထားလို့မရဘဲနဲ့ ဒီစုဆောင်းမှုတွေကို ပြန်ပြီးတော့ အတိုးအပွားဖြစ်အောင်၊ စုဆောင်းမှုအတိုင်းထားရင် အတိုးအပွားမဖြစ်ပါဘူး။ ဒါကြောင့် စုဆောင်းမှုတွေကို အတိုးအပွားဖြစ်အောင် ရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲရတာဖြစ်တဲ့အတွက် ဒီရင်းနှီးမြှုပ်နှံမှုကို ပြောင်းလဲဖို့အတွက် စုဆောင်းမှုမှသည် ရင်းနှီးမြှုပ်နှံမှုသို့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့ (IPI)၏ ညီလာခံနှင့် မြန်မာနိုင်ငံ

ဒေါက်တာသာစိန်နှင့်အဖွဲ့

ကမ္ဘာ့ငြိမ်းချမ်းရေးသည် လူသားအချင်းချင်း၏ နားလည်စာနာမှုအပေါ်တွင် များစွာမူတည်သည်။ ထို့အတွက် သတင်းအချက်အလက်မှန်များ ရရှိရေးမှာ မရှိမဖြစ်လိုအပ်သည်။

ထို့ကြောင့် **လူသားများအကြား နားလည်စာနာမှုရှိရန် အခြေခံလိုအပ်ချက်အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ စာနယ်ဇင်းသမားများအကြား နားလည်စာနာမှုရှိရေးကို ဖော်ဆောင်ရမည်ဖြစ်သည်။** ယင်းယုံကြည်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ကို ဖွဲ့စည်းခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာစာနယ်ဇင်းအဖွဲ့၏ ရည်မှန်းချက်မှာ စာနယ်ဇင်းလွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန်၊ စာနယ်ဇင်းသမားအချင်းချင်း နားလည်မှုဖော်ဆောင်ရန်၊ စာနယ်ဇင်းသမားနှင့် ပြည်သူများအကြား နားလည်မှုရှိလာစေရန်၊ နိုင်ငံများအကြား တိကျပြီး ဘက်မလိုက်သော သတင်းများ အခမဲ့ဖလှယ်မှုမြှင့်တင်ရန်နှင့် သတင်းစာပညာရပ်များ ဖွံ့ဖြိုးရန်တို့ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာစာနယ်ဇင်းအဖွဲ့အစည်း၏ ကမ္ဘာ့ညီလာခံ

အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့အစည်း(IPI) သည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် အထင်ရှားဆုံး ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်မှုအဖွဲ့အစည်းဖြစ်ပြီး အယ်ဒီတာများ၊ မီဒီယာ အမှုဆောင်များနှင့် ရှေ့ဆောင်စာနယ်ဇင်းသမားများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတကာကွန်ရက်တစ်ခုလည်း ဖြစ်ပါသည်။

စာနယ်ဇင်းကျင့်ဝတ်များ တိုးတက်ရေး၊ သတင်းနှင့် သတင်းအချက်အလက် လွတ်လပ်စွာစီးဆင်းမှုတိုးတက်ရေး၊ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်စောင့်ရှောက်ရေး၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပိုမိုမြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

IPI ၏ ပြက္ခဒိန်အရ နှစ်စဉ်ကျင်းပသည့် ညီလာခံတစ်ခုမှာ IPI ကမ္ဘာ့ညီလာခံဖြစ်ပါသည်။ အဆိုပါညီလာခံသို့ ကမ္ဘာတစ်ဝန်းမှ နာမည်ကြီးသော မီဒီယာအဖွဲ့အစည်းများမှ ရှေ့ဆောင်စာနယ်ဇင်းသမားများ၊ အစီအစဉ်ညွှန်ကြားရေးမှူးများ၊ အမှုဆောင် အယ်ဒီတာများ၊ ဝါရင့်မီဒီယာ အမှုဆောင်များနှင့် ထိပ်တန်းမီဒီယာလုပ်ငန်း အမှုဆောင်များ တက်ရောက်ကြပါသည်။

ညီလာခံတွင် ပါဝင်ဆွေးနွေးကြမည့်အဖွဲ့ဝင်များ (Panelists)သည် အကောင်းဆုံး စာနယ်ဇင်းကျင့်ဝတ်များနှင့် ခေတ်ရေစီးကြောင်းနှင့် လိုက်လျောညီထွေဖြစ်ပေါ်လာစေရေး ဆွေးနွေးရန် အခွင့်အလမ်းတစ်ရပ်ပေးသကဲ့သို့ မီဒီယာနှင့် စာနယ်ဇင်းပညာ ဆင့်ကဲပြောင်းလဲလာမှုဖြစ်ပေါ်လာစေရေးအတွက်လည်း လေးနက်သည့်အတွေးအမြင်များ ပေးလျက်ရှိပါသည်။

ညီလာခံတွင် ဒေသတွင်းနှင့် နိုင်ငံတကာတွင် သတင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပိုမိုရရှိရေး ဆွေးနွေးကြသကဲ့သို့ အမြင်ချင်းဖလှယ်နိုင်ရေးအတွက်လည်း ထူးခြားသည့် အခွင့်အရေးပေးလျက်ရှိပါသည်။

လွတ်လပ်ပြီး အမှီအခိုကင်းသော သတင်းမီဒီယာသည် ရေရှည်တည်တံ့သော စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးနှင့် လူ့အခွင့်အရေးထိန်းသိမ်းရေးအတွက် အခြေခံအဆင့်ပင်ဖြစ်ပါသည်။ အဆိုပါညီလာခံသည် ညီလာခံကျင်းပသောဒေသနှင့် နိုင်ငံအတွင်း ကျွန်ုပ်တို့၏ လုပ်ငန်းများ မြှင့်တင်ရေး အကူအညီပေးသလို သတိပေးနေသည့် ပလက်ဖောင်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ အဖွဲ့ဝင်များနှင့် ကျွန်ုပ်တို့ကို အလုပ်အကျွေး ပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အပြောင်းအလဲသည် အလွန်အရေးပါသော သမိုင်းဝင်အပြောင်းအလဲများကို ရင်ဆိုင်နေရသည့် နိုင်ငံများ၏ အပြောင်းအလဲကဲ့သို့ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းပမည့်
IPI ကမ္ဘာ့ညီလာခံ၏ ရည်ရွယ်ချက်များ

မြန်မာနိုင်ငံ၌ ကျင်းပမည့် IPI ကမ္ဘာ့ညီလာခံ၏ ရည်ရွယ်ချက်များမှာ IPI ၏ ကမ္ဘာ့ညီလာခံမှရရှိသော အခွင့်အလမ်းကို ထိရောက်စွာအသုံးပြုကာ ဒေသတွင်း သတင်းလွတ်လပ်မှုအပေါ် အကျိုးသက်ရောက်စေသည့် စာနယ်ဇင်းဆိုင်ရာ ပြဿနာအချို့ကို ဖြေရှင်းရန်၊ မီဒီယာလွတ်လပ်မှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုနှင့် စာနယ်ဇင်းကျင့်ဝတ်များဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာကြေညာချက်ပါ ရပိုင်ခွင့်အတွက် ပလက်ဖောင်းတစ်ခု ဖန်တီးရာတွင်လည်းကောင်း၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ ဖလှယ်ရေးအတွက် စာနယ်ဇင်းသမားများအား ပေါင်းစုတွေ့ဆုံပေးရေးတွင်လည်းကောင်း လုပ်ငန်းအထမြောက်ရန် လမ်းညွှန်မည့် မဟာဗျူဟာသည် မိမိတို့၏ အထူးတလည်ကျွမ်းကျင်မှုအပေါ် တည်မှီနေကြောင်းကို သိရှိသဘောပေါက်ရန်တို့ ဖြစ်ပါသည်။

IPI **ညီလာခံကို မတ်လ ၂၇ ရက်နေ့မှ ၂၈ရက်နေ့အထိ ရန်ကုန်မြို့ရှိChatrium Hotel Royal Lake**

IPI ကမ္ဘာ့ညီလာခံ ၂၀၁၃ ကျင်းပခဲ့စဉ်က တွေ့ရစဉ်။

IPI ညီလာခံကို မတ်လ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရန်ကုန်မြို့ရှိ Chatrium Hotel Royal Lake တွင် ကျင်းပမည်ဖြစ်ပါသည်။

တွင် ကျင်းပမည်ဖြစ်ပါသည်။ ညီလာခံသို့ နိုင်ငံပေါင်းစုံမှ စာနယ်ဇင်းအဖွဲ့ဝင်ပေါင်း ၁၅၀ နှင့် မြန်မာနိုင်ငံ မှ ၆၀ ခန့် တက်ရောက်မည်ဟုသိရသည်။

ညီလာခံမှရရှိနိုင်မည့် အကျိုးကျေးဇူး

ညီလာခံသည် အာရှနှင့် ကမ္ဘာတစ်ဝန်းရှိ စာနယ်ဇင်းသမားများနှင့် မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများအကြား ဆက်ဆံရေးတိုးမြှင့်နိုင်မည့်အပြင် အရေးကြီးသော ကွန်ရက်ချိတ်ဆက်မှု အခွင့်အလမ်းတစ်ရပ်ကိုပါ ဖော်ဆောင်ပေးမည်ဖြစ်သည်။

ညီလာခံသည် အကောင်းဆုံးသော စာနယ်ဇင်းဆိုင်ရာ အလေ့အကျင့်များ ဖလှယ်ရေးအတွက် အရေးပါသော ပလက်ဖောင်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

ညီလာခံမှတစ်ဆင့် လွန်ခဲ့သောသုံးနှစ်က မြန်မာနိုင်ငံ၏ ကြီးမားသော တိုးတက်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီ၏ အနှစ်သာရအဖြစ် စာနယ်ဇင်းလွတ်လပ်မှုကို ဖော်ဆောင်ခဲ့သော မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများအပေါ် နိုင်ငံတကာက အာရုံစိုက်လာမည်ဖြစ်သည်။ ထို့အပြင် တက်ရောက်လာသူများအနေဖြင့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်း အောင်မြင်မှုများအပေါ် အရေးကြီးသော သင်ခန်းစာများ ထုတ်ယူနိုင်ကြမည်ဖြစ်သည်။

ညီလာခံသည် မြန်မာနိုင်ငံရှိ ကောင်းမွန်သောမီဒီယာ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးမည့် မြန်မာအစိုးရ၏ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် IPI အကြား ဆက်ဆံရေးနှင့် ယုံကြည်မှု ပိုမိုမြှင့်တင်နိုင်မည်ဟု မျှော်လင့်ရပါသည်။

မတ်လ ၂၇ရက်နေ့တွင် အပိုင်း (၁) အဖြစ် ဥပဒေနှင့် အလေ့အထများမှတစ်ဆင့် မီဒီယာလွတ်လပ်ခွင့်ရယူခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းခေါင်းစဉ်အောက်တွင် ၂၀၁၁ ခုနှစ်မှစပြီး မြန်မာနိုင်ငံ၌ ထူးခြားသည့် ဖွံ့ဖြိုးတိုးတက်မှုအချို့ရရှိခဲ့မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် လွတ်လပ်ပြီး အမှီအခိုကင်းသော မီဒီယာတစ်ရပ်အတွက် ဥပဒေဆိုင်ရာ ပတ်ဝန်းကျင်တစ်ရပ်ဖော်ဆောင်နိုင်ခဲ့မှု၊ နှစ် ၅၀အတွင်း ပထမဦးဆုံးအနေဖြင့် ပုဂ္ဂလိကသတင်းစာများ ထုတ်ယူခွင့်ရပြီး စိစစ်ဖြတ်တောက်မှုလုပ်ငန်းများ ဖျက်သိမ်းခဲ့မှု၊ စာနယ်ဇင်းဥပဒေအသစ်များ ပြဋ္ဌာန်းခဲ့မှု၊ မြန်မာနိုင်ငံတွင် မလိုလားအပ်သော ဥပဒေဟောင်းများ ကျန်ရှိနေဆဲဖြစ်ပြီး ယင်းဥပဒေဟောင်းများက စာနယ်ဇင်းလွတ်လပ်ခွင့်အပေါ် ခြိမ်းခြောက်နေမှုတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

အပိုင်း (၂) အဖြစ် ထိလွယ်ရှလွယ်သော ပဋိပက္ခသတင်း ရေးသားခြင်းသင်ခန်းစာများ ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းခေါင်းစဉ်အောက်တွင် ကမ္ဘာပေါ်၌ ပဋိပက္ခဆက်လက်ရှိနေသရွေ့ စာနယ်ဇင်းသမားများလည်း ဆက်ပြီး သတင်းယူကြမည့်အခြေအနေ၊ ထိုသို့သော အခြေအနေတွင် သတင်းစာပညာသည် ပြည်သူအတွက် မရှိမဖြစ်လိုအပ်လျက်ရှိရာ ပဋိပက္ခလျော့နည်းသွားရေးအတွက် စာနယ်ဇင်းသမားများ၏ အခန်းကဏ္ဍပို၍ ကြီးမားလာမှု၊ သတင်းသမားများ၏ ကလောင် သို့မဟုတ် ကင်မရာများကို လက်နက်အဖြစ် ရှုမြင်ကြသည်ဖြစ်ရာ ပဋိပက္ခအတွင်း ကျရောက်လာမည့် အန္တရာယ်များကို မည်သို့ကြိုတင် ကာကွယ်ရမည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

အပိုင်း(၃)အဖြစ် နောက်ဆုံးရထူးခြားသတင်း (Breaking News) ရယူရာတွင် ဘာသာရေးဆိုင်ရာ အကဲဆတ်မှုဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းခေါင်းစဉ်အောက်တွင် သတင်းဌာနများအနေဖြင့် ဘာသာရေးဆိုင်ရာပြဿနာများကို ဆောင်းပါးများ သို့မဟုတ် မှတ်တမ်းမှတ်ရာများဖြင့် ရေးသားဖော်ပြခဲ့ကြသည်။ သို့သော် နောက်ဆုံးရ ထူးခြားသတင်းများကို မည်သို့ ရယူရေးသားကြမလဲ၊ တင်းကျပ်သော အခြေအနေမျိုးတွင် သတင်းသမားများအနေဖြင့် တိကျမှုရအောင် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများရှိပါသလား၊ အရေးအခင်းတစ်ခုနှင့်ပတ်သက်ပြီး ဘာသာရေးဆိုင်ရာသတင်း ရေးသားရာတွင် သတင်းသမားများအနေဖြင့် မျှတအောင် ဆောင်ရွက်ပေးနိုင်မလား၊ ဘာသာရေးခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏အသံကို ကြားရအောင် ကြိုးစားနိုင်တုန်းပဲလားဆိုသည့် အချက်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ကျန်အပိုင်းများတွင် သတင်းဌာနရှိ စာတည်းဌာနနှင့် ဘဏ္ဍာရေးဌာနများအကြား ဖြစ်လေ့ဖြစ်ထရှိသော တင်းမာမှုများ၊ အများယုံကြည်လက်ခံနိုင်မှုကို မထိခိုက်စေဘဲ ဝင်ငွေတိုးပွားမည့် အကောင်းဆုံးသော မူဝါဒအလေ့အထများသတ်မှတ်ရေးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခြင်း၊ သတင်းဌာနများ ခေတ်နှင့်အမီ လိုက်နိုင်ရန် ၎င်းတို့၏ စီးပွားရေးပုံစံအသွင်အပြင်များ သတ်မှတ်လိုက်ကြသည်ဖြစ်ရာ ပါဝင်သည့်အကြောင်းအရာအပေါ် မည်သို့မည်ပုံ ထိခိုက်နိုင်မှုနှင့် မည်သို့သော သင်ခန်းစာရရှိနိုင်မှုတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ မီဒီယာနှင့် လူ့အဖွဲ့အစည်းများသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရချိန်တွင် Hate Speech အသုံးနှုန်း မြင့်တက်လာသည်မှာ အထူးပြဿနာတစ်ရပ်ဖြစ်လာမှု၊ ယင်းကဲ့သို့သော အငြင်းပွားစကားအမျိုးအစားက သတင်းမီဒီယာရယူရာတွင် စတင်ထိခိုက်လာပါသလား၊ ယင်းအငြင်းပွားစကားများ ကန့်သတ်မှု၊ ကိုင်တွယ်မှုပြုလုပ်ရာတွင် အောင်မြင်အောင် ဘာကို အသုံးပြုရမလဲ၊ လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်ကို လေးစားတန်ဖိုးထားနေဆဲအချိန်တွင် သတင်းသမားများအနေဖြင့် အမုန်းပွားစကားများကို ရှောင်ရှားနိုင်မည်လား၊ ယင်းဖြစ်စဉ်တွင် မီဒီယာအသစ်များ၏ အခန်းကဏ္ဍက ဘယ်လိုရှိမလဲ စသည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

ထိုခေါင်းစဉ်များနှင့်အတူ **အရေးအခင်းတစ်ခုကို ပုံကြီးချဲ့ခြင်း သို့မဟုတ် အထိတ်တလန့်ဖြစ်အောင် ပြုလုပ်ခြင်းမရှိဘဲ အရေးကြီးသတင်းများ ဖြန့်ဝေရေးတာဝန်ကို မည်သို့ယူမလဲ၊ သတင်းစိစစ်မှုကို ထိန်းချုပ်သော ကြိုးပမ်းမှုများသည် အာဏာရှိသူတို့ကို ကာကွယ်ရန် သက်သက်မဖြစ်ရေးအတွက် သတင်းသမားများ မည်သို့လုပ်ဆောင်ကြမလဲ၊ ထိလွယ် ရှလွယ် သတင်းရေးသားသည့် အာရှဒေသမှ သတင်းသမားများအနေဖြင့်ခြိမ်းခြောက်မှုများ၊ အန္တရာယ်များနှင့် ရင်ဆိုင်နေရမှု၊ မှုခင်းနှင့်အကျင့်ပျက်ခြစားမှုများ တိုက်ဖျက်ရေးနှင့် ဖော်ထုတ်ရေးတွင် ၎င်းတို့အခန်းကဏ္ဍအရေးကြီးမှု စသည်အကြောင်းအရာများကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။**

ထို့အပြင် နိုင်ငံများအနေဖြင့် သတင်းသမားများအတွက် ဘေးကင်းလုံခြုံမှုရှိအောင် ကောင်းမွန်စွာမဆောင်ရွက်နိုင်သေးသည့်အခြေအနေတွင် အန္တရာယ်ကြုံတွေ့နိုင်သော ဝန်ထမ်းများအတွက် လုံခြုံဘေးကင်းမှု အဆင့်အတန်းကို အယ်ဒီတာများကမြှင့်တင်ပေးနိုင်ပါသလား။ ဘာသာရေးပြဿနာသည် ကမ္ဘာတစ်ဝန်းအာရုံစိုက်နေရသည့် ပြဿနာဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့သော အသွင်ကူးပြောင်းရေးနိုင်ငံတစ်နိုင်ငံတွင် ဘာသာရေးကြောင့်ဖြစ်သော တင်းမာမှုများကို မီဒီယာများက ထိန်းချုပ်နိုင်ပါသလား။

နိုင်ဂျီးရီးယား၊ အစ္စရေးနှင့် ပါလက်စတိုင်းကဲ့သို့သောနိုင်ငံများတွင် ဘက်လိုက်မှုမရှိဘဲ နိုင်ငံရေးပဋိပက္ခများနှင့် လူမှုရေးမတည်ငြိမ်မှုများကို သတင်းရယူရေးသားနိုင်ကြပါသလား၊ ငြိမ်းချမ်းရေးမြှင့်တင်ရာတွင် မီဒီယာများက တာဝန်ရှိပါသလား၊ ထောင်ကျခံ အသတ်ခံရသော သတင်းသမားများ၏ မိသားစုများအနေဖြင့် မီဒီယာပညာရပ်အပေါ် ၎င်းတို့၏ အမြင်၊ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ကျွမ်းကျင်သူများ၏ အကြံဉာဏ်နှင့်အတူ ယင်းမိသားစုဝင်များနှင့် သတင်းဌာနများက သတင်းသမားများကို မည်သို့ဘေးကင်းအောင်လုပ်မည်၊ သတင်းသမား မိသားစုများကို မည်သို့အကာအကွယ်ပေးမည် စသည်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများအတွက် အသိအမြင်များတိုးပွားစေပြီး နိုင်ငံတကာမှ စာနယ်ဇင်းသမားများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မြင်တွေ့ခွင့်ရရှိစေမည့် အခွင့်အရေးတစ်ရပ်ဖြစ်သော မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့အစည်း (IPI)ညီလာခံကို ယခုဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

ပြည်တွင်းသတင်း

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၀

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လက်ရှိပညာရေးကဏ္ဍ စီမံခန့်ခွဲအုပ်ချုပ်ပုံစနစ်၊ တက္ကသိုလ်များ သီးခြားရပ်တည်မှု၊ တက္ကသိုလ်တစ်ခုချင်းစီ ဆောင်ရွက်နိုင်မှု အခြေအနေနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲမှုအခြေအနေ စသည်တို့ကို အကျယ်တဝင့် ဦးဆောင်ဆွေးနွေးသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရပ်ဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ၊ ဝန်ထမ်းရေးရာဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းသည်များကိုလည်းကောင်း၊ အရည်အသွေးမြင့်မားသောပညာရေးစနစ် ဖြစ်ပေါ်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် တက္ကသိုလ်၊ ကောလိပ်များအား ပညာရေးဝန်ကြီးဌာနမှ ယာယီလွှဲပြောင်းလက်ခံရေးနှင့် အသွင်ကူးပြောင်းရေးကာလအတွင်း ကြိုတင်ပြင်ဆင်မှုများကို လည်းကောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ဖွင့်လှစ်ထားသော တက္ကသိုလ်၊ကောလိပ်ဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်၊ စီမံထားရှိပုံစနစ်နှင့် ရုံးလုပ်ငန်းဆိုင်ရာ အသွင်ကူးပြောင်းရေးကာလအတွင်း ကြိုတင်ပြင်ဆင်ထားသည့် လုပ်ငန်းများကိုလည်းကောင်း၊ ရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းရွေးချယ်ခန့်အပ်ရေးနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေဆိုင်ရာများကိုလည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဌာနက ဘဏ္ဍာရေးဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ဘဏ္ဍာငွေသုံးစွဲခြင်း၊ ကျောင်းသားကျောင်းသူလက်ခံခြင်း၊ အသွင်ကူးပြောင်းကာလအတွင်း ကြိုတင်ပြင်ဆင်ခြင်း၊ ဝန်ထမ်းများခန့်ထား၊ ရာထူးတိုး၊ ပြောင်းရွှေ့ခြင်း၊ နိုင်ငံခြားပညာတော်သင်စေလွှတ်ခြင်းဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရှင်းလင်းတင်ပြဆွေးနွေးချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်စာမေးပွဲများ ဆက်လက်ကျင်းပ

ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် ဝင်ရောက်ဖြေဆို

ရန်ကုန် မတ် ၂၀

ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များ၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် စာမေးပွဲများကို မတ် ၁၉ ရက်မှ စတင်ကျင်းပလျက်ရှိရာ ရန်ကုန်တက္ကသိုလ်တွင် ဒုတိယနေ့ တက္ကသိုလ်စာမေးပွဲများကို ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများနှင့် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ ဖြေဆိုလျက်ရှိသည်။

"ကျောင်းသားတွေက လေးဘာသာဖြေရတဲ့ ကျောင်းသား ကျောင်းသူတွေ ရှိတယ်။ ခြောက်ဘာသာအထိ ဖြေရတာတွေရှိတယ်။ စာမေးပွဲပြီးတဲ့အချိန်ကတော့ မတူကြဘူး။ အားလုံးပြီးမှာက ၃၁ ရက်နေ့မှာ ပြီးမှာပါ။ ဘာလို့လဲဆိုတော့ အထောက်အကူပြုဘာသာရပ်တွေက ကလေးတွေစိတ်ကြိုက် ရွေးချယ်ခွင့်ပေးထားတော့ စာမေးပွဲကာလ ရှည်လျားတာပါ" ဟု ရန်ကုန်တက္ကသိုလ် သင်တန်းရေးရာဌာနမှူး ဒေါက်တာလှရွှေက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်များတွင် တက္ကသိုလ်စာမေးပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

သတင်း-မင်းသစ်
ဓာတ်ပုံ-ဇော်မင်းလတ်

ပညာရေးဘွဲ့ စာပေးစာယူအနီးကပ်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၀

၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ ပညာရေးဘွဲ့စာပေးစာယူ သင်တန်းသားများ ကိုယ်တိုင်တက်ရောက်ရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အမှတ်စဉ် (၃၃) ပထမနှစ်သင်တန်းနှင့် အမှတ်စဉ်(၃၂) ဒုတိယနှစ် သင်တန်းများကို ၂၀၁၅ ခုနှစ် ဧပြီ ၂၄ ရက်မှ မေ ၁၅ ရက်အထိ အနီးကပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်ရန်အတွက် ၂၀၁၅ ခုနှစ် ဧပြီ ၂၃ ရက် (ကြာသပတေးနေ့)နောက်ဆုံးထား သတင်းပို့ရမည်ဖြစ်ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

တက္ကသိုလ်ဝင်စာမေးပွဲ မွန်ပြည်နယ်၌ အေးချမ်းစွာဖြေဆို

မုဒုံ မတ် ၂၀

ယနေ့ ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲများ သမိုင်းဘာသာရပ်ကို မွန်ပြည်နယ် စာစစ်ဌာန ၁၄ ခု၌ ဖြေဆိုရန် စာရင်းပေးသွင်းသူ ကျောင်းသား ၁၁၂ ဦး၊ ကျောင်းသူ ၂၅၁ ဦး စုစုပေါင်း ၃၆၃ ဦးအနက် ကျောင်းသား ၁၂ ဦး၊ ကျောင်းသူ ၂၀ စုစုပေါင်း ၃၂ ဦး ပျက်ကွက်ပြီး ကျောင်းသား ၁၀၀ နှင့် ကျောင်းသူ ၂၃၁ ဦး စုစုပေါင်း ၃၃၁ ဦးတို့က အေးချမ်းစွာ ဖြေဆိုခဲ့ကြရာ ယခုနှစ်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်အားလုံး ဖြေဆိုပြီးစီးသွားပြီဖြစ်သည်။

ကိုချစ်(မုဒုံ)

တန်ဖိုးနည်းအိမ်ရာများတည်ဆောက်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြနန္ဒာလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲခွင့်ရှိသော အစိုးရမြေ (၁၈၃ ဒသမ ၅၀၅)ဧကတွင် တန်ဖိုးနည်းအိမ်ရာများတည်ဆောက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော နိုင်ငံသား ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် အောက်ပါအဆို ပြုလွှာများကို သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းနိုင်ပါသည်-

(က) ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာတွင် အိမ်ရာဒီဇိုင်း၊ ကြီးကြပ်ဆောင်ရွက်မည့် အစီအမံ၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာအချက်အလက်များ၊ အလားတူလုပ်ငန်းအတွေ့အကြုံနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများဖော်ပြပါရှိရမည်။

(ခ) ငွေကြေးဆိုင်ရာအဆိုပြုလွှာတွင် လုပ်ငန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၊ လုပ်ငန်းအဆင့်အလိုက်ကုန်ကျမည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကုမ္ပဏီ/အဖွဲ့အစည်းတို့အကြား နှစ်ဦးနှစ်ဖက်အကျိုးခံစား ခွင့်နှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြချက်တို့ကို ဖော်ပြရမည်။ ထို့ပြင် တင်ဒါတင်သွင်း သူ၏ လွန်ခဲ့သော သုံးနှစ်အတွက စာရင်းစစ်ဆေးပြီး ငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၂၄-၄-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တင်ဒါပုံးတွင် မှတ်ပုံတင်၍ တင်ဒါအဆိုပြုလွှာများကို တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက် စိစစ်မည့်ရက်ကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာကို ၂၃-၃-၂၀၁၅ရက်မှစ၍ တစ်စုံလျှင် ၅၀၀၀၀ (ကျပ်ငါးသောင်းတိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုအာမခံအဖြစ်(၁၀၀၀၀၀၀၀၀ိ/-)(ကျပ်သိန်းတစ်ထောင်)ကို မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၅)တွင် ကြိုတင်ပေးသွင်းရပါမည်။

၆။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် တန်ဖိုးနည်းအိမ်ရာဆောင်ရွက်ရန်မြေဧရိယာ(ငါး)ဧကလျှင် တစ်ယူနစ်နှုန်းဖြင့် ကွန်ကရစ်လမ်း၊ အုတ်ရေမြောင်း၊ လမ်းမီးတိုင်၊ လျှပ်စစ်သွယ်တန်းမှုစသည့် Infrastructure လုပ်ငန်းများပါ ထည့်သွင်းတွက်ချက် တင်သွင်းရမည်ဖြစ်ပါသည်။

၇။ www.eyangon.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

ယာဉ်မောင်း (၂) ဦးအလိုရှိသည်။
(လစာကောင်း ပေးမည်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၃

ဦးသိန်းအောင် **နှင့်** ဦးဝင်းတင်
တရားလို **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင်ဦးဝင်းတင် အမှတ်(၃၈၀)၊ မဓာဝီလမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးသိန်းအောင်က မြေကွက်နှင့်နေအိမ်အရောင်းအဝယ် စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၃၀ရက် (၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁၁ရက်)နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်တကွယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ဌေး)
တွဲဖက်မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

စာမေးပွဲဖြေဆိုထားသူများ၏ ရေးဖြေနှင့် လူတွေ့အောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လိုအပ်လျက်ရှိသော ကွန်ပျူတာလုပ်ဆောင်ရေးမှူး(၁၁)နေရာ၊ ဒုတိယမီးသတ်ဦးစီးမှူး (၁)နေရာ၊ လက်ထောက်မီးသတ်ဦးစီးမှူး(၂)နေရာ၊ စက်မှုကျွမ်းကျင်-၄(၂)နေရာ၊ မီးသတ်တပ်ကြပ်ကြီး(၂)နေရာ၊ မီးသတ်တပ်ကြပ် (၂)နေရာ၊ မီးသတ်ဒုတပ်ကြပ်(၂)နေရာ၊ မီးသတ်တပ်သား(၄)နေရာများအတွက် အရည်အချင်းစစ်ဆေးရေး ရေးဖြေနှင့် လူတွေ့အောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

ကွန်ပျူတာလုပ်ဆောင်ရေးမှူး (လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)	ခုံအမှတ်များ-၃၊ ၄၊ ၁၂၊ ၁၅၊ ၂၀၊ ၂၂၊ ၂၃၊ ၂၅၊ ၃၂၊ ၃၈၊ ၃၉
ဒုတိယမီးသတ်ဦးစီးမှူး (လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)	ခုံအမှတ် -၄
လက်ထောက်မီးသတ်ဦးစီးမှူး (လစာနှုန်းကျပ် ၉၃၀၀၀-၁၀၀၀-၉၈၀၀၀)	ခုံအမှတ်များ-၂၊ ၄
စက်မှုကျွမ်းကျင်-၄ (လစာနှုန်းကျပ် ၈၇၀၀၀-၁၀၀၀-၉၂၀၀၀)	ခုံအမှတ်များ-၃၊ ၄
မီးသတ်တပ်ကြပ်ကြီး (လစာနှုန်းကျပ် ၈၇၀၀၀-၁၀၀၀-၉၂၀၀၀)	ခုံအမှတ်များ-၁၊ ၂
မီးသတ်တပ်ကြပ် (လစာနှုန်းကျပ် ၈၁၀၀၀-၁၀၀၀-၈၆၀၀၀)	ခုံအမှတ်-၁
မီးသတ်ဒုတိယတပ်ကြပ် (လစာနှုန်းကျပ် ၈၁၀၀၀-၁၀၀၀-၈၆၀၀၀)	ခုံအမှတ်များ-၁၊ ၃၊ ၄
မီးသတ်တပ်သား (လစာနှုန်းကျပ် ၇၅၀၀၀-၁၀၀၀-၈၀၀၀၀)	ခုံအမှတ်များ-၁၊ ၂၊ ၃၊ ၄

၂။ ရေးဖြေနှင့် လူတွေ့အောင်မြင်သူများသည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၉း၃၀ နာရီအရောက် ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲ၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်သို့ လာရောက်သတင်းပို့ရမည်ဖြစ်ပါသည်။

၃။ သတင်းပေးပို့ရန်ပျက်ကွက်သူများအား ရေးဖြေနှင့် လူတွေ့အောင်စာရင်းမှ ပယ်ဖျက်ပါမည်။

ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် (၃၂)၊ နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/ ၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံ လက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၉-၃-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်း သက်တမ်းတိုး (၂၇) ဦးနှင့် ထုတ်ဝေသူ သက်တမ်းတိုး (၃၂) ဦး၊ ပေါင်းလုပ်ငန်းသက်တမ်းတိုး (၅၉)ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ (၂၇)ဦး၊ထုတ်ဝေခွင့်အတွက်အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၆)ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၆)ဦး၊ အထွေထွေထုတ်ဝေခွင့် (၇)ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်းအသစ်လျှောက်ထားသူ (၂)ဦး ပေါင်းလုပ်ငန်းအသစ် (၄၈) ဦးတို့အား လည်းကောင်း၊ ထုတ်ဝေလုပ်ငန်းအမည်ပြောင်း (၁)ဦးနှင့် လိပ်စာပြောင်း(၂)ဦးတို့အား လည်းကောင်း အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀- ၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၈၉၆)ဦးနှင့် အသစ်လျှောက်ထားသူ (၁၄၃)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၉၀၂)ဦးနှင့် အသစ်လျှောက်ထားသူ (၃၄၂)ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ (၈)ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် (၂၂၉၁)စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦး၊ ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ သတင်းအေဂျင်စီ အသစ်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

လောက်ကိုင်မြို့တွင် မူးယစ်ဆေးဝါးသယ်ဆောင်/ရောင်းဝယ်သုံးစွဲသူများအား ထောင်ဒဏ်များ အသီးသီးချမှတ်

နေပြည်တော် မတ် ၂၀

မတ် ၁၇ ရက် မွန်းတည့် ၁၂နာရီတွင် မူးယစ်တပ်ဖွဲ့စု (၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ နယ်မြေခံရဲတပ်ဖွဲ့နှင့် နယ်မြေခံတပ်မှ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် လောက်ကိုင်မြို့ ရပ်ကွက်(၁)တုန်ချိန်-ရင်ဖုန်းသွားကားလမ်း၊ "လင်းစံသာ" ဝပ်ရှော့ဘေးရှိ ကျန်းဖု၏ နေအိမ်ကို ရှာဖွေရာ နေအိမ်တွင် ကျန်းဖု၊ လော်ကျားစန်း၊ ရှောက်ရှီး၊ လီလောက်အဲ၊ လောက်ထဲ၊ လီကွဲရှင်၊ ချောင်အဲနှင့် ညီနိုင်တို့ ရှစ်ဦးနှင့်အတူ အိုက်စ် ၆ ဒသမ ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ဘိန်းဖြူဘလောက်တုံး ၀ ဒသမ ၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၀ ဒသမ ၁ ကီလိုနှင့်အရောင်တင်မှုန့်ရောရာ ၀ ဒသမ ၃ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် လောက်ကိုင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး မတ် ၁၈ ရက်တွင် စစ်ခုံရုံးမှ တရားခံ ကျန်းဖု၊ လော်ကျားစန်း၊ ရှောက်ရှီး၊ လီလောက်အဲ၊ လောက်ထဲ၊ လီကွဲရှင်၊ ချောင်အဲနှင့် ညီနိုင်တို့ ရှစ်ဦးတို့အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ ထောင်ဒဏ် ၃၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ ရပ်ကွက်(၁) တုန်ချိန်-ရင်ဖုန်းသွားကားလမ်း "နေလင်း" ဝပ်ရှော့နောက် အုတ်တံတိုင်းဘေးရှိ ပုံ့ကျတဲတစ်လုံးသို့ ဝင်ရောက်ရှာဖွေရာ ကျင်းပေါ်၊ ဝေရှူး၊ လီကျိန်းချင်၊ ရန်းစေး၊ လီလောက်စန်း၊ မာယုံ၊ လော်လောက်ချိန်နှင့် အိုက်ထွန်းတို့ ရှစ်ဦးနှင့်အတူ အက်ဖီဒရင်း ၀ ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးမှုန့် ၀ ဒသမ ၀၀၃၅ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် လောက်ကိုင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး မတ် ၁၈ ရက်တွင် စစ်ခုံရုံးမှ တရားခံ ကျင်းပေါ်၊ ဝေရှူး၊ လီကျိန်းချင်၊ ရန်းစေး၊ လီလောက်စန်း၊ မာယုံ၊ လော်လောက်ချိန်နှင့် အိုက်ထွန်းတို့ ရှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/ ၁၉(က)/၂၁ အရ ထောင်ဒဏ် ၃၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

☆ *ကျောဖုံးမှ*

ပွိုင့်-၁၉၆၈ အပါအဝင် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား လေကြောင်းမှ တိုက်ခိုက်ချေမှုန်းခဲ့သည်။

ထို့အပြင် မတ် ၁၉ ရက်တွင် နှစ်နိုင်ငံနယ်စပ်နှင့် မီတာ(၁၅၀၀)ခန့်အကွာရှိ သောင်းကျန်းသူတို့အတွက် အရေးကြီးသော စစ်နည်းဗျူဟာအရ အရေးကြီးသော တောင်ကုန်းများဖြစ်သည့် ပွိုင့်-၁၅၆၄ နှင့် ရှင်ခုတ်ထန် မြောက်ဘက် တောင်ကြောတို့အား ထိုးစစ်ဆင်တိုက်ခိုက်၍ သောင်းကျန်းသူ အင်အားစုများအား ရင်ဆိုင်ထိန်းချုပ် တိုက်ခိုက်လျက်ရှိသည်။

အဆိုပါတိုက်ပွဲဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူထံမှ တရုတ်စက်လတ် ၁ လက်၊ ကျည်မျိုးစုံ ၇၁၀ တောင့်၊ လက်ပစ်ဗုံး ၆ လုံး၊ TNLA ယူနီဖောင်း ၁ စုံ၊ ကိုးကန့်သောင်းကျန်းသူ ယူနီဖောင်း ၁၀ စုံ၊ မြန်မာ/ရခိုင်ဘာသာ မှတ်စုစာအုပ် ၁ အုပ်နှင့် လူ ၂၀၀ ခန့်အသုံးပြုနိုင်သော အုပ်ချုပ်မှုအထောက်အကူပြု ပစ္စည်းမျိုးစုံတို့အား သိမ်းဆည်းရရှိခဲ့သည်။ တပ်မတော်မှ စစ်သည် ၃ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည် ၁၂ ဦး ထိခိုက်ဒဏ်ရရှိခဲ့ကြောင်း သိရှိရသည်။

(မြဝတီ)

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာစက်မှုဇုန်ရပ်နေ ဦးကျော်မောင်အား ၂၀-၃-၂၀၀၂ ရက်စွဲဖြင့် ထုတ်ပေးခဲ့သော ဦးပိုင်အမှတ်(၈-၁/၄)၊ မြေကွက်အမှတ်(၂၂-ဈ)၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ပိုင်းမြေဂရန်တွင် ၂၅၄/၂၀၀၁-၂၀၀၂နှစ်၊ ၃၀ ဂရန်မြေတွင် ဦးကျော်မောင်၏ မှတ်ပုံတင်နံပါတ်မှာ လွဲမှားနေပါသည်။ ထိုစဉ်က ဦးကျော်မောင်မှ သေချာမစစ်ဆေးမိခဲ့ပါ။ ၎င်း၏ မှတ်ပုံတင်နံပါတ်အမှန်ဖြစ်သော ၉/ဝတန(နိုင်)၀၀၇၈၆၀ သို့ ပြောင်းလဲမည်ဖြစ်သဖြင့် အဆိုပါမှတ်ပုံတင်နံပါတ်ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဦးကျော်မောင်မှ ပြေလည်အောင်တာဝန်ယူဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပိုင်ရေးပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဦးကျော်မောင်ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးကျော်မောင် ၉/ဝတန(နိုင်)၀၀၇၈၆၀	**ဒေါ်ထိုက်ထိုက်စိုး(LL.B, D.B.L)**
မိတ္ထီလာစက်မှုဇုန်	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၈၂)**
	အမှတ်(၂)၊ ဝမ်းတွင်းမြို့
	ဖုန်း-၀၉-၄၀၂၇၈၆၁၆၁

ကျေးဇူးဆပ်ပါမည်

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၅၁၂/ခ၊ မြေကွက်တည်နေရာအမှတ် ၅၁၂/ခ၊(၈)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဦးတင်စိုး) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးတင်စိုးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစိန်ဝင်း ၁၂/စခန(နိုင်)၀၀၆၉၆၆မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၂၆၃၊ ၊ မြေကွက်တည်နေရာအမှတ် ၃၂၊ မဏ္ဍိုင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးကျော်စိန် ၁၂/စခန(နိုင်)၀၂၂၈၈၇) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးကျော်စိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန်းရင် ၁၂/စခန (နိုင်)၀၂၂၈၈၆ မှ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် သေစာရင်း တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်း

(၄၁) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

မော်လမြိုင် မတ် ၂၀

၂၀၁၅ ခုနှစ် (၄၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို မုဒုံမြို့နယ် မြို့မအားကစားကွင်း၌ မတ် ၁၉ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့ရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးအုန်းမြင့်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်၊ KNLA ငြိမ်းချမ်းရေးအဖွဲ့ တပ်မဟာ(၁)မှ ဗိုလ်မှူးချုပ် စောကျော်လင်း၊ ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ပြည်သူများ စုစုပေါင်း ၆၀၀၀ ကျော် စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၄၁)နှစ်မြောက် မွန်ပြည်နယ်နေ့သို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဖတ်ကြားသည်။ ယင်းနောက် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်နှင့် KNLA ငြိမ်းချမ်းရေး အဖွဲ့တပ်မဟာ (၁)မှ ဗိုလ်မှူးချုပ် စောကျော်လင်းတို့က ဂုဏ်ပြုစကားများ ပြောကြားပြီး ပြည်နယ်ဂုဏ်ဆောင်ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာရှိ 21 Paradise သဘာဝရေပူစမ်း အပန်းဖြေစခန်းဖွင့်ပွဲသို့ တက်ရောက်ပြီး အပန်းဖြေစခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေ၌ ကျင်းပသည့် (၄၁) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်း၊ အရောင်းပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ပြခန်းများနှင့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ဖွင့်ပွဲသို့လာရောက် ဖျော်ဖြေပေးကြသည့် တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ညနေ ၄ နာရီတွင် စက်စဲကမ်းခြေ၌ သဲသောင်ပြင်အားကစားပြိုင်ပွဲများကို ကျင်းပပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

စက်စဲကမ်းခြေ၌ ကျင်းပသည့် (၄၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ပြည်တွင်း ပြည်ပမှ ခရီးသွားများ၊ ဒေသခံပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မြတ်မွန်ထွေး

ပခုက္ကူမြို့တွင် စက်သုံးဆီဆိုင်နှစ်ဆိုင် မီးလောင်မှုဖြစ်ပွား

ပခုက္ကူ မတ် ၂၀

ပခုက္ကူမြို့ ပခုက္ကူ-ပေါက်ကားလမ်း မိုင်တိုင်အမှတ် (၆/၆)အနီး ကွန်ပျူတာတက္ကသိုလ်ရှေ့၌ မတ် ၁၉ ရက် ညနေ ၃ နာရီက စက်သုံးဆီဆိုင်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် စက်သုံးဆီဆိုင်နှစ်ဆိုင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးမျိုးလွင် ရွှေချောင်းကျေးရွာ ပခုက္ကူမြို့နယ်နေသူ ပိုင်ဆိုင်သော ဘဝတက္ကသိုလ်စက်သုံးဆီ အရောင်းဆိုင်တွင် အလုပ်သမား မအိသူခိုင် (၂၀နှစ်)ပခုက္ကူမြို့နယ်နေသူက အပူရှိန်ရှိသော ပလတ်စတစ်ပုံးအတွင်းသို့ အောက်တိန်းဆီများကို ဂါလန်ခွက်ဖြင့်လှယ်ထည့်စဉ် မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ထိုမီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးခင်မောင်သန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၈၀၊ မီးသတ်ယာဉ် ၁၅ စီးနှင့် ပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုမီးလောင်မှုကြောင့် ဦးမျိုးလွင်၏ လေးပင်သုံးပင်၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက် အဆောက်အအုံတစ်လုံး၊ ဟိုက်ဂျက်ယာဉ်ဟောင်း တစ်စီး၊ ဒစ်ဂျစ်တယ် ပန့်လေးလုံး၊ ဆီပီပါငါးလုံး၊ ဝေဟင်စက်သုံးဆီဆိုင် သုံးပင်နှစ်ပင်၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက် အဆောက်အအုံတစ်လုံး၊ ဒစ်ဂျစ်တယ် ပန့်လေးလုံး၊ ဆီပီပါငါးလုံး၊ မီးလောင်ဆုံးရှုံးခဲ့ပြီး မအိသူခိုင်၏ လက်နှစ်ဖက်မီးဟပ်သည့် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုမီးလောင်မှုနှင့် ပတ်သက်၍ မအိသူခိုင်အား ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ

မိတ္ထီလာမြို့ ငွေ့ကြီးကျေးရွာတွင် မီးစက်အင်ဂျင်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

မိတ္ထီလာ မတ် ၂၀

မိတ္ထီလာမြို့ အိုင်ကြီးလည်ကျေးရွာအုပ်စု ငွေ့ကြီးကျေးရွာ လူနေအိမ်တစ်ခုရှိအင်ဂျင်မီးစက်မှတစ်ဆင့် မီးလောင်မှုတစ်ခု မတ် ၂၀ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က ဖြစ်ပွားသဖြင့် လူနေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငွေ့ကြီးကျေးရွာနေ ဦးမြင့်နိုင်စိုး(၃၆)နှစ်၏ဝါးကပ်မိုး၊ ထရံကာ မြေစိုက်လူနေအိမ်ရှိမီးစက်ခန်း၌ အင်ဂျင်မီးစက်အိတ်ဇောမှ မီးပွားများလွင့်စဉ်ကာ နေအိမ်ထရံသို့ ကူးစက်မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

မီးလောင်မှုကို တာဝန်သိပြည်သူတစ်ဦးက တယ်လီဖုန်းဖြင့် ဆက်သွယ်သတင်းပေးပို့မှုအရ မြို့နယ်မီးသတ်ဦးစီးဌာနက မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်နှစ်စီး၊ ဦးစီးအရာရှိ ဦးကျော်ဆန်းနှင့် သန္ဓေတပ်ဖွဲ့ဝင် ၁၇ ဦး၊ နယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ အရန်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ဒေသခံပြည်သူများမှသွားရောက်ဝိုင်းဝန်းမီးငြှိမ်းသတ်ကြရာ ည ၇နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုဖြစ်ပွားသည့်နေအိမ်ပိုင်ရှင် ဦးမြင့်နိုင်စိုးအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ချမ်းသာ (မိတ္ထီလာ)

အဲကွန်းမီးဖြတ်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

မန္တလေး မတ် ၂၀

မန္တလေး အောင်မြေသာစံမြို့နယ် ၂၂ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား ပြည်ကြီးကျက်သရေရပ်ကွက် (၁၆၂) အိမ်အမှတ် (၄၇)နေ ဦးမောင်မောင် ကုန်မာရောင်းဝယ်ရေးတွင် ယနေ့နံနက် ၁၁ နာရီ ၉ မိနစ်ခန့်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါဖြစ်စဉ်မှာ နေအိမ်အပေါ်ထပ်၌ တပ်ဆင်ထားသော အဲကွန်းရှိ မီးဖြတ်စက်အပူလွန်ကဲရာမှ မွေ့ရာပေါ်သို့ မီးပွားကျခဲ့ပြီး မီးလောင်မှု စတင်ဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ သန္ဓေမီးသတ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၅ ဦးနှင့် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖ များက မီးသတ်ယာဉ်အစီး ၄၀၊ အုပ်ချုပ်မှု ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်း မီးငြှိမ်းသတ်ခဲ့မှုကြောင့် ၁၁ နာရီမိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အဲကွန်း၊ မွေ့ရာ၊ ခုတင်၊ စားပွဲနှင့် ဗီရိုတို့သာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အရေးယူ

ပုလဲငွေရောင် အရန်မီးသတ်တပ်ဖွဲ့မှ ဦးလှမြင့်နှင့် ဦးအောင်သူမြင့် (မီးသတ်တပ်ဖွဲ့)တို့တွင် ဒဏ်ရာ အနည်းငယ်ရရှိခဲ့ပြီး အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ အိမ်ရှင်အား အမှတ် (၅)ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး

ရန်ကုန် မတ် ၂၀

နွေရာသီ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဝန်ထမ်းများအား မီးသတ်ပြ အသိပညာပေး နှီးဆော်မှုကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက်ရှိ မြန်မာ့အလင်း သတင်းစာတိုက်ဝင်း အတွင်း၌ မတ် ၁၉ ရက်က ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိများနှင့် မီးသတ်ဝန်ထမ်းများက ပြည်သူများအသုံးပြုမှု ကြွယ်ဝစေရန် အသိပညာပေး ဟောပြောမှုများ၊ လက်တွေ့သရုပ်ပြမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ နွေရာသီမီးဘေး အန္တရာယ်ကင်းရှင်းရေး အသိပညာပေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အောက်ရှိ မြန်မာ့အလင်းသတင်းစာတိုက်မှ မန်နေဂျာဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ ကြေးမုံသတင်းစာတိုက်မှ မန်နေဂျာ ဦးရွှေကိုနှင့်ဝန်ထမ်းများ၊ တိုက်များ၏ အရန်မီးသတ်တပ်ဖွဲ့များ အပါအဝင် စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

သတင်း-မင်းထက်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မိုင်းထမ်းကျေးရွာတွင် စစ်သုံးလက်ကျန် ပုံးဟောင်းပေါက်ကွဲမှုဖြစ်

ဘော်လခဲ မတ် ၂၀

ကယားပြည်နယ် ဘော်လခဲမြို့နယ် မိုင်းထမ်းကျေးရွာ ဦးငါးရယ် နေအိမ်၌ မတ် ၁၉ ရက် နံနက် ၁၁ နာရီက စစ်ကျန်ပုံးဟောင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ အိမ်အမှတ်(မထ/၁၇)နေဦးငါးရယ်(၄၅နှစ်) တောင်ယာလုပ်ငန်းလုပ်ကိုင်သူ၏ နေအိမ် အနောက်မြောက်ဘက်ထောင့် မီးဖိုအောက်မြေကြီးအတွင်းမှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။ အခင်းဖြစ်နေရာတွင် အကျယ်နှစ်ပေခန့်၊ အနက်ခြောက်လက်မခန့်ရှိ ကျင်းဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်အတွင်း အနီးတွင်ထားရှိသော နှစ်ပြည်ဝင်စဉ့်အိုး တစ်လုံး၊ ၂၅ ပိဿာဝင်တစ်လုံး ပျက်စီးပြီး လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယင်းပုံးမှာ ၃ဒသမ ၅ စစ်သုံးလက်ကျန်ပုံးဟောင်းဟုယူဆရကြောင်း သိရသည်။

လှရွှေ(iprd)

ပြုံးပန်းမြိုင်ဆိုင် သက်ဆုံးတိုင်

ဒေါက်တာဆန်းဝင်း
(မေးရိုးနှင့်ခံတွင်းဆေးပညာ)

လူ့ခန္ဓာ ပင်ကို၏အလှကို ပုံစံအမျိုးမျိုးဖြင့် တင်စားဖွဲ့နွဲ့ကြရာ ဆံပင်၊ မျက်လုံး၊ သွားစသည်တို့သည် ခန္ဓာကိုယ်တွင် စာအဖွဲ့အနွဲ့အများဆုံး အစိတ်အပိုင်းများပင်ဖြစ်သည်။ သွားများလှလှပပ၊ ညီညာစွာရှိနေခြင်းကို "ပုလဲလုံး၊ ရွဲလုံးများစီထားသကဲ့သို့"ဟု တင်စားကြသည်။ "ပုလဲသွယ်" ဟုလည်း ဖွဲ့နွဲ့ကြသည်။ သွား၏ လှပခြင်းကို အရှေ့တိုင်းစာပေများ၌သာမက ဥရောပ၏ရိုးမင်း(စ်) (Romance) ကဗျာများ၌ပါ အမျိုးမျိုးအဖုံဖုံ ဖွဲ့ဆိုတင်စားကြသည်။ ပြုံးအလှပိုင်ရှင်အဖြစ် ဘဝတစ်သက်တာလုံး ရပ်တည်နိုင်ရန်အတွက် အရေးပါဆုံးအချက်တစ်ခုမှာ သွားနှင့်ခံတွင်း ကျန်းမာခြင်းပင်ဖြစ်သည်။

လူသားများ၌ တိရစ္ဆာန်များတွင်မရှိသော အလှအပတရား တစ်ခုရှိသည်။ လူသားများသာ စွမ်းဆောင်နိုင်သော ချစ်စရာအမူအရာလည်းဖြစ်သည်။ ထိုအမူအရာကို "အပြုံး (Smile)"ဟုခေါ်ကြသည်။ အပြုံး၏အလှကို တန်ဖိုးမြှင့်တင် တန်ဆာဆင်ပေးသောအရာကား ညီညာလှပသော "သွား"များပင်ဖြစ်သည်။ သမင်နှုတ်ခမ်း၊ ပုလဲသွယ်သွားကို ကြည်နူးခြင်းနှလုံးဖြင့် ပေါင်းစပ်လိုက်သောအခါ စွဲငြိဖွယ်"အပြုံး" ဖြစ်လာကြသည်။ ကမ္ဘာကျော် ပန်းချီကားများတွင် "မိုနာလီဇာအပြုံး"သည် ကမ္ဘာတစ်ဝန်း၌စံပြုထားသော ပန်းချီကားတစ်ချပ်ပင်ဖြစ်သည်။

မျက်နှာ၏ပုံပန်းသဏ္ဌာန်အလှအပ ပြေပြစ်မှုနှင့် ဥပမိကိုသွားကဖော်ကျူးပါသည်။ ကြီးသော၊ မာသော အစားအစာများကို ငယ်သော နူးညံ့သော အစားအစာအဖြစ်သို့ ရောက်ရှိစေရန် သွားကကြိတ်ဝါးပေးခြင်းဖြင့် အစာကိုကြေညက်စေသည်။ သွားများ မပျက်မစီးရှိ၍သာ စကားများ အသံများကို ပီသစွာ ရွတ်ဆိုနိုင်ခြင်းဖြစ်သည်။ သွားနှင့်ခံတွင်းကျန်းမာခြင်းကြောင့် ခန္ဓာကိုယ်တွင်း ရောဂါများ ကင်းစင်စေပါသည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ တင့်တယ်ခြင်းတွင် "သွားတော်များ" ပါဝင်သည်။ မြတ်စွာဘုရားရှင်တွင် အထက်၂၀၊ အောက် ၂၀ စုစုပေါင်း သွားတော် ၄၀ ရှိသည့်အနက် စွယ်တော်လေးဆူမှာ ကြီးမားဖွံ့ဖြိုး၍ ထင်ရှားလှသည်ဟု မှတ်သားဖူးပါသည်။ သွားခေါါခြင်း၊ သွားကျဲခြင်း၊ သွားထပ်ခြင်း မရှိဘဲ သွားများညီညာစွာ တည်ရှိနေပြီး သွားတော်၏အရောင်မှာလည်း ခရုသင်းပွတ်ကဲ့သို့ သန့်ရှင်းဖြူစင်စွာ ရှိနေပါသည်။ ထိုလက္ခဏာများမှာ မုသာဝါဒမှကင်းလွတ်ခြင်း၏ လက္ခဏာတော်များအဖြစ် နာကြားသိရှိရပါသည်။

လူတို့တွင် ကလေးသွားနှင့်လူကြီးသွားဟူ၍ သွားအမျိုးအစားနှစ်ခု ခွဲခြားနိုင်သည်။ "ကလေးငုတ်တုတ် သွားငုတ်တုတ်"ဟု ဆိုကြသည်။ ကလေးမွေးဖွားပြီး ခြောက်လအရွယ်တွင် ကလေးသွားစတင်ပေါက်ပြီး ကလေးအသက် လ ၂၀ နှင့် ၂၄ လအတွင်း ငယ်သွားအချောင်း ၂၀ စုံတတ်ကြသည်။ ကလေးသွားများ၏ အရည်အသွေးသည် မိခင်၏အာဟာရပြည့်စုံမှုအပါအဝင် ကျန်းမာရေးအသိပညာကြွယ်ဝမှုနှင့် မျိုးရိုးဗီဇဆက်ခံမှုတို့အပေါ်တွင် တည်မှီနေပါသည်။

ကိုယ်ဝန်ဆောင်မိခင်တွင် ဂျာမန်ဝက်သက်ရောဂါ (German Measle)၊ ကာလသားရောဂါ (Syphilis) ကဲ့သို့သော ကူးစက်ရောဂါများဖြစ်ပွားပါက မွေးဖွားသော ကလေးတွင် Hutchinson's Incisors,Peg Shaped Lateral Incisors ကဲ့သို့သော ပုံမမှန်သွားကလေးများ ပေါက်နိုင်ပါသည်။

Thalidomide နှင့် Aspirin ကဲ့သို့သော ဆေးဝါးများကြောင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲခြင်းနှင့်အတူ သွားဖွံ့ဖြိုးမှုပုံမမှန်ဘဲ သွားပုံဆိုးများပေါက်နိုင်ကြောင်း သုတေသနများအရ တွေ့ရှိရပါသည်။

ကလေးသွားနှင့်ခံတွင်းကျန်းမာရေးသည် မိခင်အပါအဝင် အုပ်ထိန်းစောင့်ရှောက်သူများတွင် အဓိကတာဝန်ရှိပါသည်။ ကလေးကိုယ်တိုင် သွားမတိုက်နိုင်သော အရွယ်တွင် အုပ်ထိန်းသူက သွားတိုက်ပေးပြီး ခံတွင်းသန့်ရှင်းပေးရမည်ဖြစ်သည်။ ငယ်သွားစတင်ပေါက်ကတည်းက သွားနှင့်ခံတွင်း သန့်ရှင်းခြင်းကို ပြုလုပ်ပေးရမည်ဖြစ်သည်။ ကလေးကိုယ်တိုင် သွားပွတ်တံကို ကောင်းစွာကိုင်တွယ်အသုံးပြုနိုင်သောအခါ ကလေးနှင့် လိုက်လျောညီထွေမည့် သွားပွတ်တံ၊ သွားတိုက်ဆေးများကို အသုံးပြုပြီး သွားနှင့်ခံတွင်းကျန်းမာရေးကို စောင့်ရှောက်သင့်ပါသည်။

ငယ်သွားများသည် ခြောက်လသားမှ အသက် ၁၁ နှစ်အတွင်းရှိကာ ကြီးသွားများသည် အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်းရှိပြီး ငယ်သွားနှင့် ကြီးသွားရောနှောတည်ရှိသည့်အချိန်သည် ခြောက်နှစ်သားအရွယ်မှ ၁၁ နှစ်အတွင်း ဖြစ်ပါသည်။

ကလေးသွားကို လူအများစုက လဲမည့်သွားဟု တလွဲဆံပင်ကောင်းယူဆကာ ဂရုစိုက်မှု အားနည်းတတ်သည်။ ကလေးသွားများသည် လူကြီးသွားများ၏ အခြေခံအုတ်မြစ်ဖြစ်သဖြင့် ကလေးသွားပေါက်ကတည်းက ဂရုစိုက်မှသာ လူကြီးသွားပေါက်မှုကို အထောက်အကူပြုနိုင်ပေမည်။ ကလေးဘဝတွင် Tetracycline (တက်ထရာဆိုက်ကလင်း) ကဲ့သို့ဆေးများ သုံးစွဲရပါက ကြီးသွားတွင် အဝါရောင်၊ အညိုရောင်များစွဲ၍ ပေါက်လာတတ်သဖြင့် ထိုဆေးများ မတိုက်မိစေရန် သတိပြုစေလိုပါသည်။

ပထမဆုံးသောလူကြီးသွားသည် အသက်ခြောက်နှစ်အရွယ်တွင် စပေါက်လေ့ရှိပါသည်။ Lower Central incisor ခေါ် ရှေ့သွားများကို လူကြီးသွားဟု သိရှိကြသော်လည်း ပထမအံသွား (Frist permanent moloar) ကိုမူ လူကြီးသွားဟု မထင်ကြချေ။ တချို့မိဘများက ကလေးသွားဟု အမြင်မှားကာ ဂရုမစိုက်မိသဖြင့် ထိုကြီးသွားမှာ အစောဆုံး အမြန်ဆုံး ပျက်စီးဆုံးရှုံးတတ်သော လူကြီးသွားအဖြစ်သို့ ရောက်ရှိတတ်ပါသည်။

ကလေးဘဝကပင် ပုံမှန်သွားနှင့်ခံတွင်းစစ်ဆေးမှုကို နီးစပ်ရာ သွားနှင့်ခံတွင်း ဆရာဝန်များထံတွင် ပြသသင့်ပါသည်။ ကလေးသွားများ ကျန်းမာသန်စွမ်းမှုက ကြီးသွားများဖြစ်ပေါ်မှုကို အထောက်အကူပြုနိုင်သည်။ ကလေးသွားနှင့် လူကြီးသွားများ လဲသည့်အချိန်တွင် ပို၍ ဂရုစိုက်သင့်ပါသည်။

ကလေးသွားလဲရမည့်အချိန်တွင် ကလေးသွားမလဲပါက အသစ်ပေါက်လာသော လူကြီးသွားက နေရာလွဲကာ ပေါက်၍ သွားမညီညာမှုများ ဖြစ်နိုင်သဖြင့် သွားနှင့်ခံတွင်း ဆရာဝန်များနှင့် ပြသကာ ကုသမှုခံယူသင့်ပါသည်။

သွားနှင့်ခံတွင်းရောဂါများသည် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါကဲ့သို့သော အထွေထွေရောဂါများ (Systemic Diseases) များနှင့် ဆက်စပ်နေပြီး ထိုရောဂါများဖြစ်ပွားခြင်း၏ အဓိကအရင်းအမြစ်တစ်ခုပင် ဖြစ်နေကြောင်း

သွားနှင့်ခံတွင်းကျန်းမာရေးသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ကျန်းမာရေးအတွက် အဓိကကျသည်။ ယခုအခါ သုတေသနပြု လေ့လာချက်များအရ သွားနှင့်ခံတွင်းရောဂါများသည် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါကဲ့သို့သော အထွေထွေရောဂါများ (Systemic Diseases) များနှင့် ဆက်စပ်နေပြီး ထိုရောဂါများ ဖြစ်ပွားခြင်း၏ အဓိကအရင်းအမြစ်တစ်ခုပင် ဖြစ်နေကြောင်း လေ့လာတွေ့ရှိရသည်။ ဥပမာအားဖြင့် ဆီးချိုရောဂါပြင်းထန်ပါက သွားများနဲ့လာမှု (Tooth Mibility) များလာပြီး သွားနှင့်ခံတွင်း သန့်ရှင်းမှုက နှလုံးရောဂါဖြစ်ပွားစေသော ရောဂါပိုးအရေအတွက်ကို လျော့နည်းစေပါသည်။ ထို့ကြောင့် အထွေထွေရောဂါအချို့ကို ကုသရာတွင် သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုနှင့် တွဲဖက်ကုသပေးခြင်းဖြင့် သက်သာမှုနှုန်း မြင့်မားလာကြောင်း တွေ့ရှိရပါသည်။

သွားဖုံးရောဂါကို ဖြစ်ပွားစေသော ရောဂါပိုးများသည် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ လမစေ့မီကလေးမွေးဖွားခြင်း၊ ပေါင်မပြည့်သော ကလေးမွေးခြင်းစသည့် ကျန်းမာရေးပြဿနာများနှင့် ဆက်စပ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

သွားဆွေးမြည့်ခြင်းကို သွားပိုးစားခြင်းဟုသာ အများက သိရှိထားကြသည်။ အမှန်တကယ်အားဖြင့် သွားဆွေးခြင်း (Dental Caries) သည် သွားပိုးစားခြင်းကြောင့် မဟုတ်ဘဲ သွားကြိုးသွားကြားထဲရှိ အစာအကြွင်းအကျန်များထဲမှ ကာဗွန်ဟိုက်ဒရိတ် (Carbonhydrate) နှင့် ဗက်တီးရီးယား (Bacteria) များကြောင့် ထွက်ရှိလာသော လက်တစ်အက်စစ် (Lactic acid) များက အချိန် အတိုင်းအတာတစ်ခုအတွင်း သွားမျက်နှာပြင်ကို အလွှာလိုက် ဆွေးမြည့်ပျက်စီးစေပါသည်။ ပင်ကိုအားဖြင့် ကြွေသွားလွှာ (Enamel) သည် ခန္ဓာကိုယ်၌ အမာဆုံး ဖြစ်သော်လည်း အက်စစ်၏တိုက်စားမှုဒဏ်ခံရသောအခါ နူးအိပြီး ထိုမှ တစ်ဆင့် မွစာကြဲကြေမွကာ ဆင်စွယ်နှစ်လွှာ (Dentine) နှင့် အသားနုလွှာ (Pulp) များကို ဆက်တိုက် စားသွားပြီး အပေါက် (Cavity) ဖြစ်စေပါသည်။

သွားဆွေးခြင်းဖြစ်စဉ်ကြောင့် သွားကိုက်၊ သွားနာဝေဒနာခံစားရလျှင် အလုပ်အကိုင်ပျက်ခြင်း၊ အိပ်မရခြင်း၊ စားမရခြင်း၊ ပါးစပ်ဟ၍မရခြင်း၊ သွားဖုံးရောင်ခြင်း၊ ပြည်တည်၊ ပြည်ထွက်လာခြင်း၊ မျက်နှာနှင့်မေးရိုးအပါအဝင် ဆက်စပ်နေရာများ၌ ရောင်ရမ်းလာခြင်း၊ လည်ပင်းတစ်ဝိုက်၊ အဖုအကျိတ်များပေါ်ပေါက်လာခြင်း၊ အဖျားဝင်လာခြင်း၊ သွားများနဲ့လာကာ၊ သွားလှုပ်နေခြင်းစသည့် ပြဿနာများဖြစ်ပေါ်ကာ အသက်ဆုံးရှုံးသည်အထိ ဆိုးရွားနိုင်ပါသည်။ အစာစားပြီးပြီးချင်း သွားဆွေးလာခြင်း မဟုတ်ပါ။ အက်စစ်ဓာတ်ဖြစ်စေရန် အချိန်လိုအပ်ပါသည်။ ထိုအချိန်အတိုင်းအတာမရောက်ခင် စားကြွင်းစားကျန်များကို သွားတိုက်ဖယ်ရှားပေးခြင်းဖြင့် သွားဆွေးခြင်းကို ကာကွယ်နိုင်ပါသည်။

သွားဆွေးခြင်းသည် အသားနုလွှာအထိမပါဘဲ အပေါ်ကြွေသွားလွှာနှင့်ဆင်စွယ် နှစ်လွှာအတွင်း၌သာ ဖြစ်ပွားပါက စနစ်တကျသန့်ရှင်းကာ သွားဖာပေးခြင်းဖြင့် သွားဆွေးခြင်းကို ရပ်တန့်စေနိုင်ပါသည်။ သွားဆွေးခြင်းသည် အသားနုလွှာတွင်ရောက်ရှိကာ ရောဂါပိုး (Infection) ဝင်သွားပါက သွားမြစ်အတွင်းကုသမှု (Root Canal Therapy) ပြုလုပ်၍ သွားဖာကာ၊ အပေါ်မှသွားရောင်၊ သတ္တုရောင်သွားအုပ်ဖုံးအစွပ် (crown) များ သွားအုပ်ပေးခြင်းဖြင့် သွားမနုတ်ရအောင် ကုသနိုင်ပါသည်။ သွားဆွေးခြင်းကို ဆောလျင်စွာသိရှိ၍ မြန်မြန်ဆန်ဆန် ကုသပေးခြင်းဖြင့် အောင်မြင်မှုကို ပိုမိုရရှိစေပါသည်။

သွားဖုံးရောဂါသည် သွားကိုပျက်စီးဆုံးရှုံးစေသော အကြောင်းရင်းတစ်ခုဖြစ်သည်။ သွားဖုံးရောဂါသည် အချိန်မှန်မှန် စနစ်မှန်သွားမတိုက်ခြင်းကြောင့် သွားနှင့် သွားဖုံးများအကြားတွင် အစာညှပ်ခြင်း၊ အစာအောင်းခြင်း၊ သွားချေးတက်ခြင်း၊ (Calculus) သွားဖုံးရောင်ခြင်း၊ သွားများယိုင်နဲ့ခြင်းနှင့် ပြည်တည်ခြင်းများဖြစ်ပေါ်ကာ၊ ရေစီးကမ်းပြိုအဆင့်ထိရောက်ရှိတတ်ပါသည်။ သွားဖုံးရောဂါသည် သွားသန့်ရှင်းရေး စွမ်းဆောင်မှုအားနည်းသဖြင့် သွားချေးကျောက်များအလွှာ (Dental Plaque and Calculus) များကပ်ပြီး ထိုအလွှာအောက်ရှိ ပိုးမွှားများမှ အဆိပ် (Toxic) ထုတ်လွှတ်ခြင်းကြောင့် အဓိကဖြစ်နိုင်သည်။

ဗက်တီးရီးယားပိုင်းရပ်စ်ပိုးသွေးကင်ဆာ (Leuke - mia) ကဲ့သို့သော သွေးရောဂါများနှင့် ဟော်မုန်းအပြောင်းအလဲများကြောင့်လည်း သွားဖုံးရောဂါဖြစ်နိုင်သည်။ အမျိုးသမီးများ အပျိုဖော်ဝင်စနှင့်ကိုယ်ဝန်ဆောင်စဉ်ကာလများတွင် ဟော်မုန်းအပြောင်းအလဲကြောင့် သွားဖုံးရောဂါရတတ်ပါသည်။ တီဘီရောဂါကြောင့် သွားဖုံးအနာများ (Tuberculous Ulcer) နှင့် ဆစ်ဖလစ်(ခေါ်) ကာလသားရောဂါကြောင့် သွားဖုံးရှန်ကာ (Gingival Chancre) အနာများဖြစ်တတ်ပါသည်။ သွေးကျဆေးနှင့် အတက်ရောဂါတွင် သုံးသောဆေးများကြောင့်လည်း သွားဖုံးရောင်ခြင်း၊ သွားဖုံးကြီးခြင်း (Gingival Alargement/ hyperplasia)ဖြစ်တတ်ပါသည်။ တစ်ခါတစ်ရံ စိတ်ဖိစီးမှု (Stress)ကြောင့် သွားဖုံးရောဂါနှင့် အနာများခံတွင်းတွင် ဖြစ်ပွားနိုင်ပါသည်။ ဆီးချိုရောဂါကြောင့်လည်း သွားဖုံးရောင်ကာ ထိုမှတစ်ဆင့် ရေစီးကမ်းပြိုရောဂါဖြစ်တတ်သဖြင့် ဆီးချိုဝေဒနာရှင်များအနေဖြင့် ဆီးချိုရောဂါကိုဆေး၊ အစားအစာတို့နှင့်ထိန်းသိမ်း၍ ခံတွင်းသန့်ရှင်းရေး (Oral Hygiene) ကို ဂရုစိုက်ပါက သွားဖုံးရောင်ရောဂါကို ကာကွယ်နိုင်မည်ဖြစ်သည်။ ထိုသို့သော ရောဂါများဖြစ်ပွားပါက သွားနှင့်ခံတွင်းဆရာဝန်နှင့်သာမက သက်ဆိုင်ရာ ကျွမ်းကျင်သူဆရာဝန်များနှင့် ပြသကာ ဆေးကုသမှု ခံယူသင့်ပါသည်။

ခံတွင်းထဲ၌ သွားချေးကျောက်များ (Calculus) ရှိနေခြင်းသည် သွားဖုံးရောဂါ၊ ရေစီးကမ်းပြိုရောဂါ၊ သွားမြစ်ဝန်းကျင်ရောင်ရမ်းနာနှင့် ပါးပေါက်အနာကဲ့သို့သော နောက်ဆက်တွဲရောဂါဖြစ်ပွားနိုင်ရုံသာမက အနံ့အသက်ဆိုးဝါးခြင်းကဲ့သို့သော လူမှုရေးဒုက္ခများကို ခံစားစေနိုင်ပါသည်။ ထို့ကြောင့် Dental Plaque နှင့် Calculus ကဲ့သို့သော သွားချေးကျောက်များကို သွားမျက်နှာပြင်သန့်ရှင်းကုသခြင်း(Scaling) ကဲ့သို့သော ကုသနည်းများဖြင့် သန့်ရှင်းကာ လူမှုဒုက္ခများမှကင်းဝေးပြီး ခံတွင်းလှပ အပြုံးပိုင်ရှင်ဘဝကို ရရှိပိုင်ဆိုင်စေမည်ဖြစ်သည်။

Dental flossခေါ် ပိုးကြိုးကလေးများဖြင့် သွားမတိုက်မိ အရင်သန့်ရှင်းရေးပြုလုပ်ခြင်း၊ စနစ်ကျနမှန်ကန်စွာ သွားတိုက်ခြင်း၊ သွားများကြားတွင် ကျောက် (Calculus)တည်ခြင်းကို ကာကွယ်ရန်မညီညာသော သွားများကို သွားညှိကုသခြင်း၊ ခြောက်လတစ်ကြိမ် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များဖြင့် ပြသကာ သွားကျောက်များကို ခြစ်ခြင်း(Scaling)နှင့် သွားနှင့်ခံတွင်းပုံမှန်စစ်ဆေး ကုသမှုခံယူခြင်းတို့ဖြင့် သွားဆွေးခြင်းနှင့် သွားဖုံးရောဂါတို့ကို ကာကွယ်နိုင်မည်ဖြစ်သည်။ သွားနှင့်ခံတွင်း ကျန်းမာရေးကို ဆိုးရွားစေသော အကျင့်ဆိုးများဖြစ်သည့် ကွမ်း၊ ဆေးလိပ်၊ အရက်သောက်သုံးခြင်း၊ ပါးစပ်ထဲတွင် ခဲတံ၊ ဆေးတံ ကိုက်ထားခြင်း၊ မီးသွေး၊ ဆားကြမ်း၊သဲ၊ ဆပ်ပြာတို့ဖြင့် သွားမျက်နှာပြင်ကို ကြမ်းတမ်းစွာတိုက်ခြင်း၊ အချဉ်ဓာတ်လွန်ကဲစွာ စားခြင်းနှင့် တုတ်ဖြင့်သွားကြားထိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ အရည်ရွှမ်းသော အသီးအနှံများ စားသုံးခြင်း သုံးစွဲခြင်းကဲ့သို့သော အကျင့်ကောင်းများကိုလည်း မွေးမြူလုပ်ဆောင်ရမည်ဖြစ်ပါသည်။

ယနေ့ကာလတွင် သိပ္ပံပညာမည်မျှပင် တိုးတက်စေကာမူ သွားနှင့်ခံတွင်း ရောဂါဝေဒနာခံစားနေရမှုကားရှိနေဆဲဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းသည် သွားနှင့်ခံတွင်းရောဂါကို ဘဝ၌ တစ်ချိန်ချိန်တွင် ခံစားရဖူးကြောင်း သိရှိရသည်။ ထို့ကြောင့် သွားနှင့်ခံတွင်း ထိန်းသိမ်းစောင့်ရှောက်မှုမှာ လိုအပ်မှုများရှိနေဆဲဟု သုံးသပ်ရပါသည်။

၂၀၁၂ခုနှစ် စက်တင်ဘာလအတွင်း ဟောင်ကောင်၌ကျင်းပသော ကမ္ဘာ့သွား နှင့်ခံတွင်းအထွေထွေ ညီလာခံမှ မတ် ၂၀ ရက်နေ့ကို ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ ကမ္ဘာ့သွားနှင့်ခံတွင်းအဖွဲ့ချုပ် (F.D.I -World Dental Federation) က ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့သတ်မှတ်ခြင်းသည် ကမ္ဘာပေါ်၌ ရှိနှင့်ပြီးသား အခြားသွားနှင့်ခံတွင်း ကျန်းမာရေးနေ့နှင့် ရက်သတ္တပတ်များကို အစားထိုးရန် မရည်ရွယ်ဘဲ ပြည်သူလူထုအတွင်း သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာများ တိုးပွားကာ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများကို မြှင့်တင်နိုင်ရန် ရည်ရွယ်ခြင်းသာဖြစ်သည်။

ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ကို မတ်လ ၂၀ ရက်နေ့တွင် ကျင်းပရခြင်းမှာ များစွာအနှစ်သာရရှိပြီး အဓိပ္ပာယ်ပြည့်ဝလှပါသည်။ ၂၀ ရက်နေ့သည် ကလေးသွား အချောင်း ၂၀ နှင့် သွားနှင့်ခံတွင်းကျန်းမာရေးကို အလေးထားဂရုစိုက်ကြခြင်းဖြင့် လူသားများသည် သူတို့၏ဘဝနေဝင်ချိန်တွင် သဘာဝသွားအချောင်း ၂၀ ရှိစေရန် ရည်မှန်းချက်ကို ကိုယ်စားပြုပါသည်။ မတ်လသည် နှစ်တစ်နှစ်၏ သုံးလမြောက်ဖြစ်ပြီး ၂၀ ရက်ကို ဂဏန်းဖြင့်တွက်ရေးကြည့်ပါက ၃/၂၀ ဖြစ်ပြီး အရွယ်ရောက်ပြီး ကျန်းမာသူတစ်ဦး၌ ရှိသည့်သွား ၃၂ ချောင်းနှင့် ကျန်းမာရေးအသိပညာကြွယ်ဝမှုနှင့် သွားနှင့်ခံတွင်းကျန်းမာရေးလိုက်စားစောင့်ရှောက်မှုများကြောင့် သွားပိုးစားမှုမရှိခြင်း (O-Zero Caries) ကို ကိုယ်စားပြု၍ သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းကောင်စီ၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဦးစီးဌာန၊ သွားနှင့်ခံတွင်းဌာနစိတ်တို့သည် အခြားလူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူလူထုအတွင်း သွားနှင့်ခံတွင်းရောဂါဖြစ်ပွားမှု ကျဆင်းလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။

၂၀၁၅ ခုနှစ် ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ ဆောင်ပုဒ်အဖြစ် "ပြုံးပန်းမြိုင်ဆိုင်သက်ဆုံးတိုင် (Smile for life) ဟု သတ်မှတ်ထားရာ တစ်သက်တာ အပြုံးပိုင်ရှင်များဖြစ်စေရန် သွားနှင့်ခံတွင်းစောင့်ရှောက်ခြင်းသည် အဓိကကျကြောင်း မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည်ဆိုသော စကားအတိုင်း မိမိတို့၏သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို နေ့စဉ်ပုံမှန် စနစ်မှန် ထိန်းသိမ်းပြုလုပ်ပေးခြင်းနှင့် မိမိတို့၏သွားများကို ခံတွင်းအတွင်း၌ လှပစွာထိန်းသိမ်းနိုင်ခြင်း၊ ခံတွင်းစောင့်ရှောက်မှုကြောင့် ကြာညိုရနံ့သင်းခြင်းဖြင့် ပြုံးအလှပိုင်ရှင်များဖြစ်ကာ လူမှုဘဝတွင် ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြီး ဘဝဖွံ့ဖြိုးတိုးတက်မှုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ပြည်တွင်းသတင်း

မြန်မာ့အိမ်ရာကဏ္ဍဖွံ့ဖြိုးရေး ကိုရီးယားကူညီ

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-သက္က

ရန်ကုန် မတ် ၂၀

မြန်မာ့အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားနိုင်ငံက အကူအညီပေးသွားမည်ဖြစ်ကြောင်း ကိုရီးယားထိပ်တန်းဘဏ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

“မြန်မာနိုင်ငံမှာ အိမ်ရာကဏ္ဍ ဖွံ့ဖြိုးလာတာ တွေ့နေရပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ အိမ်ရာချေးငွေကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ နည်းပညာများ ကူညီပေးသွားမှာ ဖြစ်ပါတယ်” ဟု ကွတ်မင်းဘဏ်အကြီးအကဲ ကင်ဝမ်ကွတ်က ပြောကြားလိုက်သည်။

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၌ မတ် ၁၇ ရက် နံနက်ပိုင်းက ကျင်းပသော ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ကိုရီးယားနိုင်ငံ Kookmin Bank တို့ ပူးပေါင်းကျင်းပသည့် Banking & IT System Development Workshop ဖွင့်ပွဲ အခမ်းအနား၌ ပြောကြားလိုက်ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၄၂ ဦးအား ကိုရီးယားနိုင်ငံမှ နည်းပြဆရာများကိုယ်တိုင် ဘဏ်လုပ်ငန်းနှင့် အိုင်တီနည်းပညာများနှင့် ပတ်သက်၍ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနား၌ ဆောက်လုပ်ရေးနှင့်အိမ်ရာ ဖွံ့ဖြိုးဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်က “ကျွန်တော်တို့ဘဏ်အနေနဲ့ ပြည်သူတွေအားလုံး သင့်တင့်တဲ့ အိမ်ရာတွေ၊ တိုက်ခန်းတွေနဲ့ နေထိုင်နိုင်ဖို့ လိုအပ်တဲ့ ချေးငွေတွေ ချေးပေးနိုင်ဖို့ ကြိုးစားနေပါတယ်။ မြေပိုင်တယ်၊ ဂရန်ရှိတယ်ဆိုရင် အိမ်ဆောက်လုပ်ဖို့ ငွေကြေးအခက်အခဲရှိနေသူကို လိုအပ်တဲ့အရင်းအနှီးအတွက် ငွေထုတ် ငွေချေးပေးပါတယ်။ ဘာအထောက်အထားမှ မလိုပါဘူး။ အဓိကမြေပိုင်ရမယ်။ ပိုင်ဆိုင်ကြောင်း အထောက်အထားရှိရမယ်။ အခု ကန်ထရိုက်တိုက်တွေ ဆောက်ကြတယ်။ ကန်ထရိုက်တွေပေးတဲ့ အခန်းနှစ်ခန်းလောက်ပဲရတယ်။ မြေပိုင်ရှင်တွေအနေနဲ့ ရသင့်ရထိုက်တဲ့ ပိုင်ဆိုင်မှုကို မရပါဘူး။ တကယ်ဆိုရင် မြေပိုင်ရှင်တွေဘက်က တိုက်ခန်းနှစ်ခန်းလောက်ပဲ ရတာဆိုတော့ အများကြီးနစ်နာပါတယ်။ ဆောက်လုပ်ရေးဘဏ်က ချေးပေးတဲ့ငွေနဲ့ ဆောက်လုပ်မယ်ဆိုရင် အခန်းအချို့ ရောင်းပြီး ပြန်ဆပ်လို့ရှိရင် အခန်းပိုင်ဆိုင်မှုပိုများမယ်။ အိမ်ကိုပဲ အာမခံထားပြီး လုပ်နိုင်ပါတယ်” ဟု ပြောကြားသည်။

အဆိုပါဘဏ်သည် ယခုအခါ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ဘဏ်ခွဲလေးခုဖွင့်လှစ်ထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများနှင့် ပုဂ္ဂလိက အိမ်ဆောက်လိုသူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ ယင်းဘဏ်လုပ်ငန်းအနေဖြင့် ငွေကျပ် ဘီလီယံ ၆၀ မှ ၇၀ အကြား လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည်။

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေးဟောပြော

နေပြည်တော် မတ် ၂၀

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်း လမင်းယာဉ်မောင်းသင်တန်းကျောင်း၌ မတ် ၁၇ ရက်က သင်တန်းသား /သူ ၃၁၀ အား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့ခွဲ (၁)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးခိုင်စိုးက ယာဉ်မောင်းသူများ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားပြီး ယာဉ်ပေါ်ပါသူများပါ အသက်ဆုံးရှုံးမှု မရှိစေရေး၊ သင်္ကြန်ကာလ မူးယစ်ဆေးဝါးသုံးစွဲသူများမရှိစေရေး ပညာပေး ဟောပြောသည်။

ဆက်လက်၍ မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး(မြောက်ပိုင်း) မှ တပ်ဖွဲ့စုမှူး ရဲမှူး ဒီဒီယောဟန်က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့် ချမ်းမြသာစည်မြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်ဇော်က မှုခင်းကျဆင်းရေးလုပ်ငန်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကိုရဲ**

တပ်မတော်နေ့အကြိုဟောပြောပွဲနှင့် ထောက်ပံ့ငွေပေးအပ်

ဖျာပုံ မတ် ၂၀

ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအမှုဆောင်အဖွဲ့မှ နှစ်(၇၀) ပြည့် တပ်မတော်နေ့အကြို ဟောပြောပွဲနှင့်အဖွဲ့ဝင်များ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဗိုလ်သန်းဌေး(ငြိမ်း)နှင့် အမှုဆောင်များ အဖွဲ့ဝင် ၁၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် အဖွဲ့ဥက္ကဋ္ဌ ဗိုလ်သန်းဌေး(ငြိမ်း)နှင့် အတွင်းရေးမှူး အရာခံဗိုလ် စောလဲဖွယ်(ငြိမ်း)တို့က တပ်မတော်နေ့အကြောင်း သိကောင်းစရာများနှင့် နိုင်ငံတော်နှင့်ပြည်သူများအပေါ် တပ်မတော်၏ အကျိုးပြုဆောင်ရွက်မှုများ ရှင်းလင်းဟောပြောသည်။ ထို့နောက်အဖွဲ့ဘဏ္ဍာရေးမှူး တပ်ကြပ်ကြီး ထွန်းအောင်ကျော်(ငြိမ်း)နှင့် တာဝန်ရှိသူများက အဖွဲ့ရန်ပုံငွေမှ အဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ ထောက်ပံ့ပေးအပ်ရာ အဖွဲ့ဝင်တစ်ဦးချင်း လက်ခံယူကြသည်။ ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် တပ်မတော်နေ့အထိမ်း အမှတ်အဖြစ် ဆန်၊ ဆီနှင့် ငွေတို့ကို တစ်လှည့်စီ နှစ်စဉ်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

ကျေးရွာချင်းဆက် ချောင်းကူးတံတားကိုးစင်းဖွင့်

မြဝတီ မတ် ၂၀

ကရင်ပြည်နယ်မြဝတီမြို့ မြောက်ပိုင်းဒေသများတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသော ကျေးရွာချင်းဆက် ချောင်းကူးတံတားကိုးစင်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ကော့ကော်-မဲ့ပလဲ့ချောင်းကူးတံတားသစ်၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ နယ်စပ်ရေးရာ ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ကျေးရွာချင်းဆက် ချောင်းကူးတံတားများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ် သိန်း ၁၈၀၀ ဖြင့် ချစ်လင်းမြိုင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်သော အရှည်ပေ ၁၈၀ ရှိ ကော့ကော်-မဲ့ပလဲ့ချောင်းကူးတံတားအပြင် ဝက်ဝံချောင်းတံတား၊ ထီးဝါ့ပလောချောင်းတံတား၊ ကလီးလဲ့ချောင်းတံတား၊ ပွဲတလုချောင်းတံတား၊ သစ်ဟော့ချောင်းတံတား၊ သစ်ဒို့ကွီချောင်းတံတား၊ လေးဖိုးကလိုးချောင်းတံတား၊ မောကဲချောင်းတံတားများကိုပါ ကွန်ကရစ်ချောင်းတံတားများအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်**

အောင်မေတ္တာရပ်ကွက် အဝင်-အထွက်လမ်း ကောင်းမွန်အောင်ဆောင်ရွက်

အင်းတော် မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အင်းတော်-ကသာကားလမ်းဘေး အောင်မေတ္တာ (တိုးချဲ့)ရပ်ကွက် အဝင်အထွက်(အတက်-အဆင်း) မြေသား လမ်းအား အရှည်ပေ ၁၀၀၊ အကျယ်သုံးပေ၊ ထုတစ်ပေရှိ (ကားတစ်ကွင်းစာ)ကွန်ကရစ် နှစ်လမ်းသွားလမ်းနှင့် အရှည်ပေ ၅၀၊ အကျယ် ၂၅ ပေ၊ ထုခြောက်လက်မရှိ ကတ္တရာလမ်းကို ဆောင်ရွက်ပြီးစီးသွား၍ ရပ်ကွက်သူ ရပ်ကွက်သားများ၊ ကျောင်းသား ကျောင်းသူများအချိန်မရွေး အလွယ်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

စာပေမြင့်မှ
လူမျိုးတင့်မည်

ရွာလုံးကျွတ် လျှပ်စစ်မီးလင်းပြီ

နေပြည်တော် မတ် ၂၀

နေပြည်တော်ကောင်စီဖြည့်စွက်ရန်ပုံငွေဖြင့် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စု ကျွဲတဲကျေးရွာတွင် မတ် ၁၈ ရက်က ဆောင်ရွက်သည့် National Grid Line ဖြင့် ဆောင်ရွက်ပေးနိုင်သည့် ကျေးရွာငါးရွာကို 11 KV ဓာတ်အားလိုင်းဖြင့် လျှပ်စစ်မီးပေးနိုင်ခဲ့ပြီး National Grid Line ဖြင့် မမီသည့် ကျေးရွာကိုးရွာအား ဆိုလာလျှပ်စစ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဆိုလာမီးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျွဲတဲကျေးရွာ ၃၃၅ အိမ်ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးအား မှတ်တမ်းမှတ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကိုရူပ(နေပြည်တော်)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

တပ်ကုန်း မတ် ၂၀

ရပ်ကွက်/ကျေးရွာစာကြည့်တိုက်မှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက်ကနေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စာစု၊ စာပြု၊ စာငှားလုပ်ငန်းမျိုးတူစုခွဲခြင်း၊ ကတ်တလောက်၊ စာပေပစ္စည်းထိန်းသိမ်းရေး၊ ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းစသည့် ဘာသာရပ်အစုစုတို့ကို သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းသို့ စာကြည့်တိုက်ပညာစိတ်ပါဝင်စားသူများ၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်မှူးများ စုစုပေါင်းသင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာသင်ကြားပို့ချခဲ့သည်။

(၄၁၇)

ပညာသင် ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် မတ် ၂၀

ဇာတိမြေမှ အသင်းသူ အသင်းသားများ၏ ရင်သွေးသားသမီးများ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဆက်လက်ပညာသင်ကြားကြမည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ဦးဆောင်၍ မတ် ၁၅ ရက်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနာယကနှင့်ဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားပြီး ၂၀၁၅ ပညာသင်နှစ်အတွက် အသင်းမှပညာသင် ထောက်ပံ့ကြေးပေးရန် ရွေးချယ်ထားသည့် မောင်သက်ပိုင်ဦး၊ မောင်ဇော်မျိုးမင်း (ရေကြောင်းပညာကောလိပ်)၊ မောင်သန်းကိုဦး (ပညာရေးတက္ကသိုလ်)၊ မထွေးထွေးမင်း (နည်းပညာတက္ကသိုလ်)၊ မယမင်းသီရိ (နိုင်ငံခြားဘာသာတက္ကသိုလ်)တို့အား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရမ်းစိုးမြင့်

ပြည်တွင်းသတင်း

ပေ ၅၅၅၅၀ ရှည် သစ်သားတံတားကို ထိန်းသိမ်းသင့်

ကသာ မတ် ၂၀

ကသာမြို့နယ် ဧရာဝတီမြစ်ပေါင်းဆုံရာအနီး ကမ်းနံဘေးတွင်ရှိသော အင်းရွာကျေးရွာ၌ ဦးပိန်တံတားထက် ရှည်သော ရေကြီးချောင်းကူးသစ်သားတံတားကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားရှိကြောင်း တွေ့ရသည်။

ယင်းတံတားမှာ ကျေးရွာချင်းဆက် ရွာ ၃၁ ရွာရှိ ရွာသူရွာသားများ နွေ၊ မိုး၊ ဆောင်း ရာသီမရွေးသွားလာ အားကိုးနေကြလျက်ရှိသော သစ်သားတံတား အရှည် ပေ ၅၅၅၅၀ သွပ်မိုးထားရှိနားနေဆောင် လေးခန်းသစ်သားတိုင် အလုံးရေ ၈၆၈ တိုင်စိုက်ထူထားရှိသော တံတားဖြစ်သည်။

ယခုအခါတွင် မန္တလေး၊ ဗန်းမော်ခရိုင်ချင်းဆက်လမ်းနှင့် ချိတ်ဆက်၍ လမ်းမကြီးဖောက်လုပ်လိုက်သဖြင့် ကျေးရွာချင်းဆက်တံတားမှ ခရီးသွားဒေသခံများ ဖြတ်သန်းသွားလာမှုလျော့နည်းကျဆင်းလာရာ ပြန်လည်ပြုပြင်သူ နည်းပါးနေသဖြင့် ယင်းသစ်သားတံတားကို ကျေးရွာဒေသပြယုဂ်တစ်ခုဖြစ်ပေါ်ရန်နှင့် နိုင်ငံရပ်ခြားသားများဆွဲဆောင်မှုပြယုဂ်တစ်ခုဖြစ်လာပြီး သမိုင်းဝင်သစ်သားတံတားဖြစ်လာနိုင်စေရန် ပြုပြင်ထိန်းသိမ်းပေးရန်လိုအပ်နေလျက်ရှိနေကြောင်း သိရသည်။

ငွေအိုး(ကသာ)

လုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မန္တလေး မတ် ၂၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)တို့က ပူးပေါင်းကျင်းပသည်။ အပြည်ပြည်ဆိုင်ရာရဲ့လုပ်ပိုင်ခွင့်ကျင့်သုံးခြင်းအတွက် ရဲလုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများနှင့် ရဲတာဝန်ဝတ္တရားများ ကျင့်သုံးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုမတ် ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးမှမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲအရာရှိ ၃၀ တို့တက်ရောက်ကြပြီး ဒေသဆိုင်ရာ ရဲနှင့် လုံခြုံရေးတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုကိုယ်စားလှယ် အိုင်စီအာရ်စီ ရန်ကုန်ကိုယ်စားလှယ်(Mr.John Erik Jensen) မှ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အကြောင်းအရာများ၊ အိုင်စီအာရ်စီ၏ အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်နှင့်လုပ်ဆောင်ချက်များ၊ ရဲတပ်ဖွဲ့များတွေ့ကြုံရသော စိန်ခေါ်မှုအခက်အခဲများနှင့် အကန့်အသတ်များ၊ ရဲလုပ်ပိုင်ခွင့်ကျင့်သုံးခြင်းကို လမ်းညွှန်သောစံ၊ စံနှုန်းများ၊ အိုင်စီအာရ်စီ၏ ကာကွယ်စောင့်ရှောက် မှုပေးခြင်း၊ အကြမ်းဖက်မှုအခြေအနေများတွင်ပြုမူတတ်သည့်အကြောင်းရင်းများ၊ ရဲလုပ်ပိုင်ခွင့်ကျင့်သုံးခြင်းကို လမ်းညွှန်သောစံ၊ စံနှုန်းများ၊ ငြိမ်ဝပ်ပိပြားရေးဆောင်ရွက်ခြင်းနှင့် အဓိကရုဏ်းများထိန်းသိမ်းခြင်းဆိုင်ရာများကို သုံးရက်ကြာသင်တန်းပို့ချခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဆွေးနွေး

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံရှိ အစည်းအဝေးခန်းမ၌ မတ် ၁၇ ရက်က မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီမှကြီးမှူး၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် လှိုင်သာယာမြို့နယ်လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်နှင်းယုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ၌အသက် ၁၆ နှစ်ထိ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခွင့်အရေးရရှိမှုကို မြို့နယ်ဥပဒေအရာရှိ ဒေါ်သန္တာအောင်က ကလေးသူငယ်များဥပဒေကြောင်း အရ ကာကွယ်ပေးထားမှုနှင့် အခွင့်အရေးဆိုင်ရာများနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါ်ခင်ရူပါစိုးက တစ်လလျှင် ၈၀ ဦးအထက် မွေးဖွားနေသော မြို့နယ်မှ ကလေးငယ်များအတွက် နောင်အနာဂတ်ကာလထိ မွေးစာရင်းသည် မည်မျှအရေးကြီးကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

တာရှည်ခံဆေးစိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေ

သထုံ မတ် ၂၀

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စု ဝင်းပ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မတ် ၁၇ ရက်က စတင်၍ သထုံမြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် သိမ်ဆိပ်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ငှက်ဖျားရောဂါကူးစက်ခံရခြင်း မရှိရအောင် တာရှည်ခံဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်း အခမ်းအနား ကျင်းပခဲ့သည်။

ဝင်းပကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများအတွက် ဆေးစိမ်ခြင်ထောင် အလုံးရေ ၁၇၂၉ လုံး၊ တောင်ကြားကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် ဆေးစိမ်ခြင်ထောင်အလုံးရေ ၁၆၅၁ လုံးကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

“အခုလို အိမ်ထောင်စု တစ်စုမှာ လူဦးရေ နှစ်ဦးကို ခြင်ထောင်တစ်လုံးနှုန်း အခမဲ့ပေးတာဟာ ငှက်ဖျားရောဂါ မဖြစ်ပွားအောင် အသုံးပြုစေချင်လို့ပါ။ ဗီရိုထဲမှာ ထည့်ပြီး သိမ်းမထားကြပါနဲ့။ တာရှည်ခံ ဆေးစိမ်ခြင်ထောင်တွေက ငါးနှစ်လောက် အသုံးပြုနိုင်ပါတယ်” ဟု ဝင်းပကျေးရွာ ကျေးလက်ကျန်းမာရေးဆရာမ တစ်ဦးက ပြောသည်။

ခွန်(ဝင်းပ)

အသိပညာပေးဟောပြော

ဒေါ့ဖုန်းယန် မတ် ၂၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်ခွဲရှိ ဒေသခံပြည်သူများ အသိပညာတိုးပွားရေးအတွက် ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းမျိုးအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာဟောပြောပွဲကို မတ် ၁၆ ရက် နံနက် ၁၁ နာရီတွင် မံသဲကျေးရွာ၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် မံမော်ကျေးရွာ၌လည်းကောင်း အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စလင်းမြို့၌ လျှပ်စစ်မီးတိုင်လဲလှယ်ပေး

စလင်း မတ် ၂၀

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးပြုလုပ်ခြင်းနှင့် အသုံးပြုရန်မသင့်တော်သော လျှပ်စစ်မီးတိုင်များနေရာတွင် ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ပေးလျက်ရှိသည်။

အဆိုပါဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်ဌာနမှူး ဦးအောင်မြင့်ဝင်း ဦးစီးသော လျှပ်စစ်ဝန်ထမ်းများက ဈေးမရပ်၊ ပေါင်းနားရပ်၊ မြင်တင်ရပ်၊ ပေါင်းပင်ဇရပ်တို့တွင် ကွန်ကရစ်တိုင်ပေါင်း ၃၆၅ တိုင်ဖြင့် လဲလှယ်ပေးခဲ့သည်။

နွေကာလသို့ရောက်ပြီဖြစ်သော်လည်း မင်းဘူးမြို့မှ စုပေါင်းဓာတ်အားခွဲဝေသုံးစွဲမှုစနစ်ကြောင့် စလင်းမြို့တွင် လျှပ်စစ်မီး ၂၄ နာရီအပြည့် သုံးစွဲလျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၃၃၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/ 8223၏ ဖောင်း ကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၁၆၃၆၊ ရွှေသမင် GBS-02/သုံးဘီး ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမာ ၅/စကန(နိုင်)၁၄၇၀၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)

ပြည်တွင်းသတင်း

ကလေးငယ်များတွင် ဖြစ်ပွားလေ့ရှိသည့် ဦးနှောက်ရောင်ရောဂါ ကာကွယ်ကုသရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည်

ရန်ကုန် မတ် ၂၀

နိုင်ငံတကာသိပ္ပံပညာရှင်များ ၊ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမတည်ပံ့ပိုးပေးသည့် အဖွဲ့တို့မှ ပူးပေါင်း၍ ကလေးငယ်များအား ရောဂါရှာဖွေဆန်းစစ်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်ခြင်းတို့ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက်ဒေသဆိုင်ရာအရေးပါသော ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဦးနှောက်ရောင် ကူးစက်ရောဂါ ကာကွယ်ရေးစီမံကိန်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆွေးနွေးပွဲကို မတ် ၁၇ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကလေးဆေးရုံကြီး တိုးချဲ့ဆောင်၌ကျင်းပသည်။

ဦးနှောက်ရောင်ရောဂါသည် ဗဟိုအာရုံကြောဖွဲ့စည်းမှုစနစ် ရုတ်တရက်ပြင်းထန်စွာ ရောင်ရမ်းခြင်းကြောင့် ဆက်စပ်နေသော ဦးနှောက်နှင့်အာရုံကြောများ၏ ပုံမှန်လုပ်ငန်းစဉ်များ ပျက်ပြားသွားခြင်းဖြစ်ပြီး ကူးစက်တတ်သော ဦးနှောက်ရောင်ရောဂါသည် အရှေ့တောင်အာရှဒေသတွင်အဖြစ်များပြီး အထူးသဖြင့် ကလေးများဆေးရုံတက်ရောက်ရခြင်းနှင့် သေဆုံးခြင်းတို့ကိုဖြစ်စေသည့် အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်၌ ရန်ကုန်ကလေးဆေးရုံကြီးတွင် ဆေးရုံတက်ရောက်နေသော ကလေးလူနာ ၁၇၀၀၀ ခန့်တွင် အယောက် ၃၀၀ ဝန်းကျင်ခန့် ငါး ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားခဲ့ပြီး ၂၆ ဦးသေဆုံးခဲ့သည်။ ရန်ကုန်ကလေးဆေးရုံကြီးမှ ဒေါက်တာကျော်လင်းက "သေဆုံးပမာဏ အများကြီးမဟုတ်ပေမယ့် နောက်ဆက်တွဲက အလွန်များတယ်။ ရောဂါဖြစ်ရင် အသေနှုန်းများတယ်။ အသက်မဆုံးရှုံးခဲ့ရင် မသန်စွမ်းတွေအဖြစ် ကျန်ခဲ့တယ်"ဟု ပြောသည်။

အရှေ့တောင်အာရှ ဦးနှောက်ရောင်ရောဂါနှင့်ပတ်သက်သော စီမံကိန်းကို မြန်မာနိုင်ငံတွင် သုံးနှစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ နည်းပညာနှင့်ပတ်သက်သည့် သင်တန်းများပေးခြင်းနှင့် ရောဂါစမ်းသပ်ရန် စက်ပစ္စည်းများ ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီစီမံကိန်းက ရောဂါကိုတိတိကျကျဖော်ပြနိုင်အောင် အကူအညီပေးမှာပါ။ ၂၄ နာရီအတွင်းမှာ ဗိုင်းရပ်စ် ၂၀ မျိုးကို စစ်ဆေးသိရှိရမှာပါ။ တိတိကျကျနဲ့ ကုသနိုင်မှာ ဖြစ်တဲ့အတွက် ကလေးတွေလည်း ရောဂါမြန်မြန်ပျောက်မယ်။ နိုင်ငံ့အတွက်လည်း ဘဏ္ဍာငွေသက်သာမယ်။ ကလေးတွေရဲ့ အသက်ပေါင်းများစွာကိုလည်း ကယ်ဆယ်နိုင်မယ်။ နောက်ဆက်တွဲပြဿနာတွေဖြစ်တဲ့ ဦးနှောက်ချို့ယွင်းတာ၊ အတက်ရောဂါတွေကို ကာကွယ်ခြင်းအားဖြင့် ကလေးတွေဘဝ နောင်ရေးလည်းကောင်းသွားမယ်။ ခန္ဓာကိုယ်ချို့ယွင်းမှုတွေလည်း နည်းသွားနိုင်တာပေါ့"ဟု ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ဒေါက်တာသိန်းထွန်းက ပြောသည်။

ဓာတ်ခွဲခန်းဆိုင်ရာ ခေတ်မီပစ္စည်းကိရိယာများကို တပ်ဆင်ထောက်ပံ့ပေးသွားခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းမှ ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်က အသစ်ပေါ်ပေါက်လာသည့် ရောဂါများ၏ ခြိမ်းခြောက်မှုကို နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပိုမိုထိရောက်သည့် တုံ့ပြန်မှုများ လုပ်ဆောင်နေချိန်အတွင်း အဏုဇီဝဗေဒနည်းနှင့် ရောဂါအမည်ဖော်ထုတ်ခြင်း၊ ရုတ်တရက်ပြင်းထန်သော ဦးနှောက်ရောင်ရောဂါလက္ခဏာများကို စမ်းသပ်ရှာဖွေရေးအပိုင်းများတွင် ပိုမိုလုပ်ဆောင်လာနိုင်မှာဖြစ်သောကြောင့် မြန်မာနိုင်ငံအတွက် အလွန်ထိရောက်အရေးပါသော စီမံကိန်းဖြစ်ကြောင်း ပြောကြားသည်။

ဦးနှောက်ရောင်ရောဂါသည် အသက် ၁၅ နှစ်အောက်တွင်ဖြစ်ပွားပြီး အသက် ငါးနှစ်အောက်တွင် အဖြစ်အများဆုံးဖြစ်ကြောင်း၊ ရခိုင်၊ မွန်၊ တနင်္သာရီဒေသများတွင် အများဆုံးဖြစ်ပွားကြောင်း၊ အထူးသဖြင့် ခြင်မှတစ်ဆင့်ကူးစက်တတ်သော ဂျပန် ဦးနှောက်ရောင်ရောဂါ အများဆုံးဖြစ်ပွားကြောင်း၊ အခြား ဦးနှောက်ရောင်ရောဂါများသည်လည်း နည်းမျိုးစုံဖြင့် ကူးစက်တတ်ကြောင်း၊ ဂျပန်ဦးနှောက်ရောင်ရောဂါသည် ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်ဆောင်ရွက်မည့် အရှေ့တောင်အာရှ ဦးနှောက်ရောင်ရောဂါနှင့်ပတ်သက်သော စီမံကိန်းကို Total Corporate Foundation မှ အဓိကပံ့ပိုးကူညီပေးထားပြီး ၂၀၀၈ နိုဘယ်လ်ဆုရှင် ပါမောက္ခ Francaise Barre Slnoussi (INSERM/INSTITUT Pasteur) အပါအဝင် နိုင်ငံတကာသိပ္ပံပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဆိုင်ရာ မြန်မာကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သောလူမှုအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များပါဝင်ခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများ အနက် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့တွင် စီမံကိန်းကို ဆောင်ရွက်နေပြီး မြန်မာနိုင်ငံတွင် မကြာခင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

သတင်း - မင်းသစ်

အရှေ့တောင်အာရှ ဦးနှောက်ရောင်ရောဂါနှင့် ပတ်သက်သော စီမံကိန်းကို မြန်မာနိုင်ငံတွင် သုံးနှစ် ဆောင်ရွက်သွားမည်ဖြစ်. . .

မုဒုံမြို့နယ်မှ အရုံစေတီရှစ်ဆူ ဥပ္ပါတသန္တိစေတီတော်တွင် ရင်ငွေ့တော်ခိုလှုံ

နေပြည်တော် မတ် ၂၀

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့ ရှမ်းစုရပ်ရှိ ရွှေဟောင်းသမိုင်းဝင် အောင်တော်မူစေတီတော်မြတ်ကြီးကို တင်လှူပူဇော်မည့် စိန်ဖူးတော်ငှက်မြတ်နားတော်နှင့် အရံစေတီရှစ်ဆူ၏ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်များကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် မတ် ၁၇ ရက် ညတစ်ညတာ ရင်ငွေ့တော် ခိုလှုံတော်မူခဲ့ကြောင်း သိရသည်။

အဆိုပါ အရံစေတီရှစ်ဆူကို မတ် ၁၆ ရက် ညတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင်တစ်ညတာ ရင်ငွေ့တော် ခိုလှုံပြီး မတ် ၁၇ ရက်တွင် မန္တလေးမြို့မှ ရန်ကုန်-မန္တလေး (အမြန်လမ်းမကြီး)အတိုင်း နေပြည်တော်သို့ ပင့်ဆောင်လာရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏အရောက် အရှေ့တောင်ထောင့်အရပ်မှ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ထင်မော်ထွန်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည်နှင့်အဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်ပတ်ကာ စေတီတော်မြတ်ကြီး၏ ရင်ငွေ့တော်ကို တစ်ညတာခိုလှုံခဲ့သည်။

မတ် ၁၈ ရက် နံနက် ၄ နာရီတွင် ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်း နေပြည်တော်မှ မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့ ရှမ်းစုရပ်သို့ ဆက်လက်ပင့်ဆောင်တော်မူသွားကြောင်းနှင့် မတ် ၂၉ ရက် တနင်္ဂနွေနေ့တွင် တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

ဟိုပန်၌ ဂြိုဟ်ပြေနံ့ပြေဘုရားတည်ထားကိုးကွယ်

ဟိုပန် မတ် ၂၀

ဟိုပန်မြို့ သဗ္ဗညုစုမ့်မိန်းစေတီတော်သာသနာ့ကုန်းတော်၌ ဂြိုဟ်ပြေနံ့ပြေဘုရား၊ ဗုဒ္ဓဂယာဗောဓိညောင်ပင် ပလ္လင်တော်နှင့်မုခ်ပေါက်တို့ကို တည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

ဟိုပန်မြို့နယ်တွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားပြည်သူများက ကဆုန်လတွင် ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ဘုရားရေသပ္ပာယ်နိုင်ရန်၊ ဗောဓိညောင်ပင်ကို ရေသွန်းလောင်းနိုင်ရန် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့်ဦးစီးအဖွဲ့ဝင်များဦးဆောင်၍ ဒေသခံစေတနာရှင် ပြည်သူများ၏ ပါဝင်လှူဒါန်းငွေဖြင့် ကဆုန်လပြည့်နေ့မတိုင်မီ အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

မိုးညှင်းမြို့နယ်၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွား

မိုးညှင်း မတ် ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာအနီး၌ မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်းနှင့် ရော်ဘာခင်းများကို တောမီးမကူးစက်စေရန် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက အချိန်မီ ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

“ဒီတောမီးက နန့်ရင်းချောင်းတစ်ဖက်ကမ်းမှာရှိတဲ့ လယ်ကွင်းအနီးက ခုတ်ထွင်စုပုံအခြောက်ခံထားတဲ့ ဝါးရုံပင်တွေကို ဒေသခံတစ်ဦးက စည်းကမ်းမဲ့ရှို့လိုက်တဲ့မီးကနေ ဒီဘက်ကမ်းကို မီးပွားတွေ လွင့်ကျပြီး တောမီးအဖြစ် လောင်ကျွမ်းခဲ့တာပါ။ တောမီးလောင်ကျွမ်းတဲ့နေရာနဲ့ အနီးဆုံးမှာ ရော်ဘာခြံ သုံးခြံရှိနေတာမို့ တောမီးက ရော်ဘာခြံနား တဖြည်းဖြည်း ကပ်လာတာမို့ ရော်ဘာခြံပိုင်ရှင်တွေက အနီးအနားမှာရှိတဲ့လူတွေကို အကူအညီတောင်းလို့ လာရောက်ပြီးတော့ မီးငြိမ်းသတ်ပေးခဲ့ကြတာပါ။ ရော်ဘာစိုက်ခင်းတွေရဲ့ အဓိက ရန်သူက မီးဆိုတော့ ကြိုတင်ကာကွယ်မှုတွေ ပြုလုပ်ထားသင့်ပါတယ်”ဟု မီးငြိမ်းသတ်ရာတွင် ပါဝင်ကူညီပေးခဲ့သည့် ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

သာယာကုန်းကျေးရွာအနီး နောင်စိန်တောင်အဆင်းရှိ လယ်ကွင်းတွင် ခုတ်ထွင်စုပုံထားသည့် ဝါးရုံတောကိုမီးရှို့ရာမှ တောမီးအဖြစ် ဆက်လက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကာ နောင်စိန်တောင်အဆင်းတွင် စိုက်ပျိုးထားသည့် ဦးတင်ဝင်း၏ ဧက ၂၀ ရော်ဘာခြံ၊ ဦးဇော်ထွန်း၏ ခြောက်ဧကခြံနှင့် ဒေါ်လှကြည်၏ ရှစ်ဧကခြံများအနီးသို့ ရောက်ရှိခဲ့ပြီး ရော်ဘာခင်းများကို ကူးစက်လောင်ကျွမ်းနိုင်သည့် အခြေအနေသို့ရောက်ရှိလာသဖြင့် ရော်ဘာစိုက်ခင်းအနီးရှိ ပြည်သူများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ လမ်း၊ တံတားဆောက်လုပ်ရေးမှ လုပ်သားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း၊ မွန်းလွဲ ၂ နာရီကျော်တွင် လောင်ကျွမ်းသော မီးမှာ ညနေ ၅ နာရီခွဲခန့်တွင်မှ ငြိမ်းသွားခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ကလည်း ရော်ဘာခြံ မီးဘေးအန္တရာယ် လုံခြုံဖို့အတွက် ကြိုတင်ပြီးတော့ မီးတားလမ်းတွေ ခြံပတ်လည်မှာ ပြုလုပ်ထားပါတယ်။ ဒါပေမယ့် အနီးဝန်းကျင်မှာရှိတဲ့ စည်းကမ်းမဲ့ မီးရှို့တဲ့သူတစ်ဦးကြောင့် ယခုလို ဖြစ်သွားတာပါ။ မီးရှို့မယ်ဆိုရင်လည်း စနစ်တကျရှိပြီး စနစ်တကျ ပြန်လည်ငြိမ်းသတ်သွားဖို့ လိုအပ်ပါတယ်။ ဒီလိုမဟုတ်ရင် မီးက အကုန်လုံးကို ကူးစက်လောင်ကျွမ်းသွားမှာပါ။ ကျွန်တော်တို့ ရော်ဘာခြံပိုင်ရှင်တွေဟာ ရော်ဘာပင်တွေကို နှစ်အတော်ကြာ စိုက်ပျိုးပြုစုထားခဲ့ရတာ။ ဒီလိုအချိန်မှာ မီးလောင်ကျွမ်းသွားရင် ကျွန်တော်တို့ခြံပိုင်ရှင်တွေအတွက် ငွေကြေးရော အချိန်တွေပါ အများကြီး နစ်နာဆုံးရှုံးရမှာပါ”ဟု ရော်ဘာခြံပိုင်ရှင် တစ်ဦးဖြစ်သူ ဦးတင်ဝင်းက ပြောသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ရော်ဘာစိုက်ဧက ၂၀၀၀၀ ကျော်ခန့်ရှိပြီး ရော်ဘာစိုက်ခင်းများကို ၁၉၉၇ ခုနှစ်ခန့်က စတင်စိုက်ပျိုးခဲ့ကြရာ ယခုအခါ ရော်ဘာစေးများ ထုတ်ယူနေကြပြီဖြစ်ကြောင်း သိရသည်။

နီတိုး(မော်လူး)

သောက်သုံးရေရရှိရန် ရေပန့်အသစ်တပ်ဆင်

မြိုင် မတ် ၂၀

မကွေးတိုင်းဒေသကြီး မြိုင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ စက်ရေတွင်းများမှ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေးအတွက် မြင်းကောင်ရေ ၃၀ အား ရေပန့်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မတ် ၁၈ ရက်တွင် ပြောင်းလဲတပ်ဆင်ခဲ့ကြောင်း သိရသည်။

မြိုင်မြို့နယ်သည် မိုးနည်းရပ်ဝန်းဒေသဖြစ်သည့်အတွက် နွေရာသီတွင် ရေလုံလောက်စွာသုံးစွဲနိုင်ရန် စည်ပင်သာယာရေးအဖွဲ့နှင့် လျှပ်စစ်ဌာနတို့ ပူးပေါင်း၍ ရေပန့်အသစ်ကို ပြောင်းလဲတပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က ရေတွင်းများမှ ရေတင်ရာတွင် မြင်းကောင်ရေ ၂၀ အားရှိ ရေပန့်ဖြင့် ရေစုပ်တင်ခဲ့ရာ တစ်နာရီ ဂါလန်တစ်သောင်းသာထွက်ရှိပြီး ယခုမြင်းကောင်ရေ ၃၀အားရှိ ရေပန့်ကို ပြောင်းလဲတပ်ဆင်လိုက်သဖြင့် တစ်နာရီလျှင် ဂါလန်တစ်သောင်းခွဲအထိ ရေတင်ပေးနိုင်မည်ဖြစ်သည့်အတွက် မြို့ပေါ်ရှိ ရေငုတ်ပေါင်း ၁၅၀၀ ကျော်ဖြင့် ပြည်သူများအား ရေလုံလောက်စွာပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

ကျိုင်းတုံဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာမွေးဖွားခဲ့သောဒေါ်နန်းခမ်းနွန်းအား ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ဖြူဖြူညွန့်က ထောက်ပံ့ပေးအပ်သည့် အလှူငွေကျပ်တစ်သိန်းကို ကျိုင်းတုံခရိုင်အမျိုးသမီးရေးရာအဖွဲ့တာဝန်ရှိသူများက မတ် ၁၈ တွင် ပေးအပ်စဉ်။ မောင်မောင်နိုင် (iprd)

နိုင်ငံတကာအားကစား

အိမ်ကွင်းမှာ ကြိုးကြာနီတို့ တောင်ပံခတ် အောင်ပွဲခံနိုင်မလား



မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ် စီးချင်းထိုးပွဲစင်မြင့်ကို ရောက်လာတာကတော့ လီဗာပူးနဲ့ မန်ယူတို့ပွဲဖြစ်ပါတယ်။ မတ် ၂၁ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကြမယ့် ဒီပွဲကို ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ အာရုံစိုက်နေကြတာမို့ ဘယ်လိုရလဒ် ထွက်ပေါ်လာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။ ချန်ပီယံလိဂ်ဝင်ခွင့်ကို အသည်းအသန်ကြိုးစားကြမယ့် ဒီနှစ်သင်းရဲ့ ပြိုင်ပွဲကတော့ အစဉ်အလာအရ ပြိုင်ဘက်ကောင်းတွေဆုံတွေ့ကြတာဖြစ်ပြီး ပရိသတ်တွေအတွက် ပွဲကြီးပွဲကောင်းတစ်ပွဲအဖြစ် ရင်သပ်ရှုမောဖွယ်ရာအားပေးကြရဦးမှာ ဖြစ်ပါတယ်။

လီဗာပူးနှင့် မန်ယူ

နှစ်သင်းစလုံး လက်ရှိအချိန်မှာ ခြေစွမ်းအတက်အကျတူညီနေပြီး ဒဏ်ရာရ ပွဲပယ်ကစားသမားတွေ ကိုယ်စီရှိနေကြပါတယ်။ လီဗာပူးမှာ ဖလာနာရန်၊ ဂျုံးစ်နဲ့ အိုင်ဗီတို့ ဒဏ်ရာရရှိနေပြီး မန်ယူမှာ ဗန်ပါစီဒဏ်ရာရနေသလို အီဗန်လည် ပွဲပယ်ပစ်ဒဏ်ခံထားရပါတယ်။ ပထမအကျော့ မန်ယူကွင်းမှာ လီဗာပူးတို့ ရှုံးပွဲကြုံထားတာမို့ အခုပွဲမှာတော့ ရှုံးကြွေးပြန်ဆပ်ဖို့ အားထုတ်လာပါလိမ့်မယ်။ လီဗာပူးနဲ့ မန်ယူ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့တဲ့ ရလဒ်ကိုကြည့်ရင် လီဗာပူးကွင်းမှာ မန်ယူတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ သုံးပွဲရှုံးထားပါတယ်။ ကြိုးစားအားထုတ်မှုအပိုင်းမှာ လီဗာပူးက အားသာချက်ရှိပြီး တိုက်ပွဲဝင် စိတ်ဓာတ်မှာလည်း အိမ်ရှင်တို့က ပိုပြီးပြင်းထန်နေပါတယ်။ မန်ယူတို့ တစ်ပွဲချင်းစီအလိုက် ဗျူဟာခင်းကျင်းမှု ပြောင်းလဲနေပြီး အသားကျတဲ့ ခြေစွမ်းမျိုးပိုင်ဆိုင်ထားခြင်း မရှိသေးတာမို့ အခုပွဲမှာခက်ခဲမှုတွေနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ မန်ယူရဲ့ ပုံစံလွဲမှားနေတဲ့ ဗျူဟာကြောင့် ပွဲတိုင်းမှာ ရုန်းကန်နေရလေ့ရှိပြီး စပါးကို အနိုင်ယူခဲ့တဲ့ ခြေစွမ်းကလည်း တစ်နေ့ရွှေ၊ တစ်နေ့ငွေပုံစံမျိုးဖြစ်နေတာမို့ ယုံကြည်လို့တော့ မရနိုင်ပါဘူး။ ဒီပွဲမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ အားထုတ်လာမယ့်ကြိုးကြာနီတို့နဲ့ အောင်ပွဲခံ တောင်ပံခတ်မှုကို မြင်တွေ့ရဖို့ များနေတာတော့ အမှန်ပါပဲ။

ဟားလ်စီးတီးနှင့် ချယ်လ်ဆီး

တန်းစီဇယားထိပ်ဆုံးက ချယ်လ်ဆီးတို့အတွက် အမှတ်ပြည့်ဦးမယ့်ပွဲပါပဲ။ ဟားလ်စီးတီးတို့က ချယ်လ်ဆီးကို ဒုက္ခပေးနိုင်မယ့် အသင်းမဟုတ်ပေမယ့် လျှော့တွက်လို့မရတဲ့အသင်းထဲမှာပါဝင်ပါတယ်။ချယ်လ်ဆီးဟာ ဒီနှစ်ပရီမီယာလိဂ်ဖလားကို အရယူဖို့ အမှားအယွင်းမခံတာမို့ အနိုင်ရအောင် ဖိအားပေးကစားပါလိမ့်မယ်။ ချယ်လ်ဆီးမှာ ဒဏ်ရာရကစားသမား မီခေးလ်တစ်ဦးတည်းရှိပြီး ဟားလ်စီးတီးမှာတော့ ဒိုင်ယာမီ၊ စနော့ဂရက်၊ ချက်စကာတို့ ဒဏ်ရာရရှိနေသလို စတုန်းလည်း ပွဲပယ်ပြစ်ဒဏ်ခံထားရပါတယ်။ ဒါကြောင့် အမာခံကစားသမားတွေ အကုန်ပွဲထွက်လာမယ့် ချယ်လ်ဆီးတို့ရဲ့ နိုင်ပွဲကို ဟားလ်စီးတီးတို့ ခွင့်ပြုရမှာပါ။

ကျူပီအာနှင့် အဲဗာတန်

ကျူပီအာကွင်းမှာ ကစားတိုင်း အဲဗာတန်တို့ ရှုံးပွဲကြုံတာများပါတယ်။ အခုလည်း အဲဗာတန်းရဲ့ခြေစွမ်းက အဝေးကွင်းမှာ ရှုံးပွဲများနေဆဲပါပဲ။ ကျူပီအာတို့က တန်းဆင်းဇုန်ထဲက လွတ်မြောက်ဖို့ ကြိုးစားမှာဖြစ်ပြီး အဲဗာတန်ရဲ့ ခံစစ်ပိုင်းအားနည်းမှုဟာ ကျူပီအာတိုက်စစ်မှူးတွေ ဂိုးရရှိဖို့အခွင့်အရေးတွေ ဖြစ်လာပါလိမ့်မယ်။ ကျူပီအာတို့က အိမ်ကွင်းမှာ ခြေစွာပြီး ပြိုင်ဘက်အသင်းတွေ ထိန်းသိမ်းရအခက်အခဲတဲ့ ခြေစွမ်းရှိတာမို့ အခုပွဲမှာ အိမ်ရှင်တို့ အနိမ့်ဆုံးတစ်မှတ်ရယူပါလိမ့်မယ်။ ။

ရီးရဲမက်ဒရစ်၌ ဂါရတ်ဘေးလ် ကြာမြင့်စွာရှိနေမည်

ရီးရဲမက်ဒရစ်တောင်ပံကစားသမား ဂါရတ်ဘေးလ်က မိမိသည် ရီးရဲမက်ဒရစ်အသင်း၌ အချိန်ကြာမြင့်စွာ ဆက်ရှိနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ တိုက်စစ်မှူး စီရော်နယ်ဒိုနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်နေကြောင်း မီဒီယာများ၏ ရေးသားချက်အပေါ် ၎င်းက တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

စီရော်နယ်ဒို၊ ဂါရတ်ဘေးလ်နှင့် ဘင်ဇီမာတို့၏ ဘီဘီစီတိုက်စစ်အတွဲသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်ပြီး အတွဲညီသော ကစားသမားများဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက ချီးကျူးထားသည်။ မကြာမီက ကစားခဲ့သောပွဲများတွင် ဂါရတ်ဘေးလ် ခြေစွမ်းမပြနိုင်ခဲ့ခြင်းအပေါ် ထိုသို့ ဂိုးမိုးခေါင်တဲ့ အချိန်ကာလတစ်ခုရှိတတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂါရတ်ဘေးလ်အား မန်ယူအသင်းက ကမ်းလှမ်းလာမှုသတင်းများအပေါ် တုံ့ပြန်ရာတွင် ရီးရဲမက်ဒရစ်၌ အချိန်ကြာမြင့်စွာဆက်လက်ကစားနေဦးမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

မိုးမြင့်လင်းလက်

မန်စီးတီးနည်းပြ နုတ်ထွက်ရဖွယ်ရှိ

မန်စီးတီးအသင်းချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီးနောက် နည်းပြပယ်ရီဂရင်းနီဟာ ရာသီအကုန်မှာ နုတ်ထွက်ရဖွယ်ရှိတယ်လို့ ဘီဘီစီဘောလုံးကျွမ်းကျင်သူ ရော်ဘီဆာဗက်က ပြောဆိုလိုက်ပါတယ်။ မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲမှာ ဘာစီလိုနာကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီး ထွက်ခဲ့ရပါတယ်။ ပရီမီယာလိဂ်မှာလည်း ထိပ်ဆုံးရောက် ချယ်လ်ဆီးနောက်မှာ ခြောက်မှတ်အကွာမှ လိုက်နေရပါတယ်။ ဂိုးသမားဂျိုးဟတ်ကတော့ "ကျွန်တော်တို့ရဲ့နည်းပြကို ထောက်ခံပါတယ်။ သူဟာပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့အတွက် ဖလားနှစ်လုံးရအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်" လို့ ကာကွယ်ပြောဆိုပါတယ်။ **ကောင်းမြတ်သူ**

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးငွေသိန်း၏သမီး မထွေးနန္ဒာသိန်း ၁/မမန(နိုင်)၀၁၇၀၃၆အား ယနေ့မှစ၍ မထွေးနန္ဒာသိန်း(ခ)မနန္ဒာဝင်းဟုဖြည့်စွက်ခေါ်ပါရန်။

မထွေးနန္ဒာသိန်း(ခ)မနန္ဒာဝင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် စောမြတ်သိန်းထက် ၃/ဘအန(နိုင်)၂၀၄၆၆၅၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၂၆၇၃၀၁



ကြော်ငြာ

Model : R906
Operating Weight : 23 Tons
Engine Output : 105 kW/ 143 HP
Bucket Capacity : 1.2 m³ (Heavy Duty)
Low Fuel Consumption : 12 - 15 Liter per hour
LIEBHERR
906
USD $ 159,900
(All Taxes Included)
• 12 months installment payment
(Terms & Conditions Apply)
• 1 Year Maintenance Free
(Included Parts)
Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.
Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar
LIEBHERR

Mixing Drum Size : 3 m³ to 9 m³
Mixing Spirals + Drum : High Tensile Steel LH 37 (IMPORTED FROM GERMANY)
SUITABLE FOR ALL TRUCK CHASSIS. (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)
Price Starting From

	Installation in Thailand (Ex-Factory)	Installation in Yangon (Included tax and installation)
3 m³	Euro 13,800	Euro 20,000
5 m³	Euro 15,000	Euro 20,900
7 m³	Euro 16,300	Euro 21,500
9 m³	Euro 20,500	Euro 26,300

LIEBHERR
Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.
Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar
LIEBHERR

ကျောင်းပိတ်ချိန်မှာ နည်းပညာသင်တန်း ဘာတွေတက်မလဲ

သူရဖြိုး

တက္ကသိုလ်ဝင်တန်းအပါအဝင် အခြေခံပညာကျောင်းသားများအနေဖြင့် စာမေးပွဲများဖြေဆိုပြီးသည့် နွေရာသီကျောင်းပိတ်ရက်တွင် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ အနုပညာသင်တန်း စသည့်သင်တန်းများအနက် တစ်ခုခုကို တက်ရောက်လေ့ရှိသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသည့် လူငယ်များအနေဖြင့်မူ သင်တန်းတက်သည့်အခါတွင် တက်သည့်သင်တန်းသည် အပျော်သဘောမဟုတ်ဘဲ အလုပ်တစ်ခုခုအတွက်ပါ အမှန်တကယ်အထောက်အပံ့ပေးနိုင်သည့် သင်တန်းမျိုးဖြစ်ရန် လိုအပ်ပါသည်။ ဘာသာရပ်ခွဲအများအပြားရှိသော ကွန်ပျူတာသင်တန်းတစ်ခုခုသို့ တက်ရောက်မည်ဆိုပါက ထိုသင်တန်းသည် မိမိဝါသနာနှင့် ကိုက်ညီမှု ရှိ မရှိ၊ အလုပ်အကိုင်ရရှိရန် အထောက်အကူပြု မပြုစသည်တို့ကို ကြိုတင်လေ့လာရန်လည်း လိုအပ်မည်ဖြစ်သည်။

ပထမဆုံး ဘာစသင်မလဲ

ရန်ကုန်မြို့ရှိ လူငယ်အများစုအနေဖြင့် ကွန်ပျူတာဂိမ်းများကစားခြင်း၊ အင်တာနက်ဆိုင်ထိုင်ခြင်းတို့ကြောင့် ဆယ်တန်းကျောင်းသားအရွယ်ဆိုလျှင် ကွန်ပျူတာအခြေခံကို သုံးတတ်ပြီးသူက များသည်။ သို့သော် နယ်မှလူငယ်များမှာမူ ကွန်ပျူတာနှင့် အလှမ်းဝေးသဖြင့် ကွန်ပျူတာအခြေခံသင်တန်းကို စသင်ရန်လိုအပ်ပါသည်။ သင်တန်းများသည် ကွန်ပျူတာအခြေခံ(Basic Course)ကို သင်ကြားရာတွင် သင်တန်းအလိုက် ကိုယ့်သင်ရိုးဖြင့်ကိုယ် သင်ကြသည်။ မည်သည့်သင်ရိုးဖြင့် သင်သည်ဖြစ်စေ အခြေခံစာစီစာရိုက်၊ ကွန်ပျူတာ၏ အဓိကစနစ်ဖြစ်သော ဝင်းဒိုးကို အခြေခံအဆင့်အသုံးပြုနည်း၊ မိုက်ခရိုဆော့ဖ်၏ အခြေခံဆော့ဖ်ဝဲများဖြစ်သော Word, Excel, Power Point ၊ အင်တာနက်နှင့် အီးမေးလ်သုံးခြင်းစသည်တို့ ပါဝင်ရန် လိုအပ်သည်။ ကွန်ပျူတာနှင့်ပတ်သက်သည့် ဘွဲ့ဒီဂရီများရယူလိုသူများအတွက်မူ University of Greenwich နှင့် NCC Education တို့မှ ပေးအပ်သည့် ပထမနှစ်ကွန်ပျူတာဒီပလိုမာသင်တန်းများကို တက်ရောက်ထားသင့်သည်။ KMD ကွန်ပျူတာစင်တာက ဖွင့်လှစ်သင်ကြားနေသော ပထမနှစ်ကွန်ပျူတာဒီပလိုမာသင်တန်းသည် သင်တန်းချိန် နာရီ ၄၀ ခန့်ရှိပြီး သင်တန်းကြေးမှာ ကျပ်လေးသောင်းဖြစ်သည်။

အခြေခံသင်ပြီးလျှင်

ကွန်ပျူတာအခြေခံအဆင့်သင်ပြီးလျှင် ဘာသာရပ်အများအပြားရှိသော ကွန်ပျူတာနည်းပညာများမှ မိမိတို့ဝါသနာပါရာတစ်ခုကို အထူးပြုလေ့လာသင်ကြားရမည်ဖြစ်ပါသည်။ ဓာတ်ပုံများပြင်ဆင်ခြင်းနှင့် ဒီဇိုင်းရေးဆွဲခြင်းတို့အတွက် Graphic Design သင်တန်း၊ Microsoft Excel ကို အသုံးပြုပြီး စာရင်းဇယားများတွက်ချက်ခြင်းတို့အတွက် Excel in Business Application သင်တန်း၊ မဂ္ဂဇင်း၊ ဂျာနယ်များနှင့် အခြားစာစီစာရိုက်လုပ်ငန်းများတွင်အရေးကြီးသော စာသားနှင့်ပုံအပြင်အဆင်များ၊ စာချုပ်ပုံစံအမျိုးမျိုးနှင့် ဖိတ်ကြားလွှာများ ဖန်တီးတတ်စေရန် Layout Design သင်တန်း၊ ငွေအဝင် အထွက် စာရင်း၊ အရောင်း အဝယ်စာရင်းများသွင်းခြင်းနှင့် အရှုံးအမြတ်၊ လက်ကျန်ရှင်းတမ်းများကြည့်ရှုစစ်ဆေးခြင်းအတွက် စာရင်းကိုင်ဆော့ဖ်ဝဲအသုံးချနည်းသင်တန်းဖြစ်သော MYOB နှင့် Auto-count စသည့် (Computerize Accounting)သင်တန်းများ၊ အင်ဂျင်နီယာကျောင်းဆင်းနှင့် ဒီဇိုင်နာများသင်ကြားရန် သင့်တော်ပြီး ခေတ်မီတိကျသော အဆောက်အအုံဒီဇိုင်းများ၊ စက်ပစ္စည်းဒီဇိုင်းများကို 3D ရေးဆွဲခြင်းနှင့် ရေးဆွဲပြီးပုံများကို Lighting, Material, Rendering effect ထည့်ခြင်း၊ Print Out ထုတ်ခြင်းစသည်တို့အတွက် AutoCAD 2013 သင်တန်းစသည်တို့ကို မိမိတို့ ဝါသနာအပေါ်မူတည်၍ ရွေးချယ်တက်ရောက်သင့်သည်။

သင်တန်းကြေးနှင့် သင်တန်းအချိန်များ

သင်တန်းကြေးနှင့် သင်တန်းကာလများအနေဖြင့် Graphic Design သင်တန်းအတွက် ငွေကျပ် လေးသောင်းနှင့် သင်တန်းချိန် နာရီ ၆၀ ခန့်၊ Excel in Business Application သင်တန်းအတွက် သင်တန်းကြေးငွေကျပ်လေးသောင်းနှင့် သင်တန်းချိန် နာရီ ၄၀ ခန့်၊ Layout Design သင်တန်းအတွက် သင်တန်းကြေးငွေကျပ်လေးသောင်းနှင့် သင်တန်းချိန် နာရီ ၇၀ ခန့်၊ MYOB သင်တန်းအတွက် သင်တန်းကြေးငွေကျပ် ခြောက်သောင်းနှင့် သင်တန်းချိန် နာရီ ၆၀ ခန့်၊ Auto Count သင်တန်းအတွက် သင်တန်းကြေး ငွေကျပ်လေးသောင်းနှင့် သင်တန်းချိန် နာရီ ၄၀ခန့်၊ Auto CAD သင်တန်းအတွက် သင်တန်းကြေးငွေကျပ်တစ်သိန်းနှင့် သင်တန်းချိန် နာရီ ၈၀ခန့်ရှိကြောင်း KMD ကွန်ပျူတာစင်တာမှ သိရသည်။

"လူငယ်များ စိတ်ဝင်စားလေ့ရှိတဲ့ ဘာသာရပ်တွေကတော့ Networking, Software Engineering, Mobile Repair, AutoCAD, Accounting သင်တန်းများဖြစ်ပါတယ်။ ယောက်ျားလေးတွေ စိတ်ဝင်စားတဲ့ ဘာသာရပ်အများစုက Networking, Mobile Repair, AutoCADတွေဖြစ်ပါတယ်။ Accounting နဲ့ Software Engineering က မိန်းကလေးတွေ စိတ်ဝင်စားတဲ့ ဘာသာရပ်တွေ ဖြစ်ပါတယ်။ အလုပ်အကိုင်၊ အခွင့်အလမ်းအနေနဲ့ဆိုရင်တော့ ယောက်ျားလေးတွေက Networking, AutoCAD နဲ့ Mobile Repair သင်တန်းတွေ တက်ထားသင့်ပြီး မိန်းကလေးတွေ အလုပ်အကိုင်ရရှိဖို့အတွက်တော့ Software Engineering, Accounting, AutoCAD, Graphic သင်တန်းတွေက သင့်တော်ပါတယ်" ဟု KMD ကွန်ပျူတာ မားကတ်တင်းဌာနမှ အကြီးတန်းမန်နေဂျာ ကိုဇာနည်ဟိန်းက အကြံပြုပြောကြားသည်။

နည်းပညာများ တိုးတက်ပြောင်းလဲလာတာနဲ့အမျှ မိုဘိုင်းဖုန်းနဲ့တက်ဘလက်အသုံးပြုမှုမှာလည်း အချိန်နှင့်တစ်ပြေးညီ တိုးတက်လျက်ရှိပါတယ်။ ဒီလိုပြောင်းလဲမှုရေစီးကြောင်းမှာ မိုဘိုင်းဖုန်းနဲ့ တက်ဘလက်ပြုပြင်ခြင်းလုပ်ငန်းက အရေးပါလာပါတယ်။ နေရာဒေသမရွေးလုပ်ကိုင်နိုင်တဲ့ လုပ်ငန်းမျိုးဖြစ်လာတဲ့အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လက်ခံလာကြပါတယ်။

ဆော့ဖ်ဝဲရေးသားခြင်း

အလုပ်အကိုင်၊အခွင့်အလမ်းနှင့် လုပ်ခလစာ ကောင်းမွန်သကဲ့သို့ လူငယ်များစိတ်ဝင်စားမှုများသည့် ဘာသာရပ်တစ်ခုမှာ ဆော့ဖ်ဝဲရေးသားခြင်း(Programming)ဖြစ်သည်။ သင်တန်းများတွင် Java, Php, .Net, C# စသည့် Programming Language များဖြင့် Windows, web နှင့် Mobile ဆိုင်ရာဆော့ဖ်ဝဲများရေးသားခြင်းတို့ကို သင်ကြားပေးလျက်ရှိပြီး လူငယ်အများစုအနေဖြင့် Web နှင့် Mobile application တို့ကို ပိုပြီးစိတ်ဝင်စားကြသည်။

ဆော့ဖ်ဝဲရေးသားခြင်းကို အခြေခံအဆင့်မှ Developer အဆင့်အထိ လေ့လာရန်အတွက် အခြေခံအဖြစ် C Programming, Object Oriented Programming with C++ စသည့်ဘာသာရပ်များကို သင်ကြားရမည်ဖြစ်ပြီး ဆက်လက်၍ .NET Developer တစ်ဦးဖြစ်ရန်အတွက် .NET with C#(Windows), ASP .NET with C#(Web) စသည်တို့ကို လေ့လာရမည်ဖြစ်ကာ Java Developer တစ်ဦးဖြစ်ရန်အတွက် J2SE(Windows), J2EE(web) စသည်တို့ကိုလေ့လာရမည်ဖြစ်သည်။ Open source Web Developer တစ်ဦးဖြစ်ရန်အတွက် Web Designer(HTML,CSS, Javascript)နှင့် Web Development with PHP စသည့်သင်တန်းများကို တက်ရောက်ရမည်ဖြစ်သည်။

မိုဘိုင်းဖုန်း ပြုပြင်သင်တန်းများ

ထို့အပြင် ယခုနောက်ပိုင်း လူငယ်အများစုအနေဖြင့် စိတ်ဝင်စားကြပြီး အလုပ်အကိုင်၊ အခွင့်အလမ်းလည်းကောင်းမွန်သည့် နည်းပညာသင်တန်းမှာ Mobile ဖုန်းပြုပြင်နည်းသင်တန်းများဖြစ်သည်။ "နည်းပညာများတိုးတက်ပြောင်းလဲလာတာနဲ့အမျှ မိုဘိုင်းဖုန်းနဲ့တက်ဘလက်အသုံးပြုမှုမှာလည်း အချိန်နှင့်တစ်ပြေးညီ တိုးတက်လျက်ရှိပါတယ်။ ဒီလိုပြောင်းလဲမှုရေစီးကြောင်းမှာ မိုဘိုင်းဖုန်းနဲ့ တက်ဘလက်ပြုပြင်ခြင်းလုပ်ငန်းက အရေးပါလာပါတယ်။ နေရာဒေသမရွေးလုပ်ကိုင်နိုင်တဲ့ လုပ်ငန်းမျိုးဖြစ်လာတဲ့အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လက်ခံလာကြပါတယ်"ဟု ကိုဇာနည်ဟိန်းက ပြောသည်။

KMD ကွန်ပျူတာစင်တာက ဖွင့်လှစ်သင်ကြားနေသော Handy Smartphone သင်တန်းသည် သင်တန်းကြေးငွေကျပ်လေးသောင်းနှင့် သင်တန်းချိန် ၁၅ နာရီခန့်ရှိသည်။ Mobile သင်တန်းရက်တိုသင်တန်းများအပြင် အခြေခံအဆင့်မှ ပြင်ဆင်မှုအထိ လုပ်ကိုင်နိုင်မည့် Mobile Repair (Hardware & Software) သင်တန်းနှင့် Android OS ပေါ်တွင် application အသစ်များကို ဖန်တီးရေးသားနိုင်သည့် Mobile Programming with Android သင်တန်းများကိုလည်း KMD တွင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

မိုဘိုင်းဖုန်းပြုပြင်နည်းကို သီးသန့်သင်ကြားသော သင်တန်းများတွင်မူ သင်ကြားချိန်ရော သင်တန်းကြေးပါ ပိုများပြီး နောက်ဆက်တွဲပံ့ပိုးမှုများပါ ပြုလုပ်ပေးသည်။ မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းများတွင် ဆော့ဖ်ဝဲပိုင်းနှင့် ဟာ့ဒ်ဝဲပိုင်းပြုပြင်ခြင်း သင်တန်းနှစ်ခု ခွဲခြားသင်ကြားပြီး အခြေခံအဆင့်မှ အလုပ်ဝင်ရောက်နိုင်မည့်အဆင့်အထိ ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲသင်တန်း နှစ်ခုအတွက် သင်တန်းကာလ နှစ်လစီနှင့် သင်တန်းကြေး ငွေကျပ်သုံးသိန်းစီခန့်ရှိသည်။ နွေကျောင်းပိတ်ချိန်များတွင် သင်တန်းတက်ရောက်သူများသဖြင့် မိုဘိုင်းဖုန်းသင်တန်းများတွင် သင်တန်းကြေးများ လျှော့ချပေးလျက်ရှိသည်။

မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းများကို ရန်ကုန်မှလူငယ်များသာမက နယ်တွင်ဆိုင်ဖွင့်လိုသူ လူငယ်များလည်း တက်ရောက်မှုများသဖြင့် နယ်မှလာသူများအဆင်ပြေရန် အဆောင်များပါစီစဉ်ပေးကာ သင်တန်းပြီးဆုံးလျှင်လည်း အသစ်ထွက် ဂိမ်းများ၊ ဆော့ဖ်ဝဲများ၊ နည်းပညာများကို အခမဲ့ပံ့ပိုးပေးခြင်း စသည့်အစီအစဉ်များလည်း ပြုလုပ်ထားကြောင်း လှည်းတန်းလမ်းဆုံရှိ မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်းတစ်ခုမှ သိရသည်။

ဝါသနာသည် အရေးအကြီးဆုံး

နည်းပညာကဏ္ဍသို့ ဝင်ရောက်လိုသော လူငယ်များအနေဖြင့် သင်တန်းများကို ရွေးချယ်ရာတွင် မိမိတို့ ငွေကြေးတတ်နိုင်မှု၊ အလုပ်အကိုင်ရရှိနိုင်မှုတို့ကို စဉ်းစားရမည်ဖြစ်သော်လည်း အရေးအကြီးဆုံးအချက်မှာ ဝါသနာပါသည့် ဘာသာရပ်ကို ရွေးချယ်ရန်ဖြစ်သည်။ ယနေ့အချိန်သည် လုပ်ငန်းနယ်ပယ်အများအပြားတွင် အိုင်တီနည်းပညာရပ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပြီဖြစ်ရာ မည်သည့်ဘာသာရပ်တွင်မဆို ကျွမ်းကျင်ပါက အလုပ်အကိုင်ရရှိရန်သည် မခက်ခဲတော့ဘဲ လွယ်ကူနေပြီဖြစ်သည်။

ဘာသာရပ်တစ်ခုတွင် ကျွမ်းကျင်ရန်မှာမူ ဝါသနာက အရေးကြီးသဖြင့် စတင်ချိန်တွင် ဝါသနာမပါဘဲ ရွေးချယ်လိုက်ပါက နောင်တွင်အခက်အခဲများ ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးချိန် နည်းပညာသင်တန်းများ တက်ရောက်တော့မည့်လူငယ်များအနေဖြင့် မိမိတို့ဝါသနာပါသော ဘာသာရပ်တစ်ခုခုကို အသေအချာရွေးချယ်ပြီးမှ သင်တန်းတက်ရောက်ရန် လိုအပ်ပါသည်။ ။

မြန်မာ့ပထမဆုံး ကိုယ်ပိုင်အမှတ်တံဆိပ် တက်ဘလက်သစ် မိတ်ဆက်

မြန်မာနိုင်ငံ၏ ပထမဆုံး ကိုယ်ပိုင်အမှတ်တံဆိပ် နည်းပညာထုတ်ကုန်သစ်ဖြစ်သည့် be Tablet 10 ကို KMD ကုမ္ပဏီက မိုက်ခရိုဆော့ဖ်၊ အင်တဲလ်တို့နှင့် ပူးပေါင်းထုတ်လုပ်ခဲ့ပြီး မတ် ၁၀ ရက်က မိတ်ဆက်ပြသခဲ့သည်။

be Tablet 10 သည် မျက်နှာပြင်အကျယ် ၁၀ ဒသမ ၁ လက်မ၊ အထူ ၀ ဒသမ ၄ လက်မရှိပြီး ရှေ့ကင်မရာ ၂ မဂ္ဂါပစ်ဇယ်နှင့် နောက်ကင်မရာ ၅ မဂ္ဂါပစ်ဇယ်၊ မင်မိုရီ 2 Gb ရှိကာ Storage 32 Gb ရှိပြီး 64 Gb အထိ မင်မိုရီကတ် ထပ်ထည့်အသုံးပြုနိုင်သည်။ မျက်နှာပြင် Touch Screen ကို လက်ဆယ်ချောင်းလုံးတစ်ပြိုင်နက် အသုံးပြုနိုင်ပြီး ကီးဘုတ်ဖြင့် ချိတ်ဆက်၍လည်း Notebook အဖြစ် ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သည်။

Window 8.1 ပါဝင်သည့် ဝင်းဒိုးတက်ဘလက်ဖြစ်ပြီး Quad Core Processor ဖြင့် ထောက်ပံ့ပေးထားကာ မြန်မာစာစနစ်၊ လိုင်စင် Office 365 ဆော့ဖ်ဝဲ အသုံးပြုခွင့်တစ်နှစ်နှင့် နိုင်ငံပေါင်းခြောက်ဆယ်ကျော်သို့ တစ်လလျှင် မိနစ် ၆၀ နှုန်းဖြင့် တစ်နှစ်အခမဲ့ ဖုန်းခေါ်နိုင်မည့် Skype Credits နှင့် မိုက်ခရိုဆော့ဖ်၏ Cloud Storage တွင် ဒေတာ 1TB ကို တစ်နှစ်ကြာ အသုံးပြုသိမ်းဆည်းခွင့်လည်း ပါဝင်သည်။

အဆိုပါ be Tablet 10 ကို ကီးဘုတ်နှင့် 3G အပါအဝင် ဈေးနှုန်း ၂၉၉ ဒေါ်လာခန့်နှင့် ကီးဘုတ်နှင့် 3G မပါဝင်သော အမျိုးအစားအတွက် ၂၅၉ ဒေါ်လာခန့်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

သူရဖြိုး

အော်ရီဒူးဖုန်းကိုပြည်ပ ၂၄နိုင်ငံတွင် အသုံးပြုနိုင်

ရန်ကုန် မတ် ၂၀

အော်ရီဒူးဆင်းကတ်သုံးစွဲသူများအနေဖြင့် ပြည်ပ ၂၄ နိုင်ငံတွင်ပါ ဖုန်းခေါ်ဆိုခြင်းနှင့် အင်တာနက်သုံးခြင်းတို့ကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း အော်ရီဒူးမြန်မာ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အော်ရီဒူး၏ Roaming(ပြည်ပရောက်စဉ် အသုံးပြုမှု) ဝန်ဆောင်မှုကို ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ မော်လ်ဒိုက်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လင်ချင်းစတိုင်း၊ ဆွစ်ဇာလန်၊ ဘရာဇီး၊ ကနေဒါ၊ အစ္စရေး၊ လက်ဘနွန်၊ နယူးဇီလန်၊ အိုမန်၊ ကာတာ၊ သီရိလင်္ကာ၊ ထိုင်ဝမ်နှင့် အီတလီနိုင်ငံတို့၌ အသုံးပြုနိုင်ပြီဖြစ်သည်။

အဆိုပါ စနစ်ကို အသုံးပြုရန်အတွက် ဖုန်းသည်ကြိုတင်ငွေရှင်းစနစ်ဖြစ်ပါက ပြည်ပသို့ ယူဆောင်အသုံးပြုရန် အသင့်ဖြစ်ကြောင်း၊ ဖုန်းခေါ်ဆိုပြီးမှ ငွေရှင်းသည့်စနစ်ကို သုံးနေပါက ပြည်ပတွင်အသုံးပြုရန် ဖြစ် မဖြစ်ကို နီးစပ်ရာအော်ရီဒူးဆိုင်များတွင် စစ်ဆေးပြီး စပေါ်ငွေပေးသွင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဖုန်းခေါ်ဆိုခကို အနည်းဆုံး စက္ကန့် ၃၀ နှုန်းဖြင့် ဖြတ်တောက်မည်ဖြစ်ပြီး အင်တာနက်သုံးခကို အနည်းဆုံး 50 KB နှုန်းဖြင့် ဖြတ်တောက်မည်ဖြစ်ကြောင်း၊ ဖုန်းအသုံးပြုခအတိအကျပေးဆောင်နိုင်ရန် ပြည်ပတွင် အသုံးပြုထားသော ပမာဏကို ထိုကွန်ရက်မှ မှတ်တမ်းတင်ထားပြီး ပြည်တွင်း အော်ပရေတာထံသို့ ပြန်ပို့ပေးပြီးမှ တွက်ချက်ဖြတ်တောက်မည်ဖြစ်ကြောင်း အော်ရီဒူးမြန်မာ၏ လူမှုဆက်ဆံရေးနှင့် ပြန်ကြားရေးအကြီးတန်းမန်နေဂျာ ဒေါ်သီရိကြာညိုက ပြောသည်။

နိုင်ငံတကာတွင် အသုံးပြုနေသည့် ဖုန်းကွန်ရက် အမျိုးမျိုးဖြစ်သော(2G/GSM, 3G/UMT, 4G/LTE)စသည့် ကွာခြားချက်များအရ မိမိတို့မိုဘိုင်းဖုန်းအနေဖြင့် ရေဒီယိုလှိုင်းအားလုံးကို ဖမ်းယူနိုင်မည်မဟုတ်သဖြင့် အဆင်မပြေသည်များလည်းရှိနိုင်ကြောင်း၊ အဆိုပါစနစ်ကို အသုံးပြုရန်အတွက် အသေးစိတ်အချက်အလက်များကို နီးစပ်ရာ အော်ရီဒူးအရောင်းဆိုင်များတွင် စုံစမ်းနိုင်ပြီး www.ooredoo.com.mm e-care portal သို့လည်း ဝင်ရောက်မေးမြန်းနိုင်ကြောင်း သိရသည်။

အော်ရီဒူးမြန်မာသည် အော်ပရေတာအသစ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ဝန်ဆောင်မှုပေးနေသော ဆင်းကတ်များကို ကမ္ဘာတစ်ဝန်းသို့ သယ်ဆောင်အသုံးပြုနိုင်ရန်အတွက် နိုင်ငံတကာရှိအော်ပရေတာများနှင့် သဘောတူညီမှုများရယူလျက်ရှိကြောင်း သိရသည်။

သူရဖြိုး

ဂျပန်နိုင်ငံသို့ ၂၀၁၅ခုနှစ် အောက်တိုဘာတန်းခွဲသို့ ပညာတော်သင်သွားရောက်လိုသူများအတွက် အထူးဝန်ဆောင်မှု

၂၀၁၅ခုနှစ် ပညာသင်နှစ်၏ အောက်တိုဘာတန်းခွဲသို့ ပညာသင်ရင်း အချိန်ပိုင်းအလုပ် လုပ်ကိုင်လိုသူများအတွက် လျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ရာ အထူးဝန်ဆောင်မှုများ အနေဖြင့် ပညာသင်ဝန်ဆောင်မှု၊ လေယာဉ်လက်မှတ် လက်ဆောင်ပေးခြင်းအစရှိသည့် အခြားဝန်ဆောင်မှုများကိုလည်း အထူးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အသေးစိတ်မေးမြန်းလိုပါက အောက်ပါဆက်သွယ်ရန်လိပ်စာသို့ လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

Building No. A-3-2, Room (102), Myanma Gonyi Housing, Upper Pansodan Road, Mingalar Taung Nyunt Towship, Yangon, Myanmar. Tel : (95-1) 393370, 09-421147070. Email : tokyo.fukushi.myanmar@gmail.com

လူဦးရေအကန့်အသတ်ရှိပါသည်။

အမြဲမြဲ အနယ်နယ် ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ဂုဏ်ယူဝမ်းမြောက်လွှာ

အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တားမြို့၊ World Institute of Oriental Heritage & Culture ,World Astrologers Society မှ ကြီးမှူးကျင်းပသောစာမေးပွဲ၌ (Buddha Samahta)ဖြင့် Ph.D ဒေါက်တာဘွဲ့ရရှိသည့်အပြင် Gold Medal (ရွှေတံဆိပ်ဆု)နှင့် Spiritualism(စိတ်ပိုင်းဆိုင်ရာ)ဆုကို ရရှိခဲ့သော မေတ္တာရောင်ခြည် ဆရာတော် ဒေါက်တာအရှင်သာသနအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ရိုသေစွာ ဦးခိုက်လိုက်ပါသည်ဘုရား။

မေတ္တာရောင်ခြည်တိုင်းရင်းဆေးကုခန်း
ဌာနခွဲ(၁)ဝေါမြို့

ဂုဏ်ယူဝမ်းမြောက်လွှာ

အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တားမြို့၊ World Institute of Oriental Heritage & Culture, World Astrologers Society မှ ကြီးမှူးကျင်းပသောစာမေးပွဲ၌ (Buddha Samahta)ဖြင့် Ph.D ဒေါက်တာဘွဲ့ရရှိသည့်အပြင် Gold Medal (ရွှေတံဆိပ်ဆု)နှင့် Spiritualism (စိတ်ပိုင်းဆိုင်ရာ)ဆုကို ရရှိခဲ့သော မေတ္တာရောင်ခြည် ဆရာတော် ဒေါက်တာအရှင်သာသနအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ရိုသေစွာ ဦးခိုက်လိုက်ပါသည်ဘုရား။

မေတ္တာရောင်ခြည်တိုင်းရင်းဆေးသမားတော်များအဖွဲ့

အထက(ခွဲ)အလက(၂) ရပ်စောက်မြို့၏(၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

အထက(ခွဲ)၊ အလက(၂)ယခင် က-သ-ကကျောင်း၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၇-၃-၂၀၁၅ ရက်တွင် မိခင်ကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား/သူဟောင်းများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

မန္တလေးအသင်း(ရန်ကုန်) နှစ်ပတ်လည်စုံညီအစည်းအဝေးဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ (၃၈)ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေး၊ (၃၈)ကြိမ်မြောက်ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်ကချီးမြှင့်သောဘွဲ့ထူး၊ ဂုဏ်ထူးရသူများအားဂုဏ်ပြုပွဲ၊ မန္တလေးချမ်းသာကြီးဆန်လှူအသင်းသို့ ဆွမ်းဆန်တော်ငွေလှူဒါန်းပွဲကို ၂၀၁၅ခုနှစ် မတ် ၂၉ရက်(တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီတွင် အမှတ်(၆၂၈/၆၃၂)ပထမထပ်(Royal Riverview Condo)ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ မန္တလေးအသင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ နာယကကြီးများ၊ အမှုဆောင်များ၊ အသင်းဝင်များဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ပါရဂူဘွဲ့ရသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ၊ အထောက်အထားများဖြင့် ဆက်သွယ်စာရင်းပေးပို့ကြပါရန်ဖြစ်ပြီး၊ စေတနာရှင်အလှူရှင်များ၊ အမှတ်(၆၂၈/၆၃၂)ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ မန္တလေးအသင်းတိုက်၊ ဖုန်း-၃၈၈၆၀၃/၃၇၅၅၉၄ နှင့် တွဲဖက်အတွင်းရေးမှူး(၂)ဦးခင်မောင်ညွန့် ဖုန်း-၀၉-၇၃၃၃၁၃၈၈ သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မန္တလေးအသင်း(ရန်ကုန်)

မိုးကုတ်ဝိပဿနာစန္ဒာရာမတောရဓမ္မရိပ်သာ သင်္ကြန်တရားစခန်းပွဲ

အရှင်စန္ဒသာရ (ကျောင်းကုန်း)ဆရာတော်၏ သာသနာပြုရာ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ မိုးကုတ်ဝိပဿနာ စန္ဒာရာမတောရဓမ္မရိပ်သာကြီးတွင် ပထမအကြိမ်သင်္ကြန်တွင်း ခုနစ်ရက် အထူးတရားစခန်းပွဲကြီးကို ဧပြီ ၁၂ ရက်မှ ဧပြီ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၁၁ရက် ညနေ ၄ နာရီအရောက်လာရမည်ဖြစ်သည်။

(ရန်ကုန်မြို့မှ တရားစခန်းဝင်လိုသော ယောဂီများအတွက် ယာဉ်အကြို/အပို့ စီစဉ်ပေးမည်ဖြစ်၍ ဖုန်း-၀၉-၃၁၃၇၀၄၆၄၊ ၀၉-၃၁၃၈၁၃၇၅၊ ၀၉-၄၂၁၀၅၈၃၅၈ တို့သို့ ကြိုတင် စာရင်းပေးသွင်းကြရန်ဖြစ်သည်။)

နွေရာသီ အဆင့်မြင့် ယမိုက်+ပဋ္ဌာန်း အထူးသင်တန်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ (၂၁)ကြိမ်မြောက်နွေရာသီ အဆင့်မြင့် ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းကို ၂၅-၄-၂၀၁၅ ရက် (စနေနေ့)မှ ၃၁-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့)အထိ ၃၇ ရက်တိုင် ယခင်နှစ်များကဲ့သို့ ကျင်းပပြုလုပ်ပါမည်။သင်တန်းတက်ရောက်လိုသော သင်တန်းသား/သူများသည် ကိုယ်တိုင်လာရောက်၍ ပြည့်စုံရမည့်အချက်အလက်များနှင့် စာရင်းပေးသွင်းနိုင်ပါသည်။သင်တန်းတက်ရောက်ခွင့်ရ၊ မရ ကို ကြော်ငြာထားသည့် ဆက်သွယ်စုံစမ်းနိုင်မည့်ရက်များတွင် ဖုန်း-၀၉-၅၀၇၃၃၃၆၊ ၀၉-၅၅၀၄၇၃၈၊ ၀၉-၄၃၁၃၄၂၅၄၊ ၀၉-၅၀၈၃၂၀၃တို့သို့ ဆက်သွယ်စုံစမ်းရမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရသော သင်တန်းသား/သူများသည် သာသနာဝင်မှတ်တမ်း၊ သပိတ်လွယ်ပါသော သပိတ်၊ အိပ်ရာ စသည့်မိမိတို့ အသုံးအဆောင်ယူဆောင်၍ ၂၄-၄-၂၀၁၅ ရက် (သောကြာနေ့) အရောက် ကြွရောက်ရမည်ဖြစ်ပါသည်။သင်တန်းသား၊ သင်တန်းသူတို့အား အထက်ဖော်ပြပါ ရက်များအတွင်း နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် အအေးများကို လှူဒါန်းလိုပါက သင်တန်း ဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၉-၅၀၇၃၃၃၆၊ ၀၉-၅၅၀၄၇၃၈၊ ၀၉-၄၃၁၃၄၂၅၄၊ ၀၁-၆၄၆၄၆၄၊ ၀၁-၆၄၆၈၆၅၊ ၀၁-၆၄၀၂၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G-4924 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၉၉၈၉၉ Honda Dream ND 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟိန်းဟိန်းစု ၆/လလန(နိုင်)၁၀၅၄၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇C၄၊ မြေကွက်အမှတ် ၃၁၅၊ မြေကွက်တည်နေရာအမှတ် ၂၀၊ သုခဖြတ်လမ်း၊စမ်းချောင်းမြို့နယ် ဒေါ်အေးကြည် အမည်ပေါက် နှစ် ၃၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးကြည်ထံမှ ထုံးပုံကျအမိန့်၊ အနောက်ပိုင်းခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ် ၂၀၄/၂၀၁၄၊ တရားမအထွေထွေမှုအမှတ် ၁၁၄/၂၀၁၄ ၏ အမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်ချိုလေး၏ တရားဝင်ကိုယ်စားလှယ် ဦးကျော်အေး SCG-၀၁၈၂၅၁မှ မှတ်ပုံတင်ပျောက်ဆုံးကြောင်း မြို့နယ်(လဝက)ဦးစီးမှူး၏ ထောက်ခံစာ၊ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

ကြော်ငြာ


အင်းယားကန်ဘေးမှာ အမြင့်ဆုံးထိုးထွက်လာမည့် ရတနာ . . .
ကမ္ဘာ့စိတ်ကူး၊ ကမ္ဘာ့အဆင့် အတန်းမီ....
ခေတ်မီခမ်းနားလှတဲ့ လူနေမှုဘဝအတွက်
DIAMOND
INYA PALACE
Payment System အရစ်ကျ ၅၀% ပေးချေပြီး (၃၄)ထပ်အမိုးပြီးမှ ၅၀% အရစ်ကျပေးချေရန်
MANDALAY SHOWROOM
Diamond Plaza
Tower (B) : Room No - (B-001), Fouth Floor
HP : + 959 680 1904, 680 1905, 431 43994
diamondinyapalaceyangonmyanmar
YANGON SHOW FLAT & SALES OFFICE
No.2, U Tun Nyein Street, Mayangone Township,
Yangon, Myanmar.
HP : + 959 4200 97992, 4200 97994, 4200 97998
Website : http://www.diamondinyapalace.com

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဇွန် ၁ ရက်မှစတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန	ဖွင့်လှစ်မည့်သင်တန်းများ	အခြေခံဘွဲ့လိုအပ်ချက်
(၁)	မြို့ပြအင်ဂျင်နီယာ	(က) Diploma in Structural Engineering	B.E(Civil)
		(ခ) Diploma in Water Resources Engineering	B.E (Civil)
		(ဂ) Diploma in Environmental Engineering	B.E (Civil/Chemical)
		(ဃ) Diploma in Environmental Planning and Management	All B.E/B.Arch/M.B.B.S/ B.D.S/M.Sc(Chem)/ M.Sc(IC)/M.Sc(Zoo)/ M.Sc (Marine Biology)/ B.Sc(Forestry/B.Agr.Sc)
		(င) Diploma in Geotechnical Engineering	B.E (Civil)
		(စ) Diploma in Transportation Engineering	B.E (Civil)
		(ဆ) Diploma in Construction Management Engineering	B.E (Civil)
(၂)	စက်မှုအင်ဂျင်နီယာ	(က) Diploma in Renewable Energy Engineering	All B.E
		(ခ) Diploma in Industrial Engineering	All B.E
(၃)	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ	Diploma in Renewable Energy Systems	B.E (EP,EC)
(၄)	အီလက်ထရွန်နစ်အင်ဂျင်နီယာ	Diploma in Electronic and Communication Engineering	B.E (EC)
(၅)	မက္ကာထရောနစ်အင်ဂျင်နီယာ	Diploma in Biomedical Engineering Technology	B.E (IT, EC, Mech, McE, EP)/ M.S (Engg:Phys)/M.Sc.(Phys, Specialization in Electronics)/ Bachelor of Medical Technology (B.Med.Tech)/ သက်ဆိုင်ရာလုပ်ငန်းတွင် လုပ်သက်(၃)နှစ်ရှိပြီးသော B.Sc(Phys) (Hons)
(၆)	ဓာတုအင်ဂျင်နီယာ	(က) Diploma in Food Technology	B.E(Chemical)/M.B.B.S/B.V.S/B.Pharm/ B.Med.Tech/B.Sc(IC) ဘွဲ့ရရှိသူများ၊ အစားအသောက်ဆိုင်ရာလုပ်ငန်းတွင် လုပ်သက် (၃)နှစ်ရှိပြီးသော B.Sc(Chem, Zoo, Bot)/ B.Agr.Sc/ B.S(BioT) ဘွဲ့ရရှိသူများနှင့် အလားတူဘွဲ့များနှင့်တူညီသော ဘွဲ့ရရှိသူများ
		(ခ) Diploma in Biotechnology	B.E(Chemical)/M.B.B.S/B.V.S/ B.Agr.Sc/B.Pharm/M.Sc (IC,Chem,Bot, Zoo)
(၇)	ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ	Diploma in Textile Finishing Technology	B.E(Tex)
(၈)	သတ္တုတူးဖော်ရေးအင်ဂျင်နီယာ	(က) Diploma in Mine Project Management	B.E(Min)
		(ခ) Diploma in Environmental Impact Assessment and Environmental Management System	All B.E/B.Arch/M.B.B.S/M.Sc/ B.Sc(Forestry, Phys,Chem, Bot,Zoo)/ B.Agr.Sc
		(ဂ) Diploma in Geotechnical Engineering for Tunnel Construction	B.E(Min, Civil)/M.Sc (Geol)
(၉)	ရေနံအင်ဂျင်နီယာ	Diploma in Drilling Engineering	B.E(Pet)
(၁၀)	သတ္တုဗေဒအင်ဂျင်နီယာ	(က) Diploma in Extractive Metallurgy	B.E(Met, Min)/B.Sc(Geol)
		(ခ) Diploma in Adaptive Metallurgy	B.E(Met, Mech)
		(ဂ) Diploma in Experimental Archaeometallurgy	B.E(Met)/B.Sc(Chem)/B.Sc(Geol)/ B.A(Archaeo)
(၁၁)	အင်ဂျင်နီယာဘူမိဗေဒ	Diploma in Engineering Geology	B.Sc(Geol)(Hons)/ B.Tech(Civil, Min, Pet)/ သက်ဆိုင်ရာလုပ်ငန်းတွင် လုပ်သက် (၃)နှစ်ရှိပြီးသော B.Sc (Geol) ဘွဲ့ရရှိသူများ

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၄င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူတင်ပြနိုင်မည်။)

(ခ) အခြေခံဘွဲ့လိုအပ်ချက်ပါ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၃။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၅ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၅-၅-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ထုတ်ပေးမည်။

၄။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၇-၅-၂၀၁၅ ရက် (ကြာသပတေးနေ့)	အင်္ဂလိပ်စာ	၉း၀၀နာရီမှ ၁၂း၀၀နာရီ
၈-၅-၂၀၁၅ ရက် (သောကြာနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀နာရီမှ ၁၂း၀၀နာရီ

၅။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန် အမည်စာရင်း (Short List) ကို ၂၅-၅-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၇-၅-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၉-၅-၂၀၁၅ ရက် (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၆။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသည် တစ်နှစ်သင်တန်းဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီစွာ အောင်မြင်သူများအား ၄င်းဘာသာရပ်တွင် မဟာဘွဲ့ (၁)နှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

(၇) အသေးစိတ်အချက်အလက်များသိရှိလိုပါ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၂၄၁၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာ/မဟာဗိသုကာဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ၂၀၁၅ခုနှစ် ဇွန်(၁)ရက်မှစတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာ/မဟာဗိသုကာဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

မဟာအင်ဂျင်နီယာ/မဟာဗိသုကာဘွဲ့သင်တန်းများ

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg:/Water Resources Engg:/Geotechnical Engg:/ Transportation Engg:/Construction Management)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဇ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ဈ) ရေနံအင်ဂျင်နီယာ
(ည) သတ္တုဗေဒအင်ဂျင်နီယာ (Adaptive Metallurgy/Extractive Metallurgy)
(ဋ) ဗိသုကာ

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့သင်တန်း(Course Work) (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ်၊ စုစုပေါင်း(၂)နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့သင်တန်း(Course Work) စာမေးပွဲကို သတ်မှတ်အရည်အချင်းဖြင့် ဖြေဆိုအောင်မြင်သူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၄င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည် (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူတင်ပြနိုင်ရမည်)။

(ခ) နည်းပညာတက္ကသိုလ်များမှ သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၄။ မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်(မူရင်း) တင်ပြရမည်။

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၅ ရက် (ကြာသပတေးနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၅-၅-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၇-၅-၂၀၁၅ ရက် (ကြာသပတေးနေ့)	အင်္ဂလိပ်စာ	၉း၀၀နာရီမှ ၁၂း၀၀နာရီ
၈-၅-၂၀၁၅ ရက် (သောကြာနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀နာရီမှ ၁၂း၀၀နာရီ

၇။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရန် အမည်စာရင်း(Short List)ကို ၂၅-၅-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၇-၅-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၉-၅-၂၀၁၅ ရက် (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၂၄၁၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ပိတ်ရက်ရွှေ့ပြောင်းခြင်း

၁။ ... (60' -0") Span (5-Nos) နှင့် (350' -0") Span (1-No) ... Specification ...

၂။ အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။

... ဖုန်း၊ -294352, 291994.

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(မြောက်)ရပ်ကွက်၊ ရတနာသိင်္ခလမ်း၊ အမှတ် ၃၉၊ မြေညီ(A)၊ (ထပ်ခိုးအပါအဝင်) ပေ(၁၂⅔×၅၀)၊ ရေ မီးအစုံပါဝင်သည့် တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေထားခဲ့ရာ အထက်ဖော်ပြပါတိုက်ခန်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ယခုကြော်ငြာသည့်ရက်မှစတင်၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ရောင်းသူ/ဝယ်သူတို့၏လွှဲအပ်ချက်အရ-

ဦးအေးမြင့်ကြည်၊ အထက်တန်းရှေ့နေ(၆၁၃၆)
(၈၁၄)၊ အကျိုးဆောင်လမ်း၊ ၄ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Win Shwe Hah Trading Co., Ltd. ၏ သွင်းကုန်လိုင်စင်အမှတ် MQIL 1 14-15(5302)(10-10-2014)မူရင်း(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၀၉၂၁၄၇

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၉၆၅၅၅ Star Myanmar 90-1 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဝေလွင် ၉/အမဇ(နိုင်)၀၂၄၃၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/6305, N/N LIGHT Truck (SEW 001) P/4(4x2)ယာဉ် လက်ဝယ်ရှိသူ ဒေါ်ရီရီဆွေ ၉/နထက(နိုင်) ၀၀၁၃၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်းသန်လျင်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဉဿာမြို့သစ်၊ မြေတိုင်း ၅၊ ရပ်ကွက်ကြီး ၁၇၊ မြေကွက်အမှတ် ၉၁၀၊ ဉဿာမြို့သစ်၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)၊ မြို့ကွက် မြေနေရာချထားရေးကော်မတီ၊ ပဲခူးမြို့မှ ဦးသာစိန်အမည်ပေါက် နေရာချထားပေးသော မြေပါမစ်မှာ အမှန်တကယ်ရရှိပိုင်ဆိုင်ခဲ့ပြီး တာဝန်ကျရာနေရာဒေသများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားသည့် အပေါ်ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးသာစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဆန်းယု (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၀၀၈၄)
ဖုန်း-၀၉-၄၂၈၁၂၃၉၃၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၇၀၀၇ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသက်ဦး ၁၀/ရမန(နိုင်)၁၇၀၇၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ
အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းအတွက် စိတ်ပါဝင်စားသူများအားဖိတ်ခေါ်ခြင်း
(Letter of Expression of Interest)

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)အား ယူရီးယားဓာတ်မြေသြဇာထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ အတွေ့အကြုံရှိ ပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းပြုလုပ်သွားမည်ဖြစ်ရာ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Letter of Expression of Interest-LOEI) တင်သွင်းရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

၂။ LOEI တွင် တင်ပြရန် လိုအပ်သည့်အချက်အလက်များနှင့် စက်ရုံဆိုင်ရာ အချက်အလက်များကို စွမ်းအင်ဝန်ကြီးဌာန၏ Website http://www.energy.gov.mm/index.php/en/information/announcement နှင့် www.facebook.com/ministry Of Energy. Myanmar တွင် ရရှိနိုင်ပြီး အောက်ဖော်ပြပါလိပ်စာတွင်လည်း ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူး	**Fax-067-411124**
စီမံရေးဌာန	**Email-MPEHO@mptmail.net.mm**
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း	**Email-mpeict@gmail.com**
ရုံးအမှတ် ၄၄၊ နေပြည်တော်	

၃။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (LOEI)ကို Website တွင် ဖော်ပြထားချက်များနှင့်အညီ အောက်ဖော်ပြပါလိပ်စာတွင် ၄-၅-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ရုံးအမှတ် ၄၄၊ နေပြည်တော်

၄။ Email/Fax/အမြန်ချောပို့ဖြင့် ပေးပို့တင်ပြခြင်းကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ တင်သွင်းလာသည့် LOEI အဆိုပြုလွှာများအနက်မှ အလားအလာရှိသော လုပ်ငန်းလုပ်ကိုင်လိုသူများကို ပဏာမစိစစ်ရွေးချယ်၍ တင်ဒါလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော မြန်မာ့မီးရထားပိုင်ရေးတံတား(ချောင်းတောင်တံတား)၏ ၃-၄-၂၀၁၅ရက်မှ ၂-၄-၂၀၁၈ ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား ရေးတံတား (မြန်မာ့မီးရထား၊ ချောင်းတောင်တံတား)

(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ-မန်နေဂျာ (သွားလာရေး/တိုင်း)၊ တိုင်းအမှတ်(၈) မော်လမြိုင်မြို့

(ဂ) အိတ်ဖွင့်တင်ဒါ လေလံတင်သွင်းရမည့်ရက်နှင့်အချိန် ၃၀-၃-၂၀၁၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀နာရီ

(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ-မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်းအမှတ်(၈) မော်လမြိုင်မြို့

(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် ၃၀-၃-၂၀၁၅ ရက်(တနင်္လာနေ့) ၁၄း၀၀ နာရီ

(စ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ-မန်နေဂျာ(သွားလာရေး/တိုင်း)၊ တိုင်းအမှတ် ၈၊ မော်လမြိုင်မြို့

မှတ်ချက်။ ။ အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၁၀၀၀၀/-ကျပ်နှုန်းဖြင့် ၂၃-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ (သွားလာရေး/တိုင်း)၊ တိုင်းအမှတ် ၈၊ မော်လမြိုင်တွင် ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
တံတားအသုံးပြုခွင့်လိုင်စင်လေလံတင်ကြီးကြပ်ရေးအဖွဲ့
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၈၂၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)နှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာနတို့၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော ယာဉ်/ယန္တရားများကို အောက်ပါအတိုင်းဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Vaccum Truck	(၁) စီး
(ခ)	3 Ton Crane Car	(၁) စီး
(ဂ)	Diesel Bowser (၂၈၀၀)ဂါလန် 2004	(၁) စီး
(ဃ)	Saloon (2005 & Up)	(၄) စီး
(င)	Hilux Surf (2001 & Up)	(၂) စီး
(စ)	Toyota Crown Saloon (2004 & Up)	(၄) စီး
(ဆ)	Suzuki Pick-Up (2004 & Up)	(၃၃) စီး
(ဇ)	Automobile Service Equipment	1 Lot
(ဈ)	33 KV Pin Insulator With Spindle & Nut	(၁၀၀၀) လုံး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၆-၃-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများကို မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ သုံးစွဲကာလ**အတွက် တယ်လီဖုန်း ခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင် အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	တယ်လီဖုန်း အမျိုးအစား	နောက်ဆုံး အခွန်ငွေပေး သွင်းရမည့်ရက်
၁။	နေပြည်တော်၊ရန်ကုန်၊မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ကရင်၊ ကယား၊ ဧရာဝတီ၊ မွန်၊ ပဲခူး(အရှေ့/အနောက်)	Auto နှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite	(၂၆-၃-၂၀၁၅)
၂။	ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ	Auto နှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite	(၃၁-၃-၂၀၁၅)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ အမှတ်(၅၉/၈၅)နေ ဦးမောင်မောင် ၁၂/ဥကတ(နိုင်)၀၃၄၃၁၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ ၊ ဇာဂ ၂၂လမ်း၊ အမှတ် ၆၂၂ ဟု ခေါ်တွင်သော အလျား၊ အနံပေ(၄၀×၆၀)၊ ၂၄၀၀ စတုရန်းပေရှိမြေကွက်ပေါ်တွင် ဆောက်လုပ်သည့်အလျား၊ အနံ (၅၄ပေ ၉လက်မ×၃၇ပေ)ရှိ ခြောက်ထပ်ခွဲ အဆောက်အအုံမှ မြေရှင်အကျိုးခံစားခွင့်ရှိသော ခြေရင်းဘက်အခြမ်းအခန်းများအနက်မှ အခန်းအမှတ်(၃)နှင့် ယင်းအခန်းနှင့် ဆက်စပ်တည်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ
ရုံးခန်း-အခန်းအမှတ်(၀၀၅-ဘီ)၊ တိုက်အမှတ်(၉/၁၁)
၃၆ လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၃၉၃၀၆

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဇာဂ ၂၂ လမ်း၊ အမှတ် ၆၂၂ နေ ဦးမိုးမင်းဟန် ၁၂/ဥကတ(နိုင်)၁၄၆၂၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ ဇာဂ ၂၂ လမ်း၊ အမှတ် ၆၂၂ ဟု ခေါ်တွင်သောအလျား၊ အနံ(ပေ၄၀×ပေ၆၀)၊ ၂၄၀၀ စတုရန်းပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်သည့်အလျား၊ အနံ(၅၄ပေ ၉ လက်မ×၃၇ပေ)ရှိ ခြောက်ထပ်ခွဲအဆောက်အအုံမှ မြေရှင်အကျိုးခံစားခွင့်ရှိသော ခြေရင်းဘက်အခြမ်းအခန်းများ အနက်မှ-

- **အခန်းအမှတ်(၂)၊ အခန်းအမှတ်(၄)၊ အခန်းအမှတ်(၅)တို့ကို အရောင်းအဝယ်စာချုပ်ဖြင့် အရောင်းအဝယ်ပြုလုပ်ထားပြီးဖြစ်၍လည်းကောင်း၊**
- **အခန်းအမှတ်(၁)နှင့် ယင်းအခန်းဆက်စပ်တည်ရှိသော မြေနှင့်အကျိုးခံစား ခွင့်တို့ကို မေတ္တာဖြင့်အပြီးအပိုင် စွန့်လွှတ်ပေးကမ်းခြင်းစာချုပ် ချုပ်ဆို၍ လည်းကောင်း လွှဲပြောင်းထားပြီးဖြစ်သောကြောင့်**

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမိုးမင်းဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
ရုံးခန်း-အခန်းအမှတ်(၀၀၅-ဘီ)၊ တိုက်အမှတ် ၉/၁၁၊
၃၆ လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ထွေးထွေး K/RGN-၀၃၀၀၇၃(မှ)	ဒေါ်မီမီစိုး ၁၂/မဂတ(နိုင်)၀၈၆၀၃၉	တိုက်(၆)၊ အခန်း(၃)၊ ပြည်ရိပ်မွန် အိမ်ရာ၊ ကမာရွတ်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၁၈

ဦးသိန်းစိုး နှင့် ၁။ ဦးထွန်းကြည်
၂။ ဦးထွန်းစိန်
၃။ ဒေါ်မွှေးလေး
၄။ ဒေါ်လှလှရီ
၅။ ဦးစိုးမြင့်သိန်း
၆။ ဦးဆိုင်

တရားလို **တရားပြိုင်များ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၀ရပ်ကွက်၊ ကန်လမ်း၊ (ကိုးတွင်းကျောင်းဘေး)၊ (ကျောင်းစု)၊ အမှတ်(၁၀)တွင် နေထိုင်သူများဖြစ်သည့် (၁)ဦးထွန်းကြည်၊ (၂)ဦးထွန်းစိန်၊ (၃)ဒေါ်မွှေးလေး၊ (၄)ဒေါ်လှလှရီ၊ (၅)ဦးစိုးမြင့်သိန်း နှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၁၀)ရပ်ကွက်၊ ကင်ပွန်းခြံလမ်း၊ အမှတ် ၃၄ တွင်နေထိုင်သူ (၆)ဦးဆိုင်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

တရားလိုဖြစ်သူ ဦးသိန်းစိုးမှ သင်တို့အပေါ်တွင် တရားလိုနှင့်တရားပြိုင်တို့ ပြုလုပ်ချုပ်ဆိုခဲ့ကြသည့် ကတိပဋိညာဉ်အတိုင်း ၅-၃-၂၀၁၄ ရက်စွဲပါ အိမ်မြေအရောင်းအဝယ်ကတိစာချုပ်အားမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုထားသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၃၁ရက် နံနက် ၁၀း၀၀နာရီတွင် လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးစေလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
တွဲဖက်ခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပိုင်ဆိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ နတ်မောက်လမ်းနှင့် ရွှေရတနာလမ်းထောင့်၊ မြေကွက်အမှတ်(၉၇)၊ ဧရိယာပေ(၄၀×၆၀)၊ ဦးမြင့်လွင် အမည်ပေါက် ပါမစ်မြေနှင့်ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးတင်သိန်း ၈/ပခက(နိုင်)၀၁၆၂၁၁က အဆက်စပ်စာချုပ်စာတမ်းစုံလင်စွာဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

သို့ပါ၍ကျွန်ုပ်မိတ်ဆွေဝယ်ယူပိုင်ဆိုင်ထားသော အထက်ပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေမှလွဲ၍ ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ မည်သူမှတစ်ဆင့်လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းများမပြုကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်သိန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ
(ရုံး)ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၅၂၉၀၃၄၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ၆၇၈၊ မြေကွက်တည်နေရာအမှတ်(၆၇၈)၊ (၇၇)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ ဦးတင်အုန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်အုန်း ၁၂/ဗဟန(နိုင်)၀၃၆၈၁၃ ကိုယ်တိုင်မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁A၁၊ မြေကွက်အမှတ် Northern ½ of III Class 21၊ မြေကွက်တည်နေရာအမှတ် ၄၆၊ ၁၈ လမ်း၊ လသာမြို့နယ် Daw Tin Mya အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်တင်မြနှင့် ၄င်း၏ခင်ပွန်း ဦးစိန်လေးတို့ အသီးသီးကွယ်လွန်ကြသဖြင့် ဦးထွန်းထွန်းစိန် ၁၂/လမတ(နိုင်)၀၀၆၉၀၆ က ကျမ်းကျိန်လွှာများ၊ သေဆုံးမှုလက်မှတ်များ၊ မြေအမည်ပေါက်စာချုပ် ၄၀၅/၁၉၆၅ (၁၆-၈-၁၉၆၅)တို့နှင့်အတူ အမည်ပေါက်၏ တစ်ဦးတည်းသောသားတော်စပ်ကြောင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

အောင်စကြာ ဓမ္မရိပ်သာ (လမ္ဘတော်) သင်္ကြန် (၇) ရက်တရားစခန်းပွဲ (၂၀၁၅၊ ဧပြီ ၁၁ မှ ၁၇)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အရှက်တောကျောင်းတိုက်၊ အောင်စကြာဓမ္မရိပ်သာ၌ (၃၈) ကြိမ်မြောက် (၇) ရက်တရားစခန်းကို (၁၁၊ ၄၊ ၂၀၁၅) မှ (၁၇၊ ၄၊ ၂၀၁၅)ထိ မိုးကုတ်ဆရာတော်ဘုရားကြီး၏မှုအတိုင်း (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာအဘွဲ့ခံ စန္ဒသူရိယဆရာတော်ကိုယ်တိုင် ဟောကြားပြသပါမည်။ ဒုလ္လဘ သာမဏေဝတ်ပေးမည်။ ဘုန်းကြီးများအတွက် သင်္ကန်းပရိက္ခရာအစုံ ရှစ်ထောင်ကျပ်၊ ရှင်ကြီး တစ်သောင်းကျပ်၊ ရဟန်း တစ်သောင်းငါးထောင်ကျပ်ဖြင့် ဒုလ္လဘခံယူနိုင်ကြပါသည်။ တရားစခန်းဝင်ယောဂီသည်အစားအသောက်စရိတ် တစ်သောင်းကျပ် လှူဒါန်းရပါမည်။ ယောဂီဦးရေ ၅၀၀ သာလက်ခံပါမည်။ ဒုလ္လဘဝတ်ကြမည့် ရှင်လောင်း ရဟန်းလောင်း သီလရှင်လောင်းများသည် ဧပြီ ၁၀ ရက်နေ့မွန်းတည့် ၁၂ နာရီအရောက်၊ တရားစခန်းဝင်မည့်ယောဂီများသည် ဧပြီ ၁၀ ရက်နေ့ ညနေ ၅ နာရီအရောက် ရိပ်သာသို့ဝင်ကြရပါမည်။ ဧပြီ ၈ ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးကြပါရန်။ အရုဏ်ဆွမ်း နှစ်သိန်းရှစ်သောင်းကျပ်၊ နေ့ဆွမ်း လေးသိန်းကျပ်၊ အချိုပွဲ တစ်သိန်းနှစ်သောင်းကျပ်၊ ဖျော်ရည် ရှစ်သောင်းကျပ်ဖြင့် လှူဒါန်းနိုင်ပါသည်။ ဖုန်း ၀၁ ၂၂၄၆၈၀ သို့ ဆက်သွယ်စုံစမ်းကြပါရန်။

စက်မှုဝန်ထမ်းဟောင်းများအသင်း
ဒုတိယအကြိမ် အသင်းသားစုံညီအစည်းအဝေး
ဖိတ်ကြားလွှာ

စက်မှုဝန်ကြီးဌာန၊ ယခင်အမှတ်(၁)နှင့်(၂)တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်းများအပါအဝင် စက်မှုဝန်ထမ်းဟောင်းများအားလုံး၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဒုတိယအကြိမ် အသင်းသား စုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားရှိပါသည်။

ကျင်းပပြုလုပ်မည့်နေ့ရက် - ၂၀၁၅ ခုနှစ် မတ် ၂၈ရက် (စနေနေ့)

ကျင်းပပြုလုပ်မည့်အချိန် - နံနက် ၉း၀၀ နာရီ

ကျင်းပပြုလုပ်မည့်နေရာ - စက်မှုခန်းမ၊ ရွှေတိဂုံအရှေ့ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေနံ့သာလမ်းသွယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၅၀၈၆

အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရပ်နီးရပ်ဝေးဒေသအနှံ့အပြားမှာ ရောက်ရှိနေကြသည့် စက်မှုဝန်ထမ်းဟောင်းများ အားလုံး တက်ရောက်ကြပါရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
စက်မှုဝန်ထမ်းဟောင်းများအသင်း

မြောက်ဦးဆရာတော်၏ (၄၄)ကြိမ်မြောက်(ရန်ကုန်)
အထူးအလုပ်ပေးတရားစခန်း

နေရာ - ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
(အမှတ် ၃လမ်းမကြီး၊ ရခိုင်ကျောင်းမှတ်တိုင်တွင်ဆင်းပါ။)

တရားစခန်းရက် - ၁၃၇၆/၁၃၇၇ ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်မှ ကဆုန်လဆန်း ၁ ရက် (၇-၄-၂၀၁၅ ရက်မှ ၁၈-၄-၂၀၁၅ ရက်အထိ) စုစုပေါင်း ၁၂ ရက်။

စာရင်းလက်ခံမည့်ရက် - ၁၃၇၆ ခုနှစ် တန်ခူးလဆန်း (၇၊ ၈)ရက်။
၂၀၁၅ ခုနှစ် မတ်လ ၂၆၊ ၂၇ ရက်၊နံနက် ၉း၀၀နာရီမှ ညနေ ၃း၀၀နာရီအထိ

မှတ်ချက် - အသက်(၆၅)နှစ်အထက် ယောဂီများကိုလက်မခံပါ။ တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ ၁၀၀၀၀ိ/-ကိုတစ်ပါတည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)
ဖုန်း-၀၉-၄၂၁၁၄၃၂၁၀၊ ၀၉-၄၄၈၀၃၂၂၇၈

(၃)ရက် ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်းနှင့် လူငယ်အထူးတရားစခန်းပွဲ၊
သင်္ကြန်တွင်း ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ ထေရီဓမ္မရိပ်သာကြီးအတွင်း၌ ၂၇-၃-၂၀၁၅ ရက်မှ ၂၉-၃-၂၀၁၅ ရက်အထိ (၃)ညအိပ် (၃)ရက် ပဋ္ဌိစ္စသမုပ္ပာဒ် သင်တန်းနှင့် လူငယ်အထူးတရားစခန်းပွဲကြီးကို ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ပါ၍ (၈)တန်းမှ ဘွဲ့ရအထိ မည်သူမဆို ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

သင်္ကြန်တွင်း ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်ပွဲနှင့် တရားစခန်းပွဲကြီးကိုလည်း ၁၃-၄-၂၀၁၅ ရက်မှ ၁၇-၄-၂၀၁၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်လိုသူများနှင့် တရားစခန်းဝင်ရောက်လိုသူများလည်း ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၉-၅၄၀၄၃၉၄၊ ၀၉-၇၉၅၅၃၀၆၂၃၊ ၀၉-၇၉၆၈၀၅၁၀၇

၁၃၇၇ခုနှစ် နွေရာသီ ယမိုက်+ပဋ္ဌာန်းသင်တန်း
သင်တန်းဆိုင်ရာသိစရာ
သင်တန်းရည်ရွယ်ချက်

၁။ နွေရာသီ ကျောင်းပိတ်ရက် တစ်လခန့်အတွင်း အလတ်တန်း၊ အကြီးတန်း အဘိဓမ္မာ ညဝါဆိုင်ရာများ သိရှိနားလည်တတ်မြောက်စေရန်၊
(တစ်လခန့်ရက်တိုအတွင်း ဖြစ်စေကာမူ အလေးအနက်ထား တကယ်ကြိုးစား သင်ယူလျှင် အလတ်တန်း+အကြီးတန်းဆိုင်ရာ အဘိဓမ္မာ ညဝါများ ထပ်မံသင်ယူစရာ မလိုလောက်အောင် လက်ဆုပ်လက်ကိုင် ရရှိနိုင်မည်ဖြစ်ပါသည်)
၂။ အချိန်ကို အလဟဿ မဖြစ်စေရန်၊
၃။ စနစ်တကျ အလေးအနက်ထားပြီး လေ့လာသင်ယူသူများအတွက် ဆရာဖြစ်သူများကို ပို့ချပေးနိုင်ရန်။
၄။ အဘိဓမ္မာ ညဝါအပြင် သာသနာပြုလမ်းညွှန် ဘဝလမ်းညွှန် စသော ဗဟုသုတများ အထိုက်အလျောက် ရရှိနိုင်စေရန်။

စည်းကမ်းချက်များ

ယခုနှစ် သင်တန်းကို အမှန်တကယ် လိုအပ်သူများ အမှန်တကယ် အကျိုးရရှိနိုင်စေရန် ဖော်ပြပါ စည်းကမ်းများ လိုက်နာဖို့ လိုအပ်ပါသည်။
၁။ အချက်အလက်နှင့် ပြည့်စုံသော လျှောက်လွှာများကိုသာ လက်ခံရွေးချယ်မည်ဖြစ်ပါသည်။
၂။ သင်တန်းကာလတစ်လျှောက်လုံး သင်တန်းတက်သူများ အကျိုးရှိမည့် စည်းကမ်းများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၃။ သင်တန်းကို အလေးအနက်ထားရှိ သင်ယူစေရန် အရည်အချင်းစစ် စာမေးပွဲဖြင့် မှတ်ကျောက်တင်မည်ဖြစ်ပါသည်။
၄။ အရည်အချင်းစစ် စာမေးပွဲအောင်မြင်သူများကိုလည်း အောင်လက်မှတ်များ ဆုများဖြင့် ထိုက်ထိုက်တန်တန် ချီးမြှောက်ပေးမည်ဖြစ်ပါသည်။

လျှောက်လွှာတင်ရာ၌ ပြည့်စုံရမည့် အချက်အလက်များ

၁။ သက်ဆိုင်ရာ စာသင်တိုက် ကျောင်းထိုင်ဆရာတော်၊ တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်၏ မိမိကျောင်းတိုက်၌ နေထိုင်သူတပည့်ဖြစ်ကြောင်း ထောက်ခံချက်၊
၂။ ထောက်ခံချက်ပေးသူ ဆရာသမားနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်
၃။ ပထမငယ်တန်း အောင်လက်မှတ်မိတ္တူ
၄။ သာသနာဝင်မှတ်တမ်းမိတ္တူ
၅။ လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်မှု
၆။ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့်တကွ လိပ်စာအပြည့်အစုံ

ဤအချက်အလက်များ ပါဝင်စေလျက် လျှောက်လွှာတင်ရမည်။တက်ရောက်ခွင့် ရ/မရ ဖုန်းဖြင့် ဆက်သွယ်စုံစမ်းနိုင်ပါမည်။

သင်တန်းတက်ရောက်ခွင့် ရ/မရ ဆက်သွယ်စုံစမ်းနိုင်မည့်ရက်များ

၁၃၇၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅၊ ၆၊ ၇ (၂၀၁၅ ခုနှစ် ဧပြီ ၈၊ ၉၊ ၁၀) ရက်များ
နေ့စဉ် နံနက် ၇း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ။

မြိုင်မဟာစည်ရန်ကုန်
သင်္ကြန်တွင်း (၇)ရက် အထူးတရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၅ရပ်ကွက်၊ မြင်သာ ၁လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာအတွင်း၌ မဟာကြံနှ်အတွင်း (၇)ရက် အထူးတရားစခန်းပွဲကို ၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၉ရက်မှ ၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁ ရက် အထိ (၁၂-၄-၂၀၁၅ မှ ၁၈-၄-၂၀၁၅ ထိ) ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း-၀၉-၅၀၄၇၇၆၁၊ ၀၉-၄၂၁၁၅၁၀၃၀၊ ၀၉-၈၆၂၅၂၂၃ တို့သို့ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။ ယောဂီများ ၁၁ ရက် ညနေ ၄း၀၀နာရီအရောက် လာရပါမည်။

ဖျူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၅ရပ်ကွက်၊ မြင်သာ ၁လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက၊ မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပ နယ်လှည့် ဓမ္မကထိက) အရှင်သူမြတ်သည် မတ်လ ၂၇ရက်တွင် တောင်ဥက္ကလာပမြို့နယ် မြင်သာ(၆)လမ်း မလွန်ဆန်လှူ ရေစက်ချဓမ္မသဘင်၊ ၂၈ ရက်တွင် ဒေါပုံမြို့နယ်၊ ဗမာအေး ရပ်ကွက် ဆွမ်းအောင်ပွဲ ဓမ္မသဘင်၊ ၂၉ရက်တွင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ဆည်းဆာ ဓမ္မသဘင်နှင့် သန်လျင်မြို့ အေးသစ္စာရပ်ကွက် ဓမ္မသဘင်၊ ၃၁ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက် ဓနသိဒ္ဓိလမ်း ဓမ္မသဘင်တို့၌ ညစဉ် ၇း၀၀နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပါမည်။

(RC-1, RUBC, BC)

[illegible] ဖိတ်ကြားအပ်ပါသည်။

သူငယ်ချင်းတို့ရေ -

- အမှတ် (၁) [illegible] (RC-1) [illegible] (RUBC)၊ [illegible] (BC) [illegible] RC-1 [illegible]

- [illegible] M 3 Food Center [illegible]

ဆက်သွယ်ရန် - [illegible] RC 1 [illegible]

ပျောက်ဆုံးကြောင်း

[illegible] 2010 Toyota Corolla Axio (NZE141 - 6171652) [illegible] Custom Statement နှင့် [illegible]

ဆက်သွယ်ရန်ဖုန်း - 09-799222552

ကုန်စည်တံဆိပ်မူပိုင်ခွင့်သတိပေးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် (၅၄/၂)နေ ဦးတင့်လွင်သည် အောက်ဖော်ပြပါကုန်စည်တံဆိပ်၏ ရေစစ္စရီပြုပြီး မူပိုင်ရှင်ဖြစ်ပါသည်။

အဆိုပါ ရေစစ္စရီပြုပြီး ကုန်စည်အမှတ်တံဆိပ်ဖြင့် PHARMACEUTICAL DRUGS AND MEDICINES နှင့် COSMETICS တို့ကို ဖြန့်ဖြူးရောင်းချပါသည်။

အဆိုပါ ကုန်စည်တံဆိပ်ကို တိုက်ရိုက်အတုအပပြုခြင်း၊ သွယ်ဝိုက်၍ ဆင်တူယိုးမှားပြုခြင်း၊ ကုန်စည်တံဆိပ်မူပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုမလုပ်ကြရန် သတိပေးတားမြစ်လိုက်ပါသည်။

သို့ပါလျက်မှ လိုက်နာခြင်းမရှိ ဖောက်ဖျက်လျှင် သက်ဆိုင်ရာ ဥပဒေကြောင်းတို့အရ အရေးယူမည်ဖြစ်ကြောင်း ထပ်မံသတိပေးလိုက်ပါသည်။

ဦးသန်းအောင်
တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်
(စဉ်-၁၃၆၇)
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့
ဖုန်း-၃၈၅၄၆၄

ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း

ကျွန်တော် ဦးအွစ်မံ KMW-၁၄၄၂၆၅ ဇနီး မသန်းသန်းအေး ၁၂/ဒပန(နိုင်) ၀၅၈၆၄၁သည် ၁၇-၂-၂၀၁၅ ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၁၇-၂-၂၀၁၅ ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ နောက်နောင် မသန်းသန်းအေးနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း။

ဦးအွစ်မံ
KMW-၁၄၄၂၆၅

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ် ၅၅၄/က၊ မြေကွက်တည်နေရာ အမှတ်-၅၅၄/က၊ အင်းဝလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)(ဦးမြနိုင် BHN-016551) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြနိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်မိုးအေး ၁၂/ဥကတ(နိုင်)၀၆၅၀၂၅ က မြေပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ကမ္ဘာ့အမှတ်အများဆုံးဆုဆွတ်ခူးရရှိသော သမီးလေးအတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဖေဖေဒေါက်တာသန့်ဇင်နိုင် (ဒုတိယပါမောက္ခချုပ်/စီမံ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)နှင့် မေမေ ဒေါ်ခင်သန်းထွေး (ကထိက-ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏တစ်ဦးတည်းသောသမီးလေး မမိုးသင်းချို (1st M.B.,B.S ဆေးတက္ကသိုလ်-၁)သည် The Association of Business Executives (abe-UK) မှ ကြီးမှူးကျင်းပသော 2014, abe-UK December Exam တွင် (Level-5) Quantitative Methods for Business Management ဘာသာရပ်တွင် ကမ္ဘာ့အမှတ်အများဆုံးဆု (World First, Top Paper Prize)ရရှိခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြစ်ကြီးနားမြို့မှ
ကြီးကြီးဝေ၊ ကြီးကြီးမူ၊ ဒေါ်လေးသီ၊
ဦးလေးမောင်၊ အန်တီစမ်းနှင့် မမကြီး၊ မမငယ်

မွေးနေ့မင်္ဂလာဆုတောင်း

ဦးသန်းမြင့်(MD,TOSTA GROUP LTD. & MD,HIGH RISE CONSTRUCTION GROUP LTD.)၏ ၂၁-၃-၂၀၁၅ ရက် (စနေနေ့)တွင် ကျရောက်သော မင်္ဂလာရှိသောမွေးနေ့တွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍နှစ်(၁၀၀)တိုင်ချစ်သော မိသားစုနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဇနီး - ဒေါ်မြဝင်း
သမီးများ - တင်တင်သန်း-ခင်မောင်တင်
အေးအေးသန်း-Capt.စံသိန်း(M.D,Glory Success Co.,Ltd.)
မြင့်မြင့်သန်း-ခင်မောင်အေး(ခေတ္တ USA)
မြေးများ - မြတ်သက်ခိုင်(ခ)KAVEETHA THAIN (Ursinus College,USA)
ကောင်းဇော်ဟန်(ခ)PRABHU NANDAN(Grade-10,ISM)
သက်နေဟိန်း(ခ)GOVINDA KRISHNA(Grade 6,ISM)
သန့်နေဟိန်း(ခ)GOPALA KRISHNA(LIGHT HOUSE,NEW WORLD)

ဝန်ထမ်းအလိုရှိသည်

၁။ Site Engineer ကျား(၃)ဦး B.E, B.Tech, A.G.T.I (Civil) တာဝန်ကျသော Site တွင် နေထိုင်နိုင်ရမည်။
၂။ Accountant ကျား/မ (၂)ဦး B.Com, LCCI II, III
လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ Computer (Excel)ကျွမ်းကျင်ရမည်။လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်၍ လစာအား ညှိနှိုင်းနိုင်သည်။ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သည့်စာရွက်စာတမ်း အပြည့်အစုံဖြင့် အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်နိုင်သည်။

MIT Construction Co.Ltd.
အမှတ် (၃၅၀)၊ ၈၁ လမ်း၊ ၂၇-၂၈ ကြား၊ မန္တလေးမြို့
ဖုန်း-၀၂-၆၅၈၂၄၊ ၀၉-၂၀၃၄၅၅၅၊ ၀၉-၈၇၆၀၃၃၅၅၅

Asia General Electric Co., Ltd.

အမှတ် (၁ မှ ၄)၊ (၃၁ မှ ၃၅)၊ ရန်ကုန်-ပုသိမ်လမ်းနှင့် တွံတေးလမ်းထောင့်၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၁-၆၈၅၉၈၀၁၊ ၀၁-၆၈၅၉၈၂၊ ၀၉-၇၃၀၂၀၆၅၂၊ ၀၉-၇၃၀၂၀၆၅၃၊ ၀၉-၇၃၀၂၀၆၅၆

1. **Engineer** အသက် (၂၀-၃၀)နှစ် ကျား (၅)ဦး
B.E (EP/MP), AGTI (MP)
Auto CAD 2D, 3D ကျွမ်းကျင်ရမည်။ Computer i Office Knowledge ရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
2. **Logistics Coordinator** အသက် (၂၀-၃၅)နှစ် မ(၂)ဦး
Any Graduate
Computer (Word, Excel, Power Point & DTP) ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။
3. **Machine Operator** အသက် (၁၈-၃၅)နှစ် ကျား(၅)ဦး
အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
Lathe Machine (သို့) Theading Machine ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
4. **Welder** အသက် (၁၈-၃၅)နှစ် ကျား(၁၀)ဦး
အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။(လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်၍ ပညာအရည်အချင်းအား စဉ်းစားပေးမည်)
Welding အသင့်အတင့် နားလည်တတ်ကျွမ်းသူဖြစ်ရမည်။Welding စိတ်ပါဝင်စားသူများ အလုပ်သင်အနေဖြင့် လျှောက်ထားနိုင်သည်။
5. **အထွေထွေလုပ်သား (Production)** အသက် (၁၈-၃၀)နှစ် ကျား(၃၀)ဦး
အခြေခံပညာ အထက်တန်းအဆင့်ရှိသူဖြစ်ရမည်။ စက်နှင့်ပတ်သက်၍ အတွေ့အကြုံရှိသူဖြစ်ပါက ဦးစားပေးမည်။ နေ့ဆိုင်း/ညဆိုင်း ဆင်းနိုင်ရမည်။
6. **ယာဉ်မောင်း** အသက် (၂၅-၄၅)နှစ် ကျား(၅)ဦး
အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။ နယ်နှင့်မြို့တွင်း ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
7. **လုံခြုံရေးဝန်ထမ်း** အသက် (၃၀-၅၀)နှစ် ကျား(၅)ဦး
အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ လုံခြုံရေးဝန်ထမ်း အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။
(Security Service ကုမ္ပဏီများ၊ တပ်မတော်(သို့)ပြည်ထဲ ရေးဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်ဖူးသော ဝန်ထမ်းဟောင်းများအား ဦးစားပေးခန့်ထားမည်)

(မှတ်ချက်။ ။ အမှတ်စဉ်အားလုံးအတွက် အရက်၊ ကွမ်း၊ ဆေးလိပ် ကင်းရှင်းသူဖြစ်ရမည်)
လျှောက်ထားလိုသူများသည် လျှောက်ထားလိုသော ရာထူး၊ CV Form၊ (၁၈)နှစ်ပြည့်မှတ်ပုံတင် (မိတ္တူ)၊ သန်းခေါင်စာရင်း (မိတ္တူ)၊ တစ်လအတွင်း ရိုက်ထားသော ဓာတ်ပုံ (၃)ပုံ၊ ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာ(မိတ္တူ)၊ ပညာရေးအထောက်အထား (မိတ္တူ)၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အထက်ဖော်ပြပါ လိပ်စာသို့ ၃၁-၃-၂၀၁၅ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

OSCAR MOVIE SCHOOL

၂၀၁၃ မှ အော်စကာ(၁) ရန်ကင်း(ရန်ကုန်) ၂၀၁၄ မှ အော်စကာ(၂) ချမ်းမြသာစည် (မန္တလေး) တို့တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီး
ယခု ၂၀၁၅ မှာ အော်စကာ(၃) ၃၆လမ်း (ရန်ကုန်) ရုပ်ရှင်သရုပ်ဆောင်သင်တန်းကို ဖွင့်လှစ်လိုက်ပါပြီ။
တကယ်တတ်မှ တကယ်တော်
တကယ်တော်မှ တကယ်ကျော်၍
အောင်မြင်သော သရုပ်ဆောင်ဖြစ်လိုသူများအတွက်
OSCAR အခြေခံလက်တွေ့သရုပ်ဆောင်သင်တန်း
အကယ်ဒမီ ကိုကိုလေး
သရုပ်ဆောင် ဒါရိုက်တာ ထူးသာ
ဒါရိုက်တာ သီဟကျော်စိုး
အမှတ်(၂၄၄) တတိယထပ်၊ ၃၆လမ်း၊ ရတနာကျော်စိုး ရုပ်ရှင်ကုမ္ပဏီ
ဖုန်း-၀၉-၈၇၆၁၄၉၈၅၁၊ ၀၉-၅၀၃၆၄၀၇၊ ၀၉-၅၁၇၆၄၃၂

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၊ FMI အိမ်ရာ)၊ မြေကွက်အမှတ်(၁၂၆) ဧရိယာ၀ဒသမ ၁၁၀ ဧက သည် နှစ်(၆၀)မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးသန်းစိုး+၁ ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်နေအိမ်အား အရောင်းအဝယ်စာချုပ်(၁၀၇၇/၂၀၁၅)တင်ပြ၍ ဒေါ်သူဇာရွှေ၁၄/ညတန(နိုင်)၀၉၂၃၇၉အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ) နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၇၇)တို့၌ တည်ရှိသော မြေကွက်ကြီးအမှတ်(တ)၊ သူရဦးစိုးအောင် ၁၂/စခန(နိုင်)၀၀၄၂၅၄ အမည်ဖြင့် ညောင်နှစ်ပင် အထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီမှ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ ချထားရရှိသည့် ဧရိယာ ၅ ဒသမ ၀၉ ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သင်းသင်းမာ(ဘ)ဦးအိုက်ထို ၁၃/တခလ(နိုင်)၀၀၀၂၁၇၊ (F2A)သဇင်လမ်း၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်မြို့နယ်နေသူက သူရဦးစိုးအောင်၏ဇနီး ဒေါ်ခင်သဥ္ဇာ(ဘ) ဦးဘသီး ၁၀/သထန(နိုင်)၀၃၀၁၄၂ မှ အထွေထွေကိုယ်စားလှယ်စာ လွှဲအပ်ပေးထားသည့် ဦးဌေးဝင်း(ဘ)ဦးစိုင်းလှုံ ၁၃/ကတန(နိုင်)၀၈၃၃၂၅ ထံမှ ၅-၃-၂၀၁၅ရက်တွင် မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပြီး လက်ရောက်လွှဲပြောင်းဝယ်ယူ လုပ်ကိုင်လျက်ရှိပါသည်။ ဒေါ်သင်းသင်းမာက လက်ရောက်လွှဲပြောင်းဝယ်ယူခဲ့သည့် အထက်ဖော်ပြပါ ခြံမြေကိုသက်ဆိုင်ရာ ဌာနရုံးအဆင့်ဆင့်သို့ ဒေါ်သင်းသင်းမာအမည်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိစေရန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ၌လည်းကောင်း၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး၊ မွေးမြူရေးအထူးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး၌ လည်းကောင်း၊ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ခြံမြေအားလုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေါ်သင်းသင်းမာအမည်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်သင်းသင်းမာ(ဘ)ဦးအိုက်ထို
၁၃/တခလ(နိုင်)၀၀၀၂၁၇
F2A သဇင်လမ်း၊ လှိုင်ရတနာအိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလင်းစိုး LL.B
အထက်တန်းရှေ့နေ (စဉ်-၂၄၃၀၇)
မမ-၁၄၀၊ အောင်သုခ(၃)လမ်း၊ မြို့မရပ်ကွက်
လှည်းကူးမြို့၊ ဖုန်း-၄၂၁၀၅၉၄၉၇

ကြော်ငြာ

ရွှေဝင်ရွှေပုဂံ Travels & Tours

U-20 WORLD CUP

ပွဲကြည့်ခရီးစဉ် နှင့် နယူးဇီလန်အလည်အပတ်ခရီးစဉ်

{ May 28 မှ June 7 }

USD 3900

May 30 မြန်မာ-အမေရိကန်
June 02 မြန်မာ-ယူကရိန်း
June 05 မြန်မာ-နယူးဇီလန်

* April 10 *

4 Star Hotels & All Included

No.67, Baho Rd,Sanchaung Township, Ph: 01-500191,519292,519293,510491, 09-252281456, 09-73003772
81 Rd,Bet 33 x 34 Street, Mandalay, Ph: 09-73013856,09-31693339

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်နေ ဦးကျော်လွင်-ဒေါ်စန်းစန်းတို့၏သား

မောင်အောင်ကျော်သူ

B.E (Electronics) (MTU), M.Sc(Signal Processing) (NTU), Singapore
Assistant Manager, Yaskawa Engineering Asia. Pacific Pte.Ltd.,Singapore.

နှင့်

ရန်ကုန်မြို့နေ ဦးတင်လှ(ကွန်ပျူတာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)-
ဒေါ်ခင်မမအောင် (အထက်တန်းကျောင်းအုပ်-ငြိမ်း)တို့၏သမီး

မခိုင်မြတ်လှ

B.E (Chemical) YTU, M.Sc (Chemical Engineering), NUS, Singapore
Senior Process Engineer, Amec Foster Wheeler Asia Pacific Pte.Ltd.,Singapore.

တို့၏ ၁၉-၁၁-၂၀၁၄ရက်တွင် မင်းကွန်းတိပိဋကနိကာယ (ရွှေရတုမင်္ဂလာခန်းမကြီး)၌ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေး ညစာစားပွဲသို့လည်းကောင်း ၂၂-၁၁-၂၀၁၄ရက်တွင် တောင်ကြီးမြို့၊ ကန်ရှေ့ရပ်၊ စန်းစန်းမင်္ဂလာခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာ ညစာစားပွဲသို့လည်းကောင်း၊ ၁၅-၃-၂၀၁၅ရက် စင်ကာပူနိုင်ငံ(Marina Bay Sands-Peony Junior Ball Room Singapore) တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော နှစ်ဖက်သောဆွေမျိုး၊ မိတ်သင်္ဂဟ အပေါင်းနှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်းကူညီချီးမြှင့်ပေးပါသော လူကြီးမင်း အပေါင်းတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကျော်သူ-မခိုင်မြတ်လှ

MIC
Myanmar Imperial College

The University of Northampton (UK)

DBA
Doctor of Business Administration

+ Principles of Research
+ Advanced Quantitative Data Analysis
+ Advanced Qualitative Data Analysis
+ Developing Leadership in Business Research
+ Reflecting on Business Practice
+ Professional Research

"To develop leaders, to shape the future, to change lives"

MBA
Master of Business Administration

April Intake!
09 732 10001 / 09 421 1 00222
No. 42 (C), Inya Road, Kamayut Tsp, Yangon, Myanmar.

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၁၂၄၃၂ Honda Dream-110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၈/မလန(နိုင်)၀၀၉၈၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(မကွေး)**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၃၈၈၂)၊ နှစ် ၃၀ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် အမည်ပေါက် ဒေါ်ညို ၅/ငဇန(နိုင်)၀၀၂၁၆၀ (ဘ) ဦးထူးမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက(၂)၊ သတ္တမတန်း(A)မှ မစုမေဇင်နှင့် မချစ်ငယ်ထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးကျန်းချန်ဆိုက် ၁/ဗမန(နိုင်)၀၅၆၃၀၄ ဖြစ်ပါသည်။

မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ သတ္တမတန်း(က)မှ မဆိုင်းမွန်းပန်နှင့် ပဥ္စမတန်း(က)မှ မအောင်ဆိုင်းဘူတို့၏ မိဘအမည်မှန်မှာ ဦးဆိုင်းနန် ၁/မကန(နိုင်)၀၈၅၁၅၅နှင့်ဒေါ်လရီးကိုင်ရာ ၁/မကန(နိုင်)၀၄၉၁၁၈ ဖြစ်ပါသည်။

(Glorious Light Co.,Ltd ...)
(1) Medical Representative
(2) Accountant
(3) General Manager
... English ... CV Form ...

RECRUITMENT

1. RECEPTIONISTS (2 positions)
   i. Age between 20 to 25
   ii. Pleasant Personality
   iii. Experience not required
   iv. Fluent in English is an advantage
2. ACCOUNTANTS (2 positions)
   i. Minimum 1 year experience in accounting
   ii. Able to work under pressure
   iii. Salary negotiable
   iv. Fluent in English is an advantage
3. BUSINESS DEVELOPMENT ADVISORS (18 positions)
   Requirement:-
   i. Graduates in all fields are encouraged
   ii. Minimum 1 year working experience
   iii. Must have good business contacts and communication skills
   iv. Fluent in English is an advantage
   v. Both male and female candidates are encouraged to apply
   vi. Good salary including commission and bonuses
   vii. Age between 21 to 35 years

We will provide the necessary training and support for you to embark on this exciting and lucrative career. Interested candidates can contact us at:

Frist West Co.,Ltd.
Unit 506, The Strand Square, No.53, Strand Road, Pabedan Tsp, Yangon, Myanmar
ATTN: Matthew Callaghan
ph-09-975164576
Mkt@firstwestgroup.com

ကွာရှင်းပြတ်စဲခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပန်းခင်း(၁)၊ နှင်းဆီလမ်းနေ ဒေါ်ဖြူဖြူဖွေး ၉/ပမန(နိုင်)၁၇၅၄၅၇ သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးရဲဆွေ ၇/မညန(နိုင်)၀၀၀၀၄၂

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကိုထင်လင်းကျော် ၅/ရဘန(နိုင်)၀၀၂၈၃၀၏ဇနီး မလတ်လတ်ဇင် ၅/ကဘလ(နိုင်)၁၁၂၂၆၄ သည် လင်ယောကျ်ားအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် အတူပေါင်းသင်းခြင်းမပြုလုပ်တော့ဘဲ ၄-၂-၂၀၁၃ ရက်တွင် နေအိမ်မှထွက်ခွာခဲ့ပါသည်။

တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ကျွန်တော်နှင့်လုံးဝ(လုံးဝ) မသက်ဆိုင်တော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

ကိုထင်လင်းကျော် ၅/ရဘန(နိုင်)၀၀၂၈၃၀

မှတ်ပုံတင်ပျောက်ဆုံးကြောင်း အသိပေးကြေညာခြင်း

အမှတ် ၁၁၀၂/A(1)၊ ရွှေဂုဏ်သူကွန်ဒိုမီယံ၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ဝေါစထရီ ကုမ္ပဏီလီမိတက်၏ မှတ်ပုံတင်အမှတ် ၃၃၄၄/၂၀၁၃-၂၀၁၄သည် ပျောက်ဆုံးသွားပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဖြည့်စွက်ဖတ်ရှုပါရန်

၁၇-၃-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၀)ပါ ကြော်ငြာတွင် ဦးရွှေ CM-၀၀၉၅၈၆ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် ဦးအေးသွင် ၁၂/ဒပန(နိုင်)၀၃၄၂၁၀မှ ဂရန်သစ်လျှောက်ထားရာဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၄၆၅၂ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာလွဲ ၁၀/မလမ(နိုင်)၂၁၇၄၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၃၈၄၇ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးလှတင် ၁၀/မလမ(နိုင်)၀၇၇၂၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

ဖခင်အမည်မှန်

ရွှေတောင်မြို့နယ်၊ ကျီးသဲ အထက၊ နဝမတန်း(D)မှ မအိခိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ၇/ရတန(နိုင်)၀၃၁၃၀၀ ဖြစ်ပါကြောင်း။

ဦးဝင်းမြင့် ၇/ရတန(နိုင်)၀၃၁၃၀၀

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၂-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာကြော်ငြာ(က) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၁၉)ဒေါ်စန်းစန်းမြင့်၏ အမည်ပြောင်းတွင် မြေကွက်အမှတ် ၃/၉ အစား ၃/စီဟု ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၊ FMI အိမ်ရာ)၊ မြေကွက်အမှတ် ၅၉၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးဇော်လင်းဦး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အား အရောင်းအဝယ်စာချုပ်(၁၄၈၉/၂၀၁၅)တင်ပြ၍ ဒေါ်ယင်းမာရွှေ ၁၄/ညတန(နိုင်)၀၁၁၄၆၁ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်နေ ဦးအောင်ကျော်ဌေး-ဒေါ်စံဖုန်းတို့၏သမီး မသီရိကုဋေကျော် ၅/မရန(နိုင်)၁၅၄၅၄၀သည် မိဘနှစ်ပါး၏စကားကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၁၆-၃-၂၀၁၅ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးအောင်ကျော်ဌေး-
ဒေါ်စံဖုန်း

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်လှိုင်(ခ)အိန်စွဲလျန် (မြောင်းမြ)

အသက်(၉၅)နှစ်

ဦးကျော်မင်းလွင် - ဒေါ်ခိုင်ချင်ဝင်း ... ၏ မိခင်ကြီး ဒေါ်စိန်လှိုင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Peace Co.,Ltd

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါ်ရင်ရင်စိုး၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စိန်လှိုင်(ခ)အိန်စွဲလျန် (မြောင်းမြ) အသက်(၉၅) နှစ်သည် ၁၄-၃-၂၀၁၅ ရက် (စနေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါ၍ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

Regional 2nd Batch ရေဝတီတိုင်းဒေသကြီး၊

ပုသိမ်သူငယ်ချင်းများ

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမကြီး

ဒေါ်ရင်ရင်(မြစ်ကြီးနား)

(၂၁-၃-၂၀၁၂) - (၂၁-၃-၂၀၁၅)

အမေ့အတွက်ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုပြုသမျှ ကုသိုလ်ကောင်းမှု အားလုံးကို အမေရောက်ရာဘုံဘဝမှ သိနိုင်၊ မြင်နိုင်၊ ကြားနိုင်၍ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုပြီး မြင့်မြတ်ရာဘုံဘဝကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်၍ တက်လှမ်းနိုင်ပါစေ အမေ-

ချစ်ခင်ပွန်း - ဦးချစ်ရင် မြန်မာ့မီးရထား(ငြိမ်း)မြစ်ကြီးနားနှင့် သားသမီး၊ မြေးမြစ်များ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးသောင်းရွှေ(ခ)ဦးဖီးလစ်သောင်းရွှေ

ကျန်းမာရေးမှူး(ငြိမ်း)

အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ(ဝဏ္ဏကျော်ထင်ဦးကြီးချိုင်-ဒေါ်ရှုပွန်-ဒေါ်သဲနု)တို့၏သားကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေယာလမ်း၊ အမှတ် ၅၃၀နေ ဒေါ်အေးကြည်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ညွန့်)-ဒေါ်ညိုညိုဝင်း၊ ဦးရဲထွဋ်-(ဒေါ်တင်အေးရွှေ)၊ ဒေါ်မေအေးရွှေ၊ ဦးစောမင်းဟန်၊ ဦးSကိုင်ဇာဝင်း-ဒေါ်နန်းရင်အေးရွှေ၊ ဦးစောသောင်းဟန်-ဒေါ်သူဇာငယ်၊ ဦးစောသောင်းထွဋ်-ဒေါ်စိန်စိန်ထွေး၊ ဦးမင်းအောင်သက်လွင်-ဒေါ်နန်းသီတာအေးရွှေတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၃ယောက်၊ မြစ် တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၉-၃-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁း၀၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၃-၂၀၁၅ရက်(စနေနေ့)နံနက် ၉နာရီတွင် အင်းစိန်ရွာမ ခရစ်ယာန်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လီလီ (လှိုင်ကော်)

အသက် (၈၃)နှစ်

ဦးကျော်ငြိမ်း(ခ) ဦးဝမ်ကြည့်ဟောင်-ဒေါ်မြငြိမ် တိုင်ပေ ရတနာရွှေဆိုင်၊ ယုဇနပလာဇာ (ပထမထပ်) တို့၏မိခင်ကြီး ဒေါ်လီလီသည် ၁၅-၃-၂၀၁၅ ရက်တွင် ထိုင်ဝမ်နိုင်ငံ၊ တိုင်ပေမြို့၌ ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်အေးကြည် (မိသားစု)

လှိုင်ကော် (ကယားပြည်နယ်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လီလီ (လှိုင်ကော်)

အသက် (၈၃)နှစ်

ဦးကျော်ငြိမ်း(ခ)ဦးဝမ်ကြည့်ဟောင်-ဒေါ်မြငြိမ် တိုင်ပေ ရတနာရွှေဆိုင်၊ ယုဇနပလာဇာ (ပထမထပ်) တို့၏မိခင်ကြီး ဒေါ်လီလီသည် ၁၅-၃-၂၀၁၅ ရက်တွင် ထိုင်ဝမ်နိုင်ငံ၊ တိုင်ပေမြို့၌ ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်ပေရတနာရွှေဆိုင် (မိသားစု)

ယုဇနပလာဇာ (ပထမထပ်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အမာကြည်(ခ)ဒေါ်အမာရင်

(ကျိုက်ထို) သိမ်ကြီးဈေး(E)ရုံ

အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရ(၁၅)လမ်း၊ အမှတ်၁၁၃၇နေ(ဦးကျော်ဒင်-ဒေါ်စိန်မြ)တို့၏ သမီး၊ (ဦးဘချို-ဒေါ်အေးဆယ်)တို့၏သမီး ချွေးမ၊ (ဦးကျော်ဆွေ)၏ချစ်လှစွာသောဇနီး၊ ဦးမင်းသွင်-ဒေါ်သန်းရင် (အောင်မိတ်သစ်-မိတ္တူ/ကွန်ပျူတာ)၊ ဦးမြင့်ဇော်-ဒေါ်သင်းသင်းလှ၊ ဒေါ်မော်လီ(ဆွေကြည်ရတနာပလတ်စတစ်ရောင်းဝယ်ရေး)၊ (ဦးစိုးထွန်း)-ဒေါ်နှင်းနှင်းမော်(အမက-၂၃၊ မ/ဒဂုံ)၊ ဦးခင်ဇော်-ဒေါ်ရင်ရင်လှ[ဆိုင်အမှတ်-၁၊ သိမ်ကြီးဈေး (E)ရုံ]တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၉-၃-၂၀၁၅ ရက်(ကြာသပတေးနေ့)နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအေးကြူ

(တပ်မတော်လေ-ငြိမ်း)

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ ဗိုလ်ခြံအပိုင်၊ မြသီတာရပ်ကွက်၊ မြသီရိလမ်း၊ အမှတ် ၆၃ နေ (ဦးသောင်းစိန်-ဒေါ်အေးကြည်)တို့သား၊ (ဦးလှအောင်)-ဒေါ်လှကြည်တို့၏သားသမက်၊ ဒေါ်ယဉ်တင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇင်ဦး(M.D Ruby Mirror Co., Ltd.)-ဒေါ်မေမြတ်မွန် (Director Ruby Mirror Co.,Ltd.)၊ ဒုတိယဗိုလ်မှူးကြီး ခွန်အောင်ကျော်-ဒေါ်နီနီဇင်၊ မောင်လူမော် တို့၏ဖခင်၊ မဝေနှင်းပွင့်သူ၏အဘိုးသည် ၁၈-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဒေါက်တာနီလာစိုး (ရေတာရှည်) (ဆမ-၇၉၁၅) **M.B.,B.S (Mdy), Dip: Med.Sc(H.A)**

ဆေးရုံအုပ်ကြီး၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့

အသက်(၆၀)

၈-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသော ပြည်နယ်ဆေးရုံကြီး၊ လွိုင်ကော်မှ ဆေးရုံအုပ်ကြီး ဒေါက်တာနီလာစိုး၏ နာရေးကို ကိုယ်တိုင်ကြွရောက် ဝမ်းနည်းစကားဆိုနှစ်သိမ့်ပေးကြသော ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့်ပြည်နယ်အစိုးရဝန်ကြီးများ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုဝန်ကြီးဗိုလ်မှူးချုပ်အောင်သော်၊ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကုသ)ဒေါက်တာဒေါ်သီတာလှ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်ဆေးရုံကြီး၊ လွိုင်ကော်မှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုဆရာဆရာမများ၊ ဝန်ထမ်းများ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ လွိုင်ကော်မှ ကျောင်းအုပ်ကြီးနှင့်သင်တန်းသူများ၊ ရပ်ဝေးရပ်နီးမှတယ်လီဖုန်းဖြင့်လည်းကောင်း၊ သတင်းစာများတွင်ထည့်သွင်း၍လည်းကောင်း၊ ဝမ်းနည်းစကားဆိုနှစ်သိမ့်ပေးကြသော ဒေါက်တာနီလာစိုး၏ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းများ၊ ဝိုင်းဝန်းပံ့ပိုးကူညီပေးကြသော ဧရာမြတ်ပြည်ကုမ္ပဏီ၊ ဂျပန်ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးစနစ် မြှင့်တင်ရေးဆိုင်ရာစီမံကိန်း(JICA-H.SS)မှ တာဝန်ရှိသူများ၊ တောင်ကြီးမြို့မှ စဝ်စံထွန်းဆေးရုံအုပ်ကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ၊ ညောင်ရွှေ၊ သံလျင်၊ မြို့သာဆေးရုံများမှ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ NGOS နှင့် INGOS အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နာရေးကိစ္စအစမှအဆုံးတိုင်အောင် ကူညီဆောင်ရွက်ပေးကြသူများအား တစ်သက်တာအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူ အစ်ကိုနှင့် အစ်မမိသားစုများ

အစ်မပြည့်လွမ်းဆွတ်ခြင်း

(၂၈-၂-၂၀၁၅) - (၂၈-၃-၂၀၁၅)

ဧကာမင်းထက် (ခ) ဧကာဧကာ (၂၁)နှစ်

(တောင်ကြီးမြို့)

သားငယ်ချစ်ရွှေ 'ဧကာမင်း' ခလေးရယ်
မိဘနှင့်ဝေး သွားရက် ရှာသယ်
ခပေါ့ခပေါ့ ရင်ကျိုးရပြီလေ

ဟာနိုးမှုရှင်သွင် သက်ရှိထာဝရ
ဦးနှောက်ထဲ စိတ်မှတ်မှားကော
ခနေ့စဉ်အစွဲ ချက်ရှည်ကျသည်
ဖြစ်မှုဖြစ်ရစေဝ လူခလေးရယ်

ဆိုနှင့်ကြေကွဲ
ဝမ်းနည်းခြင်းနဲ့
မေမေ ဖေဖေ ကောင်းဆုတောင်းသည်
သားလေး 'ဧကာဧကာ'
ကောင်းရာသုဂတိလားပါစေ။

ကျန်ရစ်သူမိသားစု

ဖေဖေ-ဦးအောင်ကျော်မင်း(ဓာတ-၃)(ရှမ်းကော့/လက်ညှနှမှူး-ငြိမ်း)
၀၉ ၄၂၀၀၅၈၇၆၀
မေမေ- ဒေါ်နန်းလင်းသီ
သားကြီး-စိုင်းတေဇာဖြိုး [First Engineer(FG)]
ဒေါက်တာလွှင်မနုဖြည်အောင်
သမီးငယ်-မမြတ်မွန်အောင်(လာရှိုး-မြန်မာသံရုံး)

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၂-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာကြော်ငြာ(က) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၁၉)ဦးသူရိန်လွင်+၁၏ ဂရန်ခွဲတွင် မြေကွက်အမှတ် ၃၅၄အစား၃၅၄/ကဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၂-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာကြော်ငြာ(ခ) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၁၈) ဒေါ်ကျင်ငုတ်(ခ)လွင်လွင်၏ ဂရန်သစ်တွင် မြေအမည်ပေါက် ဗိုလ်မှူးကြီးစန်းအောင်အစား ဗိုလ်မှူးကြီးစန်းမောင်ဟု ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃၊ ၂၆၊ ၂၇)ကမာရွတ်၊ လှနေရပ်ကွက် ပါရမီအိမ်ရာ၊ မြေကွက်အမှတ် ၅၃၊ ဧရိယာ ၀.၁၁၅ ဧကရှိပြီး နှစ်၆၀မြေငှားစာချုပ်အမည်ပေါက်မှာ ဦးသန်းထိုက်စံဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အား အရောင်းအဝယ်စာချုပ်(၁၄၂၀/၂၀၁၅) တင်ပြ၍ ဒေါ်ခင်သိန်းစိုး ၁၂/မရက(နိုင်)၀၃၅၈၆၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကအထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၃)လပြည့်လွမ်းဆွတ်သတိရခြင်း

မမေချယ်ရီအောင်(ခ)မဥမ္မာမြင့်

M.C.Sc(U.C.S.Y), G.Dip. in System Analysis(N.U.S)

(၂၁-၁၂-၂၀၁၄ မှ ၂၁-၃-၂၀၁၅)

ကွယ်လွန်ခဲ့တာ (၃)လပြည့်ခဲ့ပေမယ့် အမေနဲ့ မိသားစုတွေအားလုံးရဲ့ရင်ထဲမှာ သမီးလေးက အမြဲရှိနေဆဲပါပဲ။ နေ့စဉ်သတိရတဲ့စိတ်နဲ့ ကုသိုလ်တွေရနိုင်စေဖို့ ရန်ကုန် ချမ်းမြေ့တရားရိပ်သာ၊ သန်လျင် သဘာဝတရားရိပ်သာ၊ အင်းစိန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဇီဝိတသံဃာ့ဆေးရုံကြီး၊ သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါန ဆေးရုံကြီးတွေအပြင် ဘုရား၊ သိမ်၊ ကျောင်းနှင့် လမ်းတံတားအလှူတွေမှာ သမီးလေးအတွက်ရည်စူးပြီး သမီးလေးကိုချစ်ကြတဲ့ အဘိုးအဘွား၊ အဖေအမေနှင့် သမီးလေးရဲ့ ချစ်ခင်ပွန်းနှင့် ဆွေမျိုးမိတ်ဆွေအားလုံးက ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးနေကြပါတယ်။ မြင့်မြတ်တဲ့ဘုံဘဝက ဤကုသိုလ်ကောင်းမှုတွေအတွက် သာဓုခေါ်ဆိုနိုင်ပါစေ။ **သမီးလေးရေ- အမျှ-အမျှ-အမျှ**

ချစ်မေမေ-ဒေါ်မြင့်မြင့်စန်း၊ ချစ်ခင်ပွန်း-ဗိုလ်မှူးမျိုးဇော်အေး

ကျန်ရစ်သူမိသားစုများ

(၁)လပြည့်အလွမ်း

သားငယ်ကောမင်းထက်(ခ)ညီမောင်ကောကော

ကြာလဲမမေ့ ရှာလဲမတွေ့ ငါလည်းတစ်နေ့ သို့သော် .. ဘယ်နေ့မှန်းမသိ .. သည်ခရီး သည်လမ်း မြန်းရမှန်းသိပေမဲ့ အချိန်မတိုင်ခင် ခင်းအရင်လှမ်းတော့ ကျွန်ုပ်ရှင်လွှတ်ချင်ဘဲ .. ကြိတ်ခဲ့လို့မဖြေနိုင်ဘယ်။

သားတော့ရေ .. မင်းအတွက်တွေးလျက် ဆွေးရာက ယနေ့တိုင်မပြယ်။ မင်းအတွက်ရည်စူး ပြုမူပြီးသမျှ အဖို့ဘာဂကို ရောက်ရာဘဝ ဘုံဌာနမှ သားကောညီလေး စိတ်ချမ်းသာ သာဓုခေါ်ပါ။ ပြုပြုသမျှ အမျှ .. အမျှ .. အမျှပါ။

မေလေးလေး-ဦးညွန့်လွင်-တီတီ ဒေါ်ခင်သီတာအောင်

မမကြီး - လွှင်မြုပြာအောင်

ကိုကြီး - စိုင်းတေဇာဖြိုး - မမ - ဒေါက်တာလွှင်မနုဖြည်အောင်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှခင်

(သိန်းအထည်စက်-ဝမ်းတွင်းမြို့)

အသက်(၉၃)နှစ်

ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)၏အတွင်းရေးမှူး ဦးမျိုးဇော်အောင်၏ မိခင် ဒေါ်လှခင်(သိန်းအထည်စက်) အသက်(၉၃)နှစ်သည် ၁၉-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရကြောင်း။

ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးညွန့် (ကျောက်ဆည်မြို့)

အသက်(၇၅)နှစ်

အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကြည်မင်း-ဒေါ်နွယ်နီ တို့၏ဖခင်ကြီး ဦးစိုးညွန့် အသက်(၇၅)နှစ်သည် ၁၃-၃-၂၀၁၅ရက်(သောကြာနေ့) တွင် ကျောက်ဆည်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး

Youth Force Group of Companies

ဆရာဦးကျော်ဇောနိုင်သို့(၂)နှစ်ပြည့်အလွမ်းမှတ်တမ်း

(၂၁-၃-၂၀၁၃ - ၂၁-၃-၂၀၁၅)

ချစ်လှစွာသောဂျီး

မယုံချင်ပေမယ့် ဂျီး ရုတ်တရက် နှုတ်မဆက်ဘဲ အပြီးတိုင်ထွက်ခွာသွားတာ (၂)နှစ်ပြည့်ခဲ့ပါပြီ။

ကျွန်မ၏ လွမ်းဆွတ်ကြေကွဲခြင်းများကို ဂျီး၏လက်စွဲ "ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ" လို့ သတိပေးပြောကြားနေမှာပေါ့နော်၊

ဘဝကို ပညာဖြင့်တည်ဆောက်ခဲ့ပြီး ပညာဖြင့် ပေးဆပ်ခဲ့သူ 'ဂျီး'ပြုခဲ့သော ဤကောင်းမှု စေတနာကံတို့သည် သံသရာမှ လွတ်မြောက်ကြောင်း အထောက်အပံ့ကောင်းများဖြစ်မယ်လို့ စိတ်ချယုံကြည်ပါတယ်။

ဂျီးကို ရည်စူး၍ (၂)နှစ်ပြည့် (၂၁-၃-၂၀၁၅)ရက်တွင် ရွှေပြည်သာမြို့နယ် ရတနာပန်းကုံးပရိယတ္တိစာသင်တိုက်မှ သံဃာတော်အပါး ၁၈၀တို့အား အရဏ် ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းရခြင်းကုသိုလ်၊ နေ့စဉ် လစဉ် ရည်စူးပြုလုပ်သော ဒါန သီလ ဘာဝနာကုသိုလ် ကောင်းမှုအစုစုတို့ကို ဂျီးနှင့်တကွ ကြားကြားသမျှ အားလုံးတို့အား အမျှပေးဝေပါ၏၊ အမျှ-အမျှ-အမျှ…

တင်ဝင်းရည်

စာရေးဆရာ၊ တက္ကသိုလ်ကျောင်းဆရာ

ဆရာဦးကျော်ဇောနိုင်သို့ (၂)နှစ်ပြည့်အလွမ်း

ဘဝမှာ … အလွမ်းဆိုတာ လုပ်ယူလို့ မရတဲ့အရာ
ဘဝမှာ… အသက်ရှင်ပြီး နာမည်သေတဲ့သူနဲ့.
အသက်သေပြီး နာမည်ရှင်တဲ့သူ ဒီနှစ်မျိုးမှာ.
ရန်ကုန်တက္ကသိုလ် အင်းဝအဆောင်မှူး (၁၉၈၈-၁၉၉၈)
ဆရာ ဦးကျော်ဇောနိုင်ဆိုတာ အသက်သေပေမယ့် နာမည်ရှင်သူ
ကိုယ်ကျင့်တရားနဲ့သိက္ခာတရားကိုဘယ်လိုခေတ်မျိုးမှာဖြစ်ဖြစ် လွှတ်မချခဲ့သူ
မိုးခါးရေမသောက်ခဲ့သူ၊ ဥပဒေပညာကို ရင်နဲ့ထုဆစ်ပြီး
လောကထဲပျံ့သန်းတတ်အောင် ပို့ချသင်ကြားပေးခဲ့သူ ဆရာ့အား
နေ့စဉ်နှင့်အမျှ…
တပည့်တွေ လွမ်းဆွတ်နေတယ်ဆိုတာ ပြောပေးပါ။
နောက်ဘဝများစွာအထိ သတိရခြင်းကို ကျွန်တော်တို့ ပိုင်တယ်။

နရီ(မြိတ်)နှင့် ၁၉၈၄-၁၉၉၂ခုနှစ် အင်းဝဆောင်ကျောင်းသားများ

ဝမ်းနည်းကြေကွဲခြင်း

Capt. ရှိန်ဟုန်ထွန်း

ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အသက်(၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ဦးအောင်ကိန်းလမ်းသွယ်၊ အမှတ် ၉၉-E(1)နေ ဒေါ်အင်လွန်းကျိန်၏ချစ်လှစွာသောခင်ပွန်း ဦးရှိန်ဟုန်ထွန်းသည် ၁၉-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ထားဝယ်မြို့

ခရစ်တော်၌အိပ်ပျော်ခြင်း

စောဆဲဂေး(ခ)

Saw Victor Ohn Ba (ခ)

အန်းကူးဖိုး

အသက်(၅၀)

စောဒေးဗစ်အုံးဘ-ဒေါ်နိုနာအုံးဘ တို့၏သား၊ စောတင်နဆင်ထွန်း-ဒေါ် ပက်စီထွန်း၊ စောဘင်တန်ထွန်း-ဒေါ် ဂျက်စမင်၊ စောမော်တေလ-ဒေါ်မိုနာ၊ (စောထွန်းလှစိန်)-ဒေါ်လူးနာ၊ မစ္စတာ ကက်နက်မိုင်းနပ်စ် - ဒေါ်ခရစ်တီးနာ တို့၏တူ၊ စောကိုကိုထွန်း-ဒေါ်ဝင်းမင်း အေး၊ နော်ပထရစ်ရှာထွန်း၊ စောရော ဘတ်လှ-နော်ထက်ရေစီထွန်း၊ ဆရာ သန်းအောင်ထွန်း-နော်တေးတေး၊ စော အယ်ဗလု-နော်ချိုချိုဝင်း၊ ဘရိုင်ယံ စိန်-ကေသီစိန်၊ စောဟေဗလု-နော် ညိုမီဦးတို့၏အစ်ကို၊ တူ၊ တူမ ၁၁ ယောက်တို့၏ဦးလေးသည် ၁၉-၃-၂၀၁၅ရက်(ကြာသပတေးနေ့)ည၈း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ သဖြင့်၂၂-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်ပါ မည်။ (ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ်မြို့တော်နေအိမ်မှ မွန်းလွဲ ၁း၃၀နာရီနှင့် ဦးလူနီလမ်း၊ ကရင် အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင် မြို့နယ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဒေါက်တာဦးဘုန်းဆိုင်

M.B.,B.S (Yangon),

D.P & T.M, M.Sc. O.M

(Singapore)

အသက်(၇၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ ရတနာပုံလမ်း၊ အမှတ် ၁၃ နေ (ဦးထွန်းမောင် - ဒေါ်တင်ကြည်) တို့၏သားကြီး၊ ဦးကံမြင့်-ဒေါ်ကျင် သန်း(USA)တို့၏မောင်၊ ဦးခင်မောင် ဝင်း-ဒေါ်လှိုင်လှိုင်အေး၊ ဦးအောင်ရီ-ဒေါ်ခင်ခင်ဥ၊ ဦးကျင်ဌေး-ဒေါ်ထူးထူး၊ ဒေါ်သန်းသန်းဝင်း၊ဦးသန်းထိုက်-(ဒေါ် မင်းမင်းအိ)၊ ဦးအေးသိန်း-ဒေါ်စန်း စန်းရီ၊ ဦးစိုးမြင့်-ဒေါ်ခင်စန်းလွင်တို့၏ အစ်ကိုကြီးသည် ၂၀-၃-၂၀၁၅ရက် (သောကြာနေ့) နံနက် ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူး ကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွား ပါသဖြင့် ၂၂-၃-၂၀၁၅ရက်(တနင်္ဂနွေ နေ့) ညနေ ၄နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ် မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာ ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး

ဒေါ်လှခင် (သိန်း-အထည်စက်၊ ဝမ်းတွင်းမြို့)

အသက်(၉၃)နှစ်

